

တက္ကသိုလ်
နေလင်းအောင်
Naing Lin
အလွမ်းကန္တာစားသမား
ကျင်းယုံ၏ ဝေဆာန်းတောင်း
ဒုတိယတွဲ
(တတိယသိမ်း)
PREPARED BY

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

တက္ကသိုလ်

# နေလင်းအောင်

---

## အလွမ်းကန္တာဓားသမား

(ဒုတိယတွဲ ဓာတ်သိမ်းပိုင်း)

## အခန်း (၃၀)

### တန်ဆောင်တောင်းသည့် ဘူရဲကောင်း

ကျောက်ဓားရှင်နှင့် ကန္တာရ ဓားသမားတစ်ဦးသည် လည်းကောင်း၊ ဓားနှစ်လက်နှင့် ကန္တာရသမား တစ်ဦးသည် လည်းကောင်း ယှဉ်ပြိုင် တိုက်ခိုက်နေကြလေသည်။

ကန္တာရ ဓားသမားနှစ်ဦးက ဓားရေး ကောင်းသလို ကျောက်ဓားရှင်နှင့်ဓားနှစ်လက်တို့ကလည်း ဓားစွမ်းထက်ကြသည်။

သူတို့သည် ဓားကွက်ပေါင်း တစ်ရာ့လေးဆယ်အထိ တိုက်ခိုက်ကြရာ လျော်ချန်းသည် ကျောက်ဓားရှင်တို့၏ ဓားစွမ်းကို အသိအမှတ်ပြုရလေသည်။

သို့သော်...

ကျောက်ဓားရှင်နှင့် ဓားနှင်လက်တို့မှာ ရေရှည်တိုက်ပွဲတွင် ကန္တာရ **ဓားသမား**များကို မယှဉ်ပြိုင်နိုင်ကြပါ။ သူတို့သည် အကွက် တစ်ရာ့လေးဆယ်ကျော်သောအခါ ဓားများ လွတ်ထွက်သွားကြပါသည်။

"ထန်"

"ချလွမ်း...ချွမ်း"

"ကဲ...ဘယ့်နှယ်တတ်နိုင်သေးသလဲ"

ကန္တာရ**ဓားသမား** တစ်ဦးကပြောသည်။

ကျောက်**ဓားရှင်**က ပခုံးတွန့်ပြီး ပြောသည်။

"ဘာမှမတတ်နိုင်ပါဘူး၊ ခင်ဗျားတို့သဘောပဲလေ၊ သတ်ရင်လဲ သေရတော့မှာပဲ"

ဓားနှင်လက်သည်လည်း စိတ်လျှော့လိုက်ဟန်ဖြင့် ထိုင်နေလိုက်သည်။

လျော်ချန်းက...

"ကဲဟော့၊ ဟန်ဝမ် လူစွမ်းကောင်းတွေကို ရဲတိုက်အောက်က အချုပ်ခန်းထဲ ထည့်လိုက်ပေတော့"

လျော်ချန်း၏စကားကိုကြားသောအခါ ဓားသမားနှစ်ဦး မျက်နှာပျက်သွားသည်။ ထိုအခန်းမှာ ယခင်က သူတို့အသုံးချခဲ့သော အကျဉ်းခန်းဖြစ်သည်။



သူတို့နှိပ်စက်လိုသည့် အကျဉ်းသားများကို ထည့်ခဲ့ကြသည်။ ယခုသူတို့အလှည့် ပြန်ကျရောက်လေပြီ။

ကန္တာရဓားသမားများသည် ကျောက်ဓားရှင်တို့ကိုကြိုးများတုပ်၍ အကျဉ်းခန်းသို့ခေါ်ဆောင်လာသည်။

ဘိုးသက်ပြင်း ဝါတန်းစု က ကန္တာရဓားသမား ခေါင်းဆောင်ငယ်များအား လှမ်းမှာ၍အမိန့်ပေးသည်။

"ဟေ့...လူစွမ်းကောင်းကြီးတွေကို အချုပ်ခန်းထဲထည့်ရင်တော့ ကြိုးတွေဖြေပေးလိုက်ကြပါ"

အခန်းထဲ၌ လျော်ချန်း၊ ဝါတန်းစုနှင့် စီလူရိန်တို့သာ ကျန်ရစ်ခဲ့တော့သည်။

ဝါတန်းစုက တောင်းပန်သည်။

"မြို့စားကြီးလျော်ချန်း မင်္ဂလာရှိတဲ့မနက်မှာ အခုလို အနှောင့်အယှက် ဖြစ်သွားရတာကို ကျုပ်စိတ်မကောင်းပါဘူး"

"ကိစ္စမရှိပါဘူးဗျာ၊ ဒီလိုတိုက်ရခိုက်ရတာမျိုးဟာ ကျွန်တော့်အတွက် ဘာမှမဆန်းတော့ပါဘူးဗျာ၊ ကျွန်တော်က အဘကို ကျေးဇူးတင်နေတာပါ"

"ဟဲ့...ဘာများလဲ"

"ဟောဒီ ကျွန်တော့်ဇနီးချောကလေးကို ရှာပေးခဲ့လို့ပေါ့ဗျ"

"ဟဲ....ဟဲ....ဟဲ.... ဒါကတော့ ကိုယ့်မြို့စားအကြောင်း ကိုယ်သိနေတယ်လေ၊ ကျုပ်က အသက်ရှစ်ဆယ်ကျော်ပါပြီ၊ အတွေ့အကြုံကတော့ မပြောနဲ့တော့၊ ကိုယ့်မြို့စားက မိန်းကလေးအပေါ်မှာ ဘယ်လိုသဘောထားတယ် ဆိုတာကို သိနေတာပဲ"

"တော်ပါပေတယ်ဗျာ"

"ဒါကြောင့် ကန္တာရလူကြီးတွေနဲ့တိုင်ပင်ပြီး ဒီကိစ္စကို အကောင်အထည် ဖော်ခဲ့တာပါ"

ဘိုးသက်ပြင်း ဝါတန်းစုက မျက်စောင်းထိုးလျက် ကြည့်နေသော စီလူရိန်အား တွေ့သွားလေ၏။ သူသည် အရှိန်သတ်ကာ....

"ကဲ....ကဲ....မြို့စားကြီးတို့ ဇနီးမောင်နှံ စိတ်ချလက်ချသာ နေကြပါတော့၊ မြို့စားကြီးတို့ကို ဘယ်လိုမှ မနှောင့်ယှက်တော့ပါဘူး၊ ကျုပ်ရဲတိုက်ဘက်ကို သွားလိုက်ဦးမယ်"

လျော်ချန်းကမူ ပြုံးလျက် ကျန်ရစ်နေလေ၏။

လျော်ချန်းက စီလူရိန်အား ကြည့်လိုက်ရာ စီလူရိန်က လျော်ချန်းအား မျက်စောင်း ထိုးလိုက်၏။

"ဘာဖြစ်လို့ မျက်စောင်း ထိုးနေရတာလဲ"

"မုန်းလို့ပေါ့"

"ဟော....မုန်းတယ်ဟုတ်လား"

"ဟုတ်တယ်၊ မုန်းတယ်"



"ဒါဖြင့် ဟို သူရဲကောင်းနှစ်ယောက်ခေါ်တော့ ဘာဖြစ်လို့ လိုက်မသွားတာလဲ"

"ရှင်....ရှင် သိတယ်ဟုတ်လား"

စီလူရိန် မျက်နှာကလေး နီမြန်းသွား၏။ ရှက်သွေးတက်သွားခြင်း ဖြစ်သည်။

"သိတာပေါ့၊ ကြားနေရတာပဲ"

"အို....ရှင် အကြောပိတ်ခံထားရတာပဲ၊ လှုပ်တောင် မလှုပ်နိုင်ဘူး မဟုတ်လား"

"ဟား....ဟား....ဟား"

လျော်ချန်းက တဟားဟား ရယ်နေသဖြင့် စီလူရိန်မှာ မနေတတ် မထိုင်တတ် ဖြစ်နေသည်။

"ဘာဖြစ်လို့ ရယ်နေရတာလဲ"

လျော်ချန်းက ရယ်ကာ တစ်ဝက်ဖြင့် ဖြေသည်။

"အကြောပိတ်တဲ့လူဟာ သေသေချာချာ မပိတ်ရတော့ ကျုပ်အကြောဆုံကို မပိတ်မိပါဘူး၊ ကျုပ်က ဟန်ဆောင်ပြီး အကြောပိတ်သယောင် အိပ်လိုက်တာပါ၊ ကိုယ့်ဇနီးလေးရဲ့ စိတ်ကို စမ်းချင်တာလဲ ပါတာပေါ့"

"ဟင်....ကြည့်စမ်း"

စီလူရိန်မှာ မျက်နှာလေး နီရဲသွားသည်။

"မင်းတို့ပြောနေတာတွေ အကုန် ကြားတယ်၊ မင်းကို ခေါ်တော့ မင်း မလိုက်ဘဲ ငြင်းဆန်နေတာလဲကြားတာပဲ၊

မင်းကို အကြောပိတ်တာလဲ သိတာပဲ၊ ဒီကောင်တွေကို ကျုပ် အချိန်မရွေး တားဆီးနိုင်မှန်း သိထားတော့ ကျုပ် ကြည့်နေခဲ့တာပဲ"

"အို...ရှင်ဟာ တော်တော်တတ်နိုင်တယ်"

စီလူရိန်သည် လျှော်ချန်းကို တဘုန်းဘုန်းနှင့် ထုလေတော့သည်။

★

## တခန်း (၃၁)

### ချိတက်သောခြင်း

စီလူရိန်က....

"ဒါဖြင့် ဟို ကန္တာရလူကြီး ဝါတန်းစုက အကြောဖွင့်ပေးတော့ ဘာဖြစ်လို့ သတိရလာတာလဲ"

"ဟဲ-ဟဲ-ဟဲ...ဒါလား"

"ပြောလေ....အဲဒါ ဘာဖြစ်လို့လဲ"

"သူက ကိုယ် အကြောပိတ်ချင်ယောင်ဆောင်နေတာကို သိတယ်၊ သူ့ကို ကိုယ်က ပြုံးပြလိုက်တော့ သဘောပေါက်

သွားတယ်၊ အဘဝါတန်းစုဟာ အတွေ့အကြုံများတဲ့ လူဖြစ်လို့ အင်မတန် အကင်းပါးတယ်၊ သူက ဟန်ဆောင်ပြီး အကြောဖွင့်ပေးတာပါ”

စီလူရိန်က နှုတ်ခမ်းကလေးစူ၍ ပြောနေလေ၏။

“အင်း....တော်တော်လဲတတ်နိုင်တဲ့ အဘိုးကြီးပဲ”

“အခုလဲ သူ အလိုက်တသိ ထွက်ခွာသွားတာပဲ”

“အို....”

လျော်ချန်းသည် စီလူရိန်ကို ရင်ခွင်ထဲသွဲ့ထည့်လေတော့သည်။

“နေပါဦး....ကျွန်မပြောပါရစေဦး”

“ဘာပြောမလို့လဲ”

“ကျောက်ခေါးရှင်နဲ့ခေါးနှစ်လက်တို့ဟာ ဖေဖေ့အပေါ် သိပ်သစ္စာရှိပါတယ်၊ သူတို့ကို မသတ်ပါနဲ့၊ ချုပ်နှောင်ရုံပဲ ချုပ်နှောင်ထားပါ၊ အရေးကိစ္စတွေပြီးရင် သူတို့ သွားချင်ရာကို သွားပါစေ”

လျော်ချန်းသည် စဉ်းစားပြော၏။

“အင်း.... သစ္စာရှိ ခေါးသမားဆိုရင်တော့ ခပ်မြန်မြန် သတ်ပစ်သင့်တာပဲ၊ ကိုယ့်ဇနီးလေးရဲ့စကားဆိုတော့ ကိုယ်



ပယ်ရှား မဖြစ်လို့ သူတို့ကို ချုပ်ထားဖို့ပဲ အမိန့်ပေးလိုက်ပါ့မယ်”

လျော်ချန်းသည် စကားဆုံးသည်နှင့် စီလူရိန်ကို ဖက်ပြီး မွှေးကြူလေတော့၏။

* * *

ကျင်ကျွမ်းမြို့စား တိန်စိန်ဟုတ်သည် ဟန်ဝမ်မြို့စား စီတန်ကိုးကို ကတိပေးထားသည့် အတိုင်း သူ၏ ရဲမက်ထောင်တပ်ကြီးဖြင့် ချီတက်လာလေ၏။

ရဲမက်တော်များ၏ဝတ်စုံမှာ အပြာရောင်ဝတ်စုံ ဖြစ်၏။

ရှေ့ဆုံးမှ ခရမ်းရောင်ဝတ်စုံကိုဝတ်သင်ပြီး အနက်ရောင်ဝတ်စုံကြီးကို လွှမ်းခြုံထားသူမှာ လွန်စွာ ခန့်ညားလှသည်။

ထိုသူမှာ မြို့စားကြီး တိန်စိန်ဟုတ်ပေတည်း။

သူသည် မြင်းဖြူကြီးကိုစီး၍ ချီတက်နေပေသည်။

မြင်းစီးစစ်သည်တော်များမှာ လေးရာခန့်ရှိ၍ ကျန်သည့် ခြေလျင်စစ်သည်ရဲမက်များမှာ ခြောက်ရာခန့်ရှိသည်။

ထိုခြောက်ရာမှာ လက်နက်မျိုးစုံ ကိုင်ဆောင်ထားသည်။

လေးမြှားကိုင်စွဲသော စစ်သည်တော်တစ်ရာ၊ လှံတံကိုင်စွဲသည့် ရဲမက်တော် တစ်ရာ၊ ကျန်သော ရဲမက်လေးရာမှာ ဓားကိုယ်စီ ကိုင်ဆောင်ထားကြသည်။

မျှားပြားလှသည့်တပ်ကြီး ချီလာခြင်းကြောင့် ခရီးလမ်းတစ်လျှောက်၌ မြင်းခွာသံတဖြောင်းဖြောင်း၊ ဖုန်တထောင်းထောင်း ထနေလေ၏။

အပြာရောင်ဝတ်စုံဝတ် တပ်ကြီးကား ရှည်လျားလွန်းလှသည်။

ထိုတပ်ကြီးသည် ဟန်ဝမ်မြို့ဆီသို့ ဦးတည် ချီတက်သွားလေသည်။

တစ်ဖက်တွင်လည်း ဟန်ဝမ်မြို့စား စီတန်ကုံး၏ ရဲမက်တော်များ အပြင်းချီတက်လာလေသည်။

ထိုစစ်သည်တော်တို့၏ ဝတ်စုံမှာအနီရောင်ပင် ဖြစ်သည်။ တပ်သားအင်အားက နည်းပါလှသည်။ နှစ်ရာခန့်သာရှိသေသည်။

မြို့စားကြီး စီတန်ကုံးကား အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ အစိမ်းရောင်ဝတ်ရုံကြီးကို ခြုံထား၏။

သူသည်လည်း တပ်ဦးမှ ချီတက်လာသည်။



ထိုတပ်နှစ်တပ်သည် ဟန်ဝမ်မြို့သို့မရောက်မီ လမ်းခုလတ်တွင် ပေါင်းစည်းမိကြ၏။

ထို့ကြောင့် တစ်ထောင့်နှစ်ရာတိတိရှိသော တပ်ကြီး ဖြစ်သွားသည်။

တိန်စိန်ဟုတ်နှင့် စီတန်ကုံးတို့၏ နှစ်တပ်ပေါင်း တပ်မကြီးသည် ဟန်ဝမ်မြို့သို့ ဆက်လက် ချီတက်ခဲ့လေ၏။မကြာမီ ဟန်ဝမ်မြို့ရိုးကို မြင်ရသည့်နေရာသို့ ရောက်ရှိလာတော့သည်။

"မိတ်ဆွေ တိန်စိန်ဟုတ်၊ ဒီနေရာမှာပဲ တပ်ကိုရပ်ခိုင်းလိုက်ပါ"

"ဘာဖြစ်လို့လဲ စီတန်ကုံးရဲ့"

တိန်စိန်ဟုဘ်က မေးမြန်းလေ၏။

စီတန်ကုံးက....

"တပ်ကိုရှေ့ကိုသိပ်ချီတက်လို့မဖြစ်ဘူး၊ဆူးတွေ၊ ထောင်ချောက်တွေ ဆင်ထားနိုင်တယ်၊ ဒီကန္တာရသားတွေဟာ သိပ်ကောက်ကျစ်တယ်၊ဒီနေရာမှာတပ်စွဲထားရင်လုံလောက်ပါပြီ၊ သူတို့ကို မြင်နေရပြီပဲ မိတ်ဆွေ"

တိန်စိန်ဟုတ်က ထိုစကားကို လက်ခံ၏။

"ကောင်းပြီလေ၊ မိတ်ဆွေက ကန္တာရသားတွေနဲ့ဆက်ဆံနေကျဆိုတော့ သူတို့အထာတွေကို ကောင်းကောင်း သိနေမှာပဲ၊ ဒီကန္တာရသားတွေဆီကို ခင်ဗျားရဲ့မက်တော်တစ်ယောက် ကျုပ်ဆီက ရဲမက်တော်တစ်ယောက် နှစ်ယောက်ပေါင်းပြီး ရာဇာသံသွားပို့ခိုင်းရမယ်"

"လုပ်လိုက်လေ"

ထိုအချိန်၌ ကန္တာရသားများကလည်း မြို့ရိုးပေါ်၌ စောင့်ရှောက်နေသည်ဖြစ်ရာ အပြာရောင်တပ်ကြီးနှင့် အနီရောင်တပ်ကြီးကို မြင်နေရသည်။

သူတို့သည် လျော်ချန်းနှင့်ဘိုးသက်ပြင်းတို့ကိုသွားရောက်အစီရင်ခံ တင်ပြကြ၏။

ဘိုးသက်ပြင်းသည် မြို့စောင့်တပ်သား ကန္တာရသားများကို ခွဲခြမ်းပြီးနေရာချထားပေးလေ၏။

လျော်ချန်းကမူ မြို့ရိုးပေါ်မှနေ၍ ရန်သူတပ်ကြီးကို လက်ပိုက်၍ ကြည့်ရှုနေလေ၏။

ဘိုးသက်ပြင်းသည် လေးသည်တော် တပ်စုအား အထူးမှာကြားနေသည်။



ပထမအရေးကြီးဆုံးတစ်မှာ လေးသည်တော်တပ် ဝင်မဟုတ်ပါလော....

"လေးသည်တော်ဟာ စိတ်ရှည်ရှည် စောင့်ကြပ်ဖို့ပဲ၊ လေးသည်တော်ဟာ မိမိရဲ့ပစ်ကွင်းအတွင်း ဝင်လာတဲ့ ပစ်မှတ်ကို လက်လှမ်းမီ ပစ်ခတ်နိုင်ဖို့ လိုအပ်တယ်၊ လေးသည်တော် အများစုဟာ မိမိရဲ့မြားတံကိုပဲ အဆုံးအရှုံးခံကြတယ်၊ မြားတစ်စင်း ရန်သူတစ်ယောက်ဆိုတဲ့ လေးသည်တော်ကတော့ တကယ်ရှားဘယ်၊ မိမိရဲ့မြားတံကို တန်ဖိုးထားပါတယ်၊ ဒီတစ်ခါရန်သူအင်အားများတယ်၊ ဂရုစိုက်ကာကွယ်ကြ"

"စိတ်ချပါ၊ ကျုပ်တို့ ဂရုစိုက်ပါ့မယ်"

"အေး....အေး၊ မြားတံတွေကိုလဲ အနီးအပါးက အကူတပ်တွေကို မှာထား၊ အကူတပ်တွေကလဲ မြားတံတွေကို သယ်ပေး"

အကူတပ်သားများကလည်း ကတိပေးသည်။

"စိတ်ချပါခင်ဗျာ၊ ကျုပ်တို့ သယ်ပေးပါ့မယ်"

ဘိုးသက်ပြင်းသည် ရေနွေးပူလောင်းအဖွဲ့၊ ချော်ရည်ပူလောင်း အဖွဲ့များအားလည်း မီးမပြတ်ထိုးရန် သတိပေးသည်။

"မင်းတို့လဲအရေးကြီးတာပဲ၊ မြို့ရိုးနား ကပ်လာတဲ့အခါ မင်းတို့အဖွဲ့ဟာ အရေးအကြီးဆုံး ဖြစ်သွားပြီ၊ သူတို့ကို လောင်းဖို့ရေနွေးပူ၊ ချော်ရည်ပူတွေဟာ ရေခဲရေ ဖြစ်မနေဖို့ အရေးကြီးတယ်"

ဘိုးသက်ပြင်း၏နောက်၌ မြို့စားလျော်ချန်းရောက်ရှိလာသည်။

သူက....

"စစ်ဆိုတဲ့သဘောတရားဟာ အင်အားများတယ် နည်းတယ်မဟုတ်ပါဘူး၊ လုပ်ရည်ကြံရည်သာအဓိကဖြစ်တယ်၊ သူတို့အင်အားအများကြီးကိုမြင်ပြီးမင်းတို့ကြောက်ဖို့ မလိုဘူး"

ကန္တာရသားများကား ပြုံးလေသည်။

"မြို့စားကြီး ကျုပ်တို့က ကန္တာရသားတွေပါ၊ သေရမှာ ကြောက်တဲ့လူတွေမဟုတ်ပါဘူး"

လျော်ချန်းက ပထမဆုံးအကြိမ် ပြုံးလေ၏။

"အေး....ဒီစိတ်ဓာတ်ရှိထားတာ ကောင်းတယ်"

လျော်ချန်းနှင့် ဘိုးသက်ပြင်းသည် တောင်ဘက်သို့ဆင်းလာပြီး မလောက်လွှဲတပ်ဖွဲ့ကို စစ်ဆေးသည်။

လောက်လွှဲတပ်ဖွဲ့ စစ်သည်များကား ကြံ့ခိုင်လှ၏။



လောက်လွှဲများတွင် တင်ပစ်သည့် ကျောက်တုံးကြီးများမှာ လူဦးခေါင်း နှစ်လုံးစာရှိသည်။

ထိုလောက်စာလုံးဘိလျှင် တစ်ချက်တည်းနှင့် သေမည်သာ ဖြစ်သည်။ ထိုတပ်ဖွဲ့၏ အဓိကဘာဝန်မှာ လူသေရန်မဟုတ်ပေ။

ကျောက်တုံးကြီးများ တပ်ဖွဲ့များအပေါ်ကျပြီး တပ်များအပြိုပြိုအလဲလဲဖြင့် တပ်ပျက်စေရန် ဖြစ်သည်။

* * *

ထိုစဉ် မြို့ရိုးပေါ်မှ လှမ်းအော် အစီရင်ခံသည်။

"မြို့စားကြီး....မြို့ဆီကို မြင်းနှစ်စီး ဒုန်းစိုင်းစီးလာနေတယ်၊ တမန်တွေလားမသိဘူး"

ထိုအခါ လျော်ချန်းနှင့်ဘိုးသက်ပြင်းသည် မြို့ရိုးပေါ်သို့ တက်ကြည့်လေ၏။

များမကြာမီ ထိုလူနှစ်ဦးသည် မြို့တံခါးပေါက်အနီးသို့ ရောက်ရှိလာတော့သည်။ လျော်ချန်းက အချက်ပြလိုက်၏။

ထိုလူနှစ်ဦးကို အတွင်းသို့ သွင်းလာပြီး ဧလျာချုန်းရှိရာ မြို့ရိုးတက်သို့ ခေါ်လာ၏။

ထိုလူနှစ်ယောက်သည် ဝါတန်းစုလက်သို့ ရာဇသံကိုပေးအပ်လေသည်။ ထိုလူနှစ်ယောက်သည် တမန်အဖြစ် ဆောင်ရွက်ဖူးသူများဖြစ်၍ အလွန်မင် တင်းတင်းမာမာရှိသည်။

သူတို့၏ တပ်ကြီးများကလည်း ထောင်ချီရှိသည့်တပ်ကြီးဖြစ်နေသည်မဟုတ်လား၊ ဘိုးသက်ပြင်းက အော်ဟစ်ဖတ်ပြသည်။

"ကန္တာရသားများ သိရှိစေရန် ကျွန်ုပ်တို့ မြို့စားကြီးနှစ်ဦး ရာဇသံပေးလိုက်သည်။

"သင်တို့ မတရားဖမ်းဆီးထားသည့် ကျွန်ုပ်၏သားနှင့် သမီးကို ယခုရာဇသံ ရရှိက ချက်ချင်းလွှတ်ပေးရန်ဖြစ်သည်။

"သင်တို့ သုံ့ပန်းအဖြစ် ဖမ်းဆီးထားသည့် ဟန်ဝမ်စစ်သည် ရဲမက်များအား ချက်ချင်းလွှတ်ပေးရန်ဖြစ်သည်....

"ထို့ပြင်ကျွန်ုပ်၏သက်တော်စောင့်များဖြစ်သည့်ကျောက်ဓားရှင် ဖုဟင်နှင့် ဓားနှစ်လက် အင်ဟုတ်တို့ကိုလဲ ချက်ချင်းလွှတ်ပေးရန်ဖြစ်သည်....

"အကယ်၍ ကျွန်ုပ်တို့၏ရာဇသံကို သင်တို့ မလိုက်နာခဲ့သော် ကျွန်ုပ်တို့ မြို့စားနှစ်ဦး၏ တပ်နှစ်တပ်ဖြင့် ချေမှုန်းတိုက်ခိုက်မှုကို ခံရလိမ့်မည်....



"ထိုအခါ သင်တို့ ကန္တာရသားများသည် ကလေးလူကြီး တစ်ဦးမကျန် သုတ်သင်သတ်ဖြတ်ခြင်း ခံရလိမ့်မည်ဖြစ်ကြောင်း သိစေလိုက်သည်....

ကျင်ကျွမ်းမြို့စားကြီး တိန်စိန်ဟုတ်။

"ဟန်ဝမ်မြို့စားကြီး စီတန်ကုံး"

ဝါတန်းစုသည် ရာဇသံဆုံးသွားသောအခါ ဧလျာချုန်းကို ကြည့်လိုက်သည်။ ဧလျာချုန်းသည် အံကို တင်းတင်းကြိတ်ထားသည်။

"မြို့စားကြီး ဘယ်လိုဆုံးဖြတ်မလဲ"

"တောင်း"

ဧလျာချုန်းထံမှ အဖြေစကားမထွက်ပါ၊ တက်ခေါက်သံသာ ထွက်လာပါသည်။

"လူဝါးဝတဲ့ ရဲမက်နှစ်ကောင်ကို သတ်ပစ်"

ဝါတန်းစုက အမိန့်ပေးလိုက်ခြင်းဖြစ်သည်။ ဝါတန်းစုသည် အရိပ်ပြအကောင်တွင်တတ်သူမဟုတ်ပေ။ တက်ခေါက်သံကြားကတည်းက ဧလျာချုန်း၏ စိတ်ဆန္ဒကို သူ သိလိုက်ပေပြီ။

ထို့ကြောင့် သူကအမိန့်ပေးခြင်းဖြစ်သည်။

ဝါတန်းစု၏သတ်မိန့်ကို အကောင်အထည်ဖော်သူများမှာ လေးသည်တော်များဖြစ်သည်။ လေးသည်တော်များသည် လေးကိုဆွဲပြီး မြားများကို ဖစ်လွှတ်သည်။

"ရွှီး....ရွှီး"

"အင်း"

"အင်း"

ရဲမက်နှစ်ဦးသည် ထိုမျှသာ အော်နိုင်သည်။ မြို့ရိုးပေါ်မှ ဇောက်ထိုးမိုးမျှော်ကျသွားလေသည်။

ထိုမြင်ကွင်းကို အောက်၌ရှိနေသော ကျင်ကျွမ်းစစ်တပ်ကြီးနှင့် ဟန်ဝမ်စစ်တပ်ကြီးတို့က မြင်ကြသည်။

မြို့စားကြီး တိန်စိန်ဟုတ်နှင့် စီတန်ကုံးတို့လည်း မြင်ကြသည်။ သူတို့သည် ဆွေ့ဆွေ့ခုန် ဒေါသဖြစ်ကြရတော့၏။

"တောက်....အရိုင်းအစိုင်းတွေ"

"တမန်ကိုမသတ်ရဘူးဆိုတာတောင် ဒီကောင်တွေ မသိကြဘူး"

"ဒါ....ကျုပ်ကို တမင်စိန်ခေါ်တာပဲ"

တိန်စိန်ဟုတ်၏ဒေါသများမှာ ပို၍ပို၍ ပေါက်ကွဲလာတော့သည်။



"တိုက်မယ်၊ ဒီကောင်တွေကို စိစိညက်ညက်ကြေအောင်ကို ခြေပစ်ရမယ်"

မြို့စားကြီးတိန်စိန်ဟုတ်သည် လက်ဝါးထဲသို့ လက်သီးထိုးသွင်းရင်း ပြောလိုက်လေသည်။ စီတန်ကုံးကား ထိုသို့ဖြစ်လာလိမ့်မည်ဟု သိရှိပြီးဖြစ်သည်။ ကြိုတင်မျှော်လင့်ပြီးဖြစ်သည်။

"ဟုတ်တယ်၊ဒီကောင်တွေ လူဝါးဝလွန်းတယ်၊ဒီကောင်တွေကို မှတ်လောက်သားလောက်အောင် ဆုံးမရမယ်"

ဤသို့ဖြင့် ကျင်ကျွမ်းတပ်မကြီးနှင့် ဟန်ဝမ်တပ်မကြီးတို့သည် တိုက်ခိုက်ရန် နှိုးဆော်ပြီး လှုပ်လှုပ်ရွရွဖြစ်သွားကြလေသည်။

"ကန္တာရသားတွေကို တိုက်မယ်၊အသင့်ပြင်"

"ချီတက်မယ် အသင့်ပြင်"

အော်ဟစ်သံများသည် ဆူညံသွားသည်။

ထိုသို့ ကျင်ကျွမ်းတပ်ကြီးနှင့် ဟန်ဝမ်တို့ လှုပ်လှုပ်ရှားရှားဖြစ်နေသည်ကို လျော်ချန်းနှင့် ဝါတန်းစုတို့သည် မြို့ရိုးပေါ်မှ ကြည့်ရှုနေကြသည်။

လျော်ချန်းက....

"သူတို့ တိုက်ကြတော့မယ်နဲ့တူတယ်"

"မြန်မြန်လာ မြန်မြန်သွားကြတာပေါ့"

"လာပါလိမ့်စေ"

ဝါတန်းစု အမိန့်ပေးသဖြင့် ကျင်ကျွမ်းမြို့စားသား တိန်စွန်ချန်အား ကန္တာရသားနှစ်ဦးက ကြိုးတုပ်ခေါ်ဆောင်လာခဲ့လေသည်။ တိန်စွန်ချန်မှာ မဝရေစာ စားသောက်နေရသဖြင့် အတော်ပင် ပိန်ချုံးနေရှာလေပြီ။

"ကဲ....သူ့ကိုမြို့ရိုးပေါ်အကာအကွယ်မဲ့တဲ့နေရာမှာ တင်ထား၊ ကောင်းကောင်းကြိုးနဲ့ချည်၊ နောက်ထပ် ငါခေါ်ခိုင်းထားတဲ့ လူတွေလဲ ရောက်လာပြီလား"

ဝါတန်းစု နောက်ထပ်ခေါ်ခိုင်းသူများ ဆို သည် မှာ ဟန်ဝမ်သား ရဲမက်စစ်သည်တော် သုံ့ပန်းများ ဖြစ်လေသည်။

သူတို့အားလုံး မဝရေစာစားကြရသဖြင့် အင်အားချည့်နဲ့နေကြသည်။

"ဟား....ဟား....ဟား၊ ငါခေါ်ထားတဲ့ ရဲ မက် တွေ ရောက်လာပြီဟား၊ လာကြစမ်း၊ လာကြပါ၊ ဟန်ဝမ်ရဲမက်တွေ သူတို့ရဲ့ မြို့စားသခင်ကြီး စီတန်ကုံးကို အလွမ်းပြေကြည့်ရှုနိုင်မှာ"

ထိုရဲမက်များကို မြို့ရိုးပေါ်၌ ချည် နှောင် ပြီး သော အခါ....



"တစ်ဦး လိုနေသေးတယ်ထင်တယ်"

"ဘယ်သူများပါလိမ့် အဘဝါတန်းစု"

လျော်ချန်းက ပြောလိုက်၏။

"မြို့စားကတော် စီလူရိန်ဆိုတဲ့ မိန်းကလေးလေ၊ ဟဲ.... ဟဲ...."

လျော်ချန်းမှာ မျက်နှာပျက်သွား၏။

"သူက ကျုပ်ဇနီးပဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် မိန်းကလေးက ဟန်ဝမ်ပဲလေ"

"ဟန်ဝမ်ဆိုတာနဲ့ သူ့ကိုအကျဉ်းသားတွေနဲ့တန်းတူ မြို့ရိုးပေါ်မှာ ကြိုးနဲ့တုပ်ထားရမှာတဲ့လား"

လျော်ချန်း၏ စကားသံသည် အနည်းငယ် တင်းမာသွားလေ၏။

ဝါတန်းစုသည် သူ့စကားကို အနည်းငယ် လျှော့ချလိုက်သည်။

"ကျုပ်က အဲဒီလိုဆိုလိုတာ မဟုတ်ပါဘူး မြို့စားရယ်"

"အဲဒီလို မဆိုလိုရင် ဘယ်လိုဆိုလိုတာလဲ"

"ကျုပ်ဆိုလိုတာက ဒီမိန်းကလေးကို သိမ်းပိုက်လိုက်ပြီး မင်းတို့ ဘာတတ်နိုင်သေးသလဲလို့ ပြသရမယ်လို့ ဆိုလိုတာပါ၊ လက်စားချေတယ်ဆိုတာ အဲဒီလိုမှ ကောင်းတာပါ"

လျော်ချန်းသည် အတန်ကြာ စဉ်းစားနေ၏။ သူသည် စီလူရိန်အား သိမ်းပိုက်ခြင်း မဟုတ်ပေ။

မိန်းကလေးကိုဇနီးမယားအဖြစ် ကြင်ကြင်နာနာ ပေါင်းနေခြင်းသာ ဖြစ်သည်။

စီလူရိန်ကလည်း ဤသည်ကိုသိရှိ၏။

★

## အခန်း (၃၂)

### ခေါးစာခံပြသပွဲ

ဝါတန်းစု၏ သဘောက ရှင်းနေသည်။

ရန်သူသမီးဖြစ်သဖြင့် ဤသို့ ကြင်ကြင်နာနာ မရှိစေချင်ပေ။

ရန်သူအား လက်စားချေသလို စီလူရိန့် စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်စေချင်၏။

ယခုတော့ လျော်ချန်းက မိန်းကလေးကိုမြို့စားကတော်တစ်ဦး၊ ဇနီးမယားတစ်ဦးသဖွယ် ကြင်ကြင်နာနာ ပေါင်းနေသဖြင့် ဝါတန်းစု စိတ်ပျက်နေသည်။

ဤသည်ကို လျော်ချန်းကလည်း ရိပ်မိ၏။

သို့သော်...

ချစ်သူကို ချစ်သူလိုမဆက်ဆံဘဲ ရန်သူလို သူ မဆက်ဆံနိုင်ပေ။

လျော်ချန်းက....

"သူ့ကိုဒီမြို့ရိုးပေါ်ခေါ်လာရင် သူစိတ်ဆင်းရဲသွားမှာကို ကျုပ်စိုးရိမ်နေတယ်"

ဝါတန်းစုက ပြုံးလိုက်၏။

"မြို့စား စိတန်ကူး ဒေါသနဲ့ပေါက်ကွဲသွားတဲ့ အမူအရာတို့ကို ကန္တာရသားများ မြင်လိုတယ်လေ၊ နောက်ပြီး ဟန်ဝမ်ကွေ့ကို အနိုင်ရယူရတာ အရသာပါမြို့စား"

လျော်ချန်းသည် စိတ်မသက်မသာ ခေါင်းညိတ်နေရ၏။

လျော်ချန်းသည် ဝါတန်းစု၏ စိတ်ထားကို မကြိုက်ပေ။ သူသည် ဒေါသအလျောက်သာ မတရားမှုတို့ ပြုမိမည် ဖြစ်သော်လည်း ပုံမှန်အခြေအနေတွင် မတရားမှုကို မပြုလုပ်ပေ။

သူ့စိတ်ထဲ၌ ဟန်ဝမ်၊ ကန္တာရသားဟု ခွဲခြားမနေပေ။ ဝါတန်းစုကတော့ တကယ့်ကန္တာရသား ပီသ၏။ ကန္တာရသား အတွေးသာ တွေးသည်။



"ကောင်းပြီလေ၊ ဒီလိုဆိုရင် ကျုပ်ဇနီးကို သွားပြောလိုက်မယ်"

လျော်ချန်းသည် စီလူရိန်အား ခေါ်ဆောင်ရန် မြင်းတစ်စီးဖြင့် ထွက်ခွာသွားလေတော့၏။

ထိုအချိန်၌ ကျင်ကွမ်းရဲမက်တော်များနှင့် ဟန်ဝမ်ရဲမက်တော်များသည် တရွေ့ရွေ့ဖြင့် မြို့ရိုးအနီးသို့ ချဉ်းကပ်လာကြလေ၏။

"ဟေး....ဟေး....ဟေး....ဟေး"

"ကန္တာရသားတွေကို တိုက်ထုတ်"

"ကန္တာရသားတွေကိုသတ်ပစ်"

စစ်သည်ရဲမက်များ၏ ကြောက်ခမန်းလိလိ အော်သံသည် ကျယ်လောင်လှ၏။

ဘဝက်သို့တိုင်သည်။

တစ်ချိန်တည်းမှာပင် သစ်လုံးကြီးများကို ထမ်းလာသော စစ်သည်တော်များနှင့် လှေကားများကို ထမ်းလာသော စစ်သည်တော်များ ပေါ်လာသည်။

ထိုစစ်သည်တော်များသည် တစ်ရှိန်ထိုးပြေးလာကြ၏။

မြို့ရိုးပေါ်မှ ကန္တာရသားများကတော့ စောင့်ကြည့်နေကြသည်။

"နေဦး၊ သူတို့ တဖြည်းဖြည်းနီးလာပါစေဦး၊ နီးလာမှပစ်ရမယ်၊ ပစ်ပြီးမထိရောက်ရင် အလကားပဲ"

ပြေးလာသော စစ်သည်တော်များသည် တဖြည်းဖြည်း ပစ်ကွင်းထဲ ဝင်လာ၏။

"ပစ်"

အဆိပ်လူးထားသော မြားအစင်းငါးဆယ်ခန့် ပြေးထွက်သွားသည်။

မြားတံများမှာ အကာအကွယ်ကင်းမဲ့သည့် ရှေ့ဆုံးမှ ရဲမက်စစ်သည်များအား သွားရောက်ထိမှန်၏၊ ထိုစစ်သည်များမှာ ချက်ချင်းပင် သေဆုံးကုန်သည်။

ကန္တာရသားများသည် မြားသွားများ၌ အဆိပ်များ လိမ်းကျံထားသည် မဟုတ်ပါလော။

"ဝှီး....ဝှစ်....ဝှစ်"

"ဝှီး....ဝှစ်....ဝှစ်"

မြားတံများသည် ပလူပျံနေ၏။



လှေကားနှင့် ပြေးလာသူများမှာလည်း မြားထိခြင်း ခံရသည်။

"ဟား....ဟား....ဟား"

ကန္တာရသားများမှာ ကျေနပ်အားရစွာ တဟားဟား နှင့် ရယ်မောနေကြတော့၏။

ထိုစဉ် စစ်သည်ရဲမက်ငါးဆယ်ခန့် ပြေးလာကြပြန်သည်။

"ချီတက်"

"ဝေး....ဟေး....ဟေး....ဟေး"

ကန္တာရသားများထံမှ အော်သံထွက်လာသည်။

"ပစ်"

"ဝှီး....ဝှစ်....ဝှစ်"

"ဝှီး....ဝှစ်....ဝှစ်"

ဒုတိယအကြိမ် ပြေးတက်လာသောရဲမက်များမှာ အတုံးအရုံး ကျဆုံးကုန်ပြန်၏။

"အား"

"အီး....အင့်"

ရဲမက်များမှာ အကာအကွယ်မဲ့ ပစ်ခတ်ခံရနေသော်လည်း အမှတ်မရှိချေ။ အုပ်ချုပ်သည့် ဗိုလ်မှူးများညံ့သဖြင့် အချည်းအနှီးသေဆုံးကြရခြင်း ဖြစ်သည်။

သူတို့၏ တစ်ရာချီတပ်ကြီးသည် ထပ်မံ ပြေးလာကြပြန်သည်။

"ပစ်"

"ဝှီး....ဝှစ်....ဝှစ်"

"ဝှီး....ဝှီး....ဝှီး"

မြို့ရိုးအောက်ခြေသို့ ရောက်လာသောတပ်သားများမှာ မြားနှင့်သာမက မှုတ်ပြောင်းများဖြင့်ပါ ရင်ဆိုင်ရသည်။

မှုတ်ပြောင်းဆိုသည်မှာ အဆိပ်လူးမြားကို ထည့်မှုတ်ကြခြင်းဖြစ်သည်။

ထိုအချိန်တွင် လျော်ချွန်းသည် စီလူရိန်အား မြင်းနှင့်တင်ဆောင်ပြီး ဓနါထာ ရောက်ရှိလာလေ၏။

"ကဲ...လာ...လာ"

ဝါတန်းစုသည် စီလူရိန်၏လက်ကိုဆွဲပြီး မြို့ရိုးပေါ်သို့ ပြေးတက်သွားသည်။



"ရန်သူတွေ အင်နဲ့အားနဲ့ အသေခံပြီး တိုက်နေကြတယ်"

သူသည် မြို့စားလျော်ချွန်းအား အစီရင်ခံလိုက်၏။

"အခုအချိန်ထိ မြို့ရိုးပေါ် ရန်သူတွေရောက်မလာသေးဘူး မဟုတ်လား"

လျော်ချွန်းက ပြန်မေးလိုက်၏။

ဝါဘန်းဒုက....

"ရောက်လာလဲ သေမှာပေါ့ကွယ်"

ထိုအချိန်၌ မြို့ရိုးပေါ်မှ ချော်ရည်ပူများ၊ ရေနွေးပူများ၊ ကျောက်တုံးကျောက်ခဲများနှင့် လောင်းချခြင်း၊ ပစ်ချခြင်းအမှုတို့ ပြုလုပ်ကြလေပြီ။

ရန်သူများမှာ အင်အား များပြား သည့် အ လျောက် အပေါ်မှ အမျိုးမျိုးပစ်ခတ်နေသော်လည်း အလုံးအရင်းနှင့် မြို့ရိုးအခြေသို့ ချဉ်းကပ်လာနိုင်သည်။ ရန်သူတို့၏ မြားများသည်ပင် မြို့ရိုးအထက်သို့ တဝီဝီနှင့် ရောက်ရှိလာလေသည်။

ဝါတန်းစု၊ လျော်ချွန်းနှင့် စီလူရိန်တို့မှာ အကာအကွယ်မဲ့ လျှောက်မသွားရဲတော့ချေ။

ဤသို့ဖြစ်ရခြင်းမှာ မြို့စားစားကြီးတိန်စိန်ဟုတ်နှင့် မြို့စားကြီးစီတန်ကုံး၏ ပြင်းထန်သော ကွပ်ကဲမှုကြောင့်ဖြစ်သည်။ သူတို့သည် နောက်ပြန်ဆုတ်လာသူကို အရှင်မထား၊ အသေသတ်သောကြောင့်ဖြစ်သည်။

ထိုအခါ စစ်သည်ရဲမက်များမှာ သေမထူး နေမထူးဖြစ်၍ ရှေ့သို့သာ မဲ၍ချီတက် ကြတော့၏။

စီလူရိန်မှာ လျော်ချန်း၏ရင်ခွင်ထဲ၌ မျက်လုံးအဝိုင်းသားဖြစ်နေသည်။

မြို့ရိုးတစ်လျောက်၌ ခေါ်သမားများ ခေါ်တာဝင့်ဝင့်ဖြစ်နေကြ၏၊ တက်လာသူများကို သတ်ဖြတ်ရန် ပြင်ဆင်နေကြသည်။

မြို့ရိုးတောင်ခြေ၌ အလောင်းချင်း ထပ်သော်လည်း ကျင်ကျွမ်းစစ်သည်ရဲမက်များမှာ နောက်မဆုတ်ဘဲ ရှေ့သို့သာ ဆက်တက်နေကြသည်။

လှေကားများစွာကိုလည်း မြို့ရိုးတစ်လျှောက်ထောင်နိုင်ခဲ့ပြီး ထိုလှေကားများမှ အဆက်မပြတ် တက်နေကြတော့သည်။

တိုက်ပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန်လာ၏။



သစ်သားစည်ကြီးများနှင့် ထည့်ထားသော ချော်ရည်ပူများ၊ ရေနွေးပူများမှာ တဖြည်းဖြည်း ကုန်ခန်းလာသည်။ ကျောက်တုံးကျောက်ခဲများလည်း ကုန်ခန်းလာသည်။

အခြေအနေမှာ ကန္တာရသားများအတွက် မကောင်းလှတော့ပေ။

အချို့သောနေရာများတွင် ကျင်ကျွမ်း စစ်သည်တော်များသည် မြို့ရိုးပေါ်သို့ တက်ရောက်နိုင်ခဲ့ကြလေပြီ။

ဤအခြေအနေမှာ အခြေအနေကောင်းမဟုတ်ပေ။

ထိုနေရာ၌ ကျင်ကျွမ်းစစ်သည်ရဲမက်များ ထပ်၍ ထပ်၍ တက်လာနေသည်။

ထိုတက်လာနေသူများကို တားဆီးနိုင်သူများလည်း မရှိတော့ချေ။

သူတို့သည် ခုခံကာကွယ်နေရပြီ မဟုတ်ပါလား။

ထိုအချိန်တွင် အတိုင်ပင်ခံလူကြီးဝါတန်းစုထံသို့ ကန္တာရသား ရဲမက်တစ်ဦး ပြေးလာသည်။

"မြားတံတွေကုန်သွားပြီ ဘသက်ပြင်း"

လျော်ချန်းသည် စိုးရိမ်ပူပန်သောအကြည့်ဖြင့် တိုးသက်ပြင်း ဝါဘန်းစုအား လှမ်းကြည့်နေသည်။

"အေး.... မြားတံကုန်သွားရင် လေးသည်တော် တပ်ဖွဲ့ဟာ ဓားကိုင်ပြီး တိုက်ခိုက်ကြပေါ့ကွယ်"

 လျော်ချန်းသည် ဘိုးသက်ပြင်း ဝါတန်းစုနှင့်ချည်းသာ လွဲမထားတော့ချေ။ သူပါ ဝင်ရောက်ကွပ်ကဲတော့သည်။

မြို့တံခါးအား သစ်လုံးချွန်ကြီးများဖြင့် အဆက်မပြတ် ဆောင့်နေသဖြင့် တဝုန်းဝုန်းမြည်ဟည်းသော အသံကြီးကိုလည်း မြို့ထဲမှ ကြားနေရသည်။

မြို့ရိုးပေါ်လည်း ကျင်ကျွမ်းစစ်သည်များ ရောက်နေပြီ။

ထံခါးကိုလည်း ထိုးနှက်နိုင်ပြီဆိုတော့ မကြာမီ မြို့တံခါး ပေါက်ပေတော့မည်။

ကန္တာရသားတို့၏ အခြေအနေမှာ မကောင်းသည့်ဘက်သို့ ရောက်လာပေပြီ။

လျော်ချန်းသည် ဓားကိုဆွဲထုတ်ပြီး တိုက်ပွဲကြမ်းသည့်နေရာသို့ သွားရန် ဟန်ပြင်လိုက်သည်။

"မြို့စား၊ ဘယ်ကိုလဲ"

"တိုက်ပွဲကြမ်းတဲ့နေရာ သွားရမှာပေါ့၊ ကျုပ်တို့လူတွေ အားနည်းနေပြီ၊ အားနည်းတဲ့နေရာကို ဝင်ဖြည့်ပေးရမယ်"



"မြို့စားကိုယ်တိုင် ဝင်တိုက်စရာ မလိုအပ်သေးပါဘူးကွယ်၊ ရန်သူ့မြားချက် ထိနေပါဦးမယ်၊ သူတို့ ရဲမက်တွေ မတိုးဝံ့အောင် ကျုပ်လုပ်ပြပါ့မယ်"

လျော်ချန်း အံ့ဩသွားသည်။

ဤလူကြီး၌ ဗျူဟ်ဖဲ ရှိနေပါသေးကလားဟု တွေးလိုက်သည်။

ဝါတန်းစုက ပြုံးပြီးပြောသည်။

"တစ်ခုတော့ရှိတယ်၊ မြို့စား ခွင့်ပြုဖို့တော့လိုအပ်လိမ့်မယ်"

"ကျုပ်တို့ကန္တာရသားတွေ အနိုင်ရဖို့ဆိုရင် ကျုပ်က ဘာဖြစ်လို့ ခွင့်မပြုနိုင်ရမှာလဲ"

"ဟဲ....ဟဲ.... ဒီလို ကန္တာရသားစိတ်ဓာတ်ရှိဖို့တော့ လိုအပ်တာပေါ့ မြို့စားရာ"

လျော်ချန်း ဒေါသထွက်သွား၏။

ဝါတန်းစု၏လေသံမှာ လျော်ချန်းအား ကန္တာရသား စိတ်ဓာတ် မရှိဟု တစ်ဖက်က တွေးနိုင်သော လေသံဖြစ်၏။

သူသည် စူးရှသောအကြည့်ဖြင့် ဝါတန်းစုအား ကြည့်လိုက်၏။

ဝါတန်းစုက....

"မြို့စား၊ မြို့စားရဲ့ဇနီး စီလူရိန်ကို ကျုပ်လက်ထဲ ခဏအပ်ပါ"

"ဘာ...."

"ဟန်ဝမ်မြို့စားနဲ့ ကျင်ကျွမ်းမြို့စားတွေ အတိုက်ရပ်သွားအောင် လုပ်ပြပါ့မယ်၊ မြို့စား ကြည့်နေပါ"

လျော်ချန်းသည် စကားလွန်ထားသဖြင့် ကိုယ့်စကားနှင့်ကိုယ် မိနေသည်။ လုံးဝ စကားမပြောသာတော့ပေ။

ဝါတန်းစုသည် စီလူရိန်ကို ဆွဲခေါ်သွား၏။

မြို့ရိုးထက်သို့ တက်သွား၏။

စီရိန်လူသည် လျော်ချန်းအား မကျေမချမ်းဖြင့် ကြည့်သွားသည်။

ဝါတန်းစုသည် စီလူရိန်ကို ကျင်ကျွမ်းမြို့စား တိန်စွန်ချန် အနီးသို့ ခေါ်သွား၏။

ဝါတန်းစုသည် ကန္တာရတပ်သားတစ်ဦးအား အမိန့်ပေးလိုက်၏။

"ဟေ့၊ ဒီအကျဉ်းသားကို တစ်ယောက် လာကိုင်စမ်း၊ လည်ပင်းပေါ် ဓားတင်ထားလိုက်စမ်း၊ ငါက မြို့စားကတော်ရဲ့ လည်ပင်းပေါ် ဓားတင်ထားမယ်"



ကန္တာရ တပ်သားတစ်ဦးသည် ဝါတန်းစု ပြောသည့်အတိုင်း တိန်စွန်ချန်၏ လည်ပင်းပေါ် ဓားတင်လိုက်သည်။

တိန်စွန်ချန်သည် ပိန်ချုံးချည့်နဲ့နေသော်လည်း ဝါတန်းစု၏ အပြုအမူကို သိသည်။

သူသည် ဒေါသထွက်နေသည်။ မျက်နှာပြင်တစ်ခုလုံး နီရဲနေသည်။

ဝါတန်းစုသည် စီလူရိန်၏ လည်ပင်းပေါ် ဓားတင်ပြီး ကျင်ကျွမ်းမြို့စားနှင့် ဟန်ဝမ်မြို့စားတို့ မြင်သာအောင် ပြသလေ၏။

မြို့ရိုးပေါ်၌ အချုပ်အနှောင်ခံနေရသော တိန်စွန်ချန်နှင့် စီလူရိန်မှာ ထင်ရှားစွာ ပေါ်လွင်နေသည်။

ဘိုးသက်ပြင်းက ကျယ်လောင်စွာ အော်ဟစ်လေ၏။

"ကျင်ကျွမ်း မြို့စားနဲ့ ဟန်ဝမ် မြို့စား၊ ခင်ဗျားတို့ရဲ့ ရဲမက်တွေကို ချက်ချင်းရပ်ခိုင်း၊ ချက်ချင်း နောက်ပြန်ဆုတ်ခိုင်း၊ ဟောဒီမှာ တွေ့လား ခင်ဗျားတို့ရဲ့ သားနဲ့သမီးတွေ၊ ချက်ချင်း လည်ပင်းပြတ်သေသွားမယ်"

ဘိုးသက်ပြင်းသည် လည်ပင်းကို ဓားတင်ထားသည့် အဖြစ်ကို ထင်ရှားစိမ့်သောငှာ စီလူရိန်ကို ရှေ့သို့ တိုး၍ ပြလေသည်။

လျော်ချန်းမှာ များစွာ စိတ်မကောင်းဖြစ်နေရလေသည်။

သို့သော် သူ့စကား လွန်ထားသဖြင့် ဝင်၍လည်း မစွက်ဖက်နိုင်ချေ။

သူသည် ဓားရိုးကိုသာ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိလေ၏။

မြို့ရိုးနှင့် အတန်ပင် အလှမ်းနီးလာ၏။

ကျင်ဘွမ်းမြို့စားနှင့် ဟန်ဝမ်မြို့စားသည် တိန်စွန်ချန်နှင့် လူစီရိန်၏ အဖြစ်ကို သေချာစွာ မြင်တွေ့ရလေ၏။

ကျင်ဘွမ်းမြို့စားက ဟန်ဝမ်မြို့စားဘက်သို့ လှည့်ကာ မေးလိုက်သည်။

"စီတန်ကုံး....ဘယ်လိုလဲဗျ၊ အခြေအနေကတော့ မဟန်ဘူး...."

စီတန်ကုံးက....

"ဒီကန္တာရအဘိုးကြီးဟာ သိပ်ရက်စက်တယ်၊ ပြောတဲ့အတိုင်းလဲ လုပ်တတ်တယ်လို့ ကျုပ်ကြားဖူးထားတယ်"

"အင်းလေ....ဒါကြောင့် ခင်ဗျားနဲ့ တိုင်ပင်နေတာပေါ့ဗျ...."

"ဘာပြောစရာ ရှိလို့လဲဗျာ၊ ကျုပ်တို့ သားသမီးတွေဟာ သူ့လက်ထဲမှာ ရှိနေတော့ သူပြောတဲ့အတိုင်းလုပ်ရုံရှိတာပေါ့ဗျာ"



"ဒါဆိုရင်လဲ အမိန့်မြန်မြန်ထုတ်ဗျာ၊ တို့မှာ ကလေးတွေ သေတော့မယ်"

စီတန်ကုံးသည် အတိုက်ချက်ချင်း ရပ်ပြီး တပ်များကို နောက်ဆုတ်ရန် အမိန့်ပေးလေ၏။

"တပ်တွေ ချက်ချင်းရပ်၊ အမြန်ဆုံး တပ်ပြန်ဆုတ်"

စီတန်ကုံး၏ အော်ဟစ်အမိန့်ပေးသံကြောင့် ရဲမက်များသည် ချက်ချင်း အတိုက်ရပ်သည်။

ရှေ့သို့ရောက်နေသည့် တပ်များ ချက်ချင်းဆုတ်ကြသည်။ မြို့ရိုးပေါ်သို့ ရောက်ရှိနေသည့်တပ်သားများလည်း အလျင်အမြန် ဆင်းသက်သွား၏။

သစ်လုံးချွန်ကြီးနှင့် ထိုးသွင်းနေသော တပ်သားများ၊ မြားမိုးရွာနေသော တပ်သားများသည် တပ်ပြန်ဆုတ်သွားကြသည်။

တိုက်ပွဲကြီးကား ငြိမ်သက်သွားခဲ့လေပြီ။

ရဲမက် စစ်သည်တော် အသီးသီးသည် မိမိလူမျိုးများကို ပြန်လည် စုစည်းနေ၏။

မြို့ပြင်နေရာအနှံ့၌ လူသေအလောင်းများ ပြန့်ကျဲနေသည်။

ကျင်ကျွမ်းမြို့စား၏ ဇာပ်များနှင့် ဟန်ဝမ်မြို့စား၏ တပ်သား အလောင်းများပေတည်း။

ဘိုးသက်ပြင်းဝါတန်းစုသည် စီလူရိန်အား လျော်ချန်းထံ ပြန်လည် ခေါ်ဆောင်လာပြီး ပေးအပ်သည်။

ဘိုးသက်ပြင်းပြုံးနေ၏။

လျော်ချန်းကမူ မဲ့ပြုံးပြုံးပြသည်။

စီလူရိန်ကမူ....

သူမကဲ့သို့ မြို့စားကတော်တစ်ဦးအား ဓားစာခံအဖြစ် ပြသသည်ကို လုံးဝ မကျေနပ်ချေ။

သူမသည် မှုန်ကုပ်နေလေ၏။

ဘိုးသက်ပြင်းက ရယ်ပြီး....

"ဟဲ....ဟဲ....ဟဲ၊ ကျုပ်မပြောဘူးလား၊ သူတို့ ဆက်မတိုက်ဝံ့တော့ပါဘူးလို့"

ထိုအခါ....

စီလူရိန်သည် လျော်ချန်း၏ ရင်ခွင်တွင်း ပြေးဝင်ကာ ချုံးပွဲချ ငိုလေတော့သည်။

လျော်ချန်းသည် စီလူရိန်အား တောင်းပန် နေလေ၏။

"ကျုပ် တောင်းပန်ပါတယ်၊ ကျုပ်တို့ကန္တာရ တပ်သားများရဲ့ အသက်ကိုကယ်ဖို့ ဒီလိုပြုမူရတာပါ၊ ခွင့်လွှတ်ပါ"



ဘိုးသက်ပြင်းသည် မြို့ရိုးအောက်သို့ ဆင်းသွားပြီး ပေါက်ပြဲနေသော တံခါးကို ပြန်လည် ဖာထေးသည်။

ရန်သူ အလောင်းများကို မြို့ပြင်သို့ ထုတ်စေသည်။

သူ့တပ်များကို ပြန်လည်စုစည်းနေသည်။

ထိုအချိန်၌....

လျော်ချန်းသည် စီလူရိန်ကို မြင်းပေါ်တင်လျက် စံအိမ်တော်ဆီသို့ ပြန်သွားလေတော့သည်။

★

## အခန်း (၃၃)

### အကျဉ်းသားတို့ဒုက္ခ

ကျင်ကျွမ်းမြို့စားၡ၏ တပ်များနှင့် ဟန်ဝမ်မြို့စား၏ တပ်များသည် ကန္တာရသားတို့နှင့် အတိုက်အခိုက် ရပ်စဲလိုက်ကြသော်လည်း သူတို့သည် ဟန်ဝမ်မြို့နှင့် မနီးမဝေး၌ စခန်းချ ရပ်နားလျက် ရှိကြ၏။

ထို့ကြောင့် ဟန်ဝမ် မြို့သူမြို့သားများတို့မှာ မြို့ပြင်သို့ မထွက်ရဲချေ။

ကန္တာရဓာပိသားတို့မှာလည်း အင်အားလျော့နည်းနေပြီ ဖြစ်၍ မြို့ပြင်သို့ မထွက်ရဲကြတော့ချေ။



ထွက်လျှင် အချည်းအနှီး အသေခံရမည် ဖြစ်သောကြောင့်တည်း။

မြို့ရိုးအပြင်တံခါးဝ၌ ဟန်ဝမ်သုံ့ပန်းများကို တိုင်ဖျားၡ၌ ပြန်လည်ချည်နှောင်ထားပြန်လေသည်။

အကျဉ်းသားများမှာ အခြေအနေ မဟန်လျှင် သေကျေကြမည်ကို သိရှိသော်လည်း ရဲတိုက်ထဲ အကျဉ်းခန်းထဲ၌ ပြန်မဝင်ရသဖြင့် စိတ်သက်သာရာ ရသွားသည်။

သေလျှင်လည်း ကျယ်ပြန့်သော အရပ်၌ သေလိုခြင်းပင် ဖြစ်တော့သည်။

ထို့နောက်....

လွတ်လပ်သည့် အရာနှစ်ခုမှာ သူတို့အား အသေခံ ပစ်ထားခြင်းဖြစ်၍ ခည်သူကမျှ စကားမပြောရန် မပိတ်ပင်ကြခြင်း ဖြစ်သည်။

သူတို့သည် တိုင်ဖျားၡ၌ ကြိုးများ အတုပ်ခံနေရသော်လည်း တစ်ဦးနှင့်တစ်ဦး စကားပြောဆိုနိုင်ကြသည်။

အကျဉ်းသားအားလုံး အယောက်သုံးဆယ်ခန့် ရှိသည်။

ကျောက်ဓားရှင် ဖုဟင်နှင့် ဓားနှစ်လက် အင်ဟုတ်မှာ ရဲတိုက်အောက်ခြေ အကျဉ်းခန်း၌ ရှိစဉ်က ကြွက်များ၏

ရန်ကို ကြောက်နေရရာ ယခုမှ စိတ်လွတ်ကိုယ်လွတ် ဟင်းချ နေနိုင်ကြလေသည်။

သူတို့သည် တစ်ဦးနှင့်တစ်ဦး လက်လှမ်းမမီသော်လည်း စကားစမြည်တော့ ပြောနိုင်သေးသည်။ ဤအတွက် လွန်စွာ စိတ်ချမ်းသာကြသည်။

သူတို့နှစ်ဦးနှင့် မလှမ်းမကမ်းတွင် ကျင်ကျွမ်း မြို့စား၏ သား တိန်စွန်ချန်ရှိ၏။

တိန်စွန်ချန်သည် မည်သူနှင့်မျှ စကားမပြောဘဲ ခေါင်း ငိုက်စိုက်ချနေ၏။

ကျောက်ခေးရှင်နှင့် ခေးနှစ်လက်က တိန်စွန်ချန်အား တီးတိုး ခေါ်လိုက်၏။

"သခင်လေး တိန်စွန်ချန်"

"သခင်လေး တိန်စွန်ချန်"

တိန်စွန်ချန်သည် ခေါင်းမော့လာလေသည်။

"ဘယ်သူတွေလဲ ကျုပ်ကိုခေါ်တာ"

"ကျုပ်တို့ပါ"



"ဘယ်သူတွေလဲ ကျုပ်တို့ဆိုတာ"

"မြို့စားရဲ့ သက်တော်စောင့် ကျောက်ခေးရှင်နဲ့ ခေးနှစ် လက်လေ၊ မြို့စားက တာဝန်ပေးလိုက်လို့ သခင်မလေး စီလူ ရိန်ကို လာရောက်ကယ်တင်တာပါ၊ သခင်လေးလဲ အပါ အဝင်ပေါ့"

"အခု ခင်ဗျားတို့ ဘယ်လိုဖြစ်တာလဲ"

"အဖမ်းခံရတယ်လေ"

မြို့စားကြီး စီတန်ကူးက အသေအချာ မှာလိုက်သည်။ ကျင်ကျွမ်းမြို့စားကြီး၏သား တိန်စွန်ချန်ကို မကယ်လာရ ဟူ၍။

ယခုပြောသည်မှာ အားလုံးအဖမ်းခံနေရသဖြင့် မထူး တော့ ဟူသောသဘောနှင့် ပြောခြင်းဖြစ်သည်။

"ကျုပ်က သူ့ကိုကယ်နိုင်ဖို့အခွင့်ကြုံပါတယ်၊ ဒါပေမယ့် သူက ပြန်မလိုက်ဘူးလို့ ဆိုတယ်"

တိန်စွန်ချန် အံ့သြသွားသည်။ သူသည် ပြန်မေးလိုက်လေ သည်။

"ခင်ဗျား သူ့ကို ဘယ်မှာတွေ့တာလဲ"

"မြို့စားရဲ့ စံတော်အိမ်မှာပဲ၊ဟိုကန္တာရ သူရဲကောင်းရဲ့ အိပ်ခန်းထဲမှာလေ"

တိန်စွန်ချန်၏မျက်နှာ ဒေါသကြောင့် လည်းကောင်း၊ နာကြည်းမှုကြောင့်လည်းကောင်း နီမြန်းလာလေ၏။

ဓားနှစ်လက်စကားမှာ အတော်ပင် လွန်သွားသည်ကို ကျောက်ဓားရှင်က သိ၏။

ထို့ကြောင့် မျက်လုံးပြူးကြည့်ပြီး မသိမသာ ခေါင်းခါပြလိုက်သည်။

ထိုအခါကျမှ ဓားနှစ်လက်သည် သူ့စကား လွန်သွားသည်ကို သိတော့သည်။

တိန်စွန်ချန်နှင့် စီလူရိန်မှာ ချစ်သူများဖြစ်သည် မဟုတ်ပါလော။

တိန်စွန်ချန်သည် ရဲရဲနီသော မျက်နှာဖြင့် မေးလိုက်လေသည်။

"ဘယ်အချိန်ကြီးမှာ တွေ့တာလဲ"



ဓားနှစ်လက်မှာ ချက်ချင်းအဖြေ တွေ့သွားသည်။

"မနက်မိုးလင်းမှာ တွေ့တာပါ"

"သူက ဘာဖြစ်လို့ မလိုက်ဘူးလို့ ငြင်းရတာလဲ"

ဓားနှစ်လက်မှာ အပြောရခက်သွားသည်။

သူတို့ မြင်ရသည်များကိုသာ အကုန်အစင် ပြောပြလိုက်ရလျှင် တိန်စွန်ချန်သည် နေရာတွင်ပင် အသည်းကွဲ၍သေဆုံးကာ သွားပေတော့မည်။

ဓားနှစ်လက်က....

"အင်း....ကြည့်ရတာ ကြောက်လို့နဲ့တူတယ်၊ နောက်ပြီး သခင်လေး မပါလို့လဲ ဖြစ်နိုင်ပါတယ်"

ထို့နောက် တိန်စွန်ချန် စိတ်ပြောင်းစေရန် စကားတစ်ခွန်းကို မေးလိုက်သည်။

"ဒါနဲ့ သခင်လေးတို့နှစ်ယောက် လက်ထပ်တော့မယ်ဆို၊ ဒီသတင်း မှန်ပါသလား"

"ဟုတ်ပါတယ်"

ဓားနှစ်လက်က သက်ပြင်းချလိုက်မိသည်။

"ဟင်း...."

တိန်စွန်ချန် မော့ကြည့်သည်။

"ဘာဖြစ်လို့လဲဗျာ"

"ဪ....လက်ထပ်ခါနီးမှ အဖမ်းအဆီး ခံရတယ်ဆိုတော့ စိတ်မကောင်းလို့ပါဗျာ"

"ဘယ်တတ်နိုင်မလဲဗျာ၊ ကံကြမ္မာက ဒီအတိုင်း ဖြစ်ရမယ်လို့ ဖန်ယာတာကိုး၊ ကျုပ်ကတော့ ဒီကန္တာရကောင်တွေကို အစိမ်းလိုက်ဝါးစားချင်တာပါပဲဗျာ"

"ဘာကွ"

သူတို့၏အနောက်ဘက်မှအသံ ပေါ်ထွက်လာသည်။

"ဘယ်သူလဲကွ၊ ကန္တာရကောင်တွေကို အစိမ်းလိုက်ဝါးစားချင်တယ်လို့ ပြောတာ"

ကန္တာရဓားသမားတစ်ဦးက ထိုသို့ပြောရင်း လျှောက်လာလေသည်။

တိန်စွန်ချန်က ခပ်မာမာပင် ပြောလိုက်သည်။

"ကျုပ်ပဲ"

"အေး....ကျုပ်ဆိုတဲ့ကောင်ကို တီးရမှာပဲ"

"ဖြောင်း"



ကန္တာရသားက တိန်စွန်ချန်၏ပါးပြင်ကို ရိုက်ချလိုက်သည်။

တိန်စွန်ချန်မှာ နှုတ်ခမ်းထောင့်မှသွေးများ ထွက်လာတော့သည်။

တိန်စွန်ချန်၏ မျက်လုံးများသည် မီးဝင်းဝင်း တောက်သွားသည်။ သူသည် ကန္တာရသားကို စူးရှစွာ မော့ကြည့်သည်။

"သတ္တိရှိရင် ကြိုးဖြေပေးလိုက်ပါလား၊ ဘယ်သူ့သွေးက နီတယ်ဆိုတာကို သိသွားရတာပေါ့"

"ဟုတ်သားပဲ"

"ဘာကွ"

"ဖြောင်း....ဖြောင်း"

ဓားနှစ်လက်သည်တိန်စွန်ချန်အား ထောက်ခံလိုက်သဖြင့် သူမှာ ပါးအရိုက်ခံလိုက်ရသည်။

ပါးစပ်ထဲ၌ ငန်ကျိကျိအရသာ ပေါ်လာသည်။ သွေးထွက်သည်ကို သိရှိလိုက်ရသည်။

"ထွေ"

ကျောက်ဓားရှင်ဖုဟင်က တံတွေးကို ကျယ်လောင်စွာ ထွေးလိုက်ခြင်း ဖြစ်ပါသည်။

"ဘာလဲ၊ မင်းကကော အရိုက်ခံချင်ပြန်ပြီလား"

"လာရိုက်လှည့်လေ"

ကန္တာရသားသည် ရှေ့တိုးလာလေသည်။

ထိုအခါ...

"ဝုန်း"

ကျောက်ခေါင်းရှင်ဖုဟင်က လျှပ်တစ်ပြက် ခြေထောက်နှင့် ကန်လိုက်ရာ ကန္တာရသားမှာ လွင့်စဉ်ထွက်သွားလေသည်။

★

## အခန်း (၃၄)

### လွတ်မြောက်ရေးလမ်းစ

"ဟား....ဟား....ဟား"

"ဟား....ဟား....ဟား"

ဖုဟင်၊ အင်ဟုတ်နှင့် တိန်စွန်ချန်တို့ အားရပါးရ ရယ်မောကြလေသည်။ စိတ်ရှိလက်ရှိလုပ်နိုင်ခွင့်ရှိသည်ဟု ယူဆနေသော ကန္တာရသားကို ဆုံးမနိုင်လိုက်သဖြင့် သူတို့ လွန်စွာ ကျေနပ်နေကြသည်။

"လူဝါးဝတာ ဘယ်သူတွေလဲ"

ကန္တာရသားတစ်ဦးက ဟိန်းဟောက်မေးလေသည်။

သူတို့ သုံးဦးစလုံးက....

"ကျုပ်တို့ သုံးဦးပဲ"

"အေး၊ မင်းတို့ဆိုတော့ ကောင်းတာပေါ့"

ကန္တာရသားလေးဦးတို့သည် ကျောက်ခေါးရှင်တို့ သုံးဦးအား ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ကြလေတော့သည်။

"ဖုန်း....ဗိုင်း....ဖြောင်း"

"အား....အီး....အင်း"

သိပ်မကြာလိုက်ချေ၊ အကျဉ်းသား သုံးယောက်မှာ ကန္တာရသားများလက်ချက်ဖြင့် ပျော့ခွေ၍ကျသွားလေတော့သည်။

အခြား အကျဉ်းခံနေရသော ရဲမက်များမှာတော့ စိတ်မကောင်းခြင်းကြီးစွာဖြင့် ကြည့်နေရုံမှလွဲ၍ မည်သို့မျှမတတ်နိုင်ချေ။

နေမင်းကြီးပင် မျက်နှာလွှဲသွားချေပြီ။

အမှောင်ထု ကြီးစိုးလာလေ၏။

* * *



ကျောက်ကျွမ်းမြို့စားတပ်ကြီးနှင့် ဟန်ဝမ်မြို့စားတို့၏ တပ်ကြီးသည် အတိုက်အခိုက်ရပ်စဲသည့်အနေဖြင့် စခန်းချ ရပ်နားနေလေ၏။

မြို့နှင့် အတော်အသင့် ကွာလှမ်းသည့် အရပ်တွင် စခန်းရပ်နားနေခြင်း ဖြစ်သည်။

အစောင့်များကတော့ ကင်းစောင့်မြဲ ဖြစ်သည်။

ဟန်ဝမ်မြို့သူမြို့သားများမှာ မထွက်ဝံ့တော့ချေ။

ကန္တာရသားများမှာလည်း အားအင် နည်းနေပြီဖြစ်၍ ထွက်မတိုက်ဝံ့ချေ။

တိုက်လျှင် ရန်သူများက အင်အားနှင့် ဖိနင်းသွားမည်သာ ဖြစ်၏။

ကန္တာရသားများသည် တိန်စွန်ချန်၊ ကျောက်ခေါးရှင်နှင့် ခေါးနှစ်လက်တို့ အပါအဝင် သုံ့ပန်း ဟန်ဝမ်စစ်သားများကိုမူ မြို့ပြင်၌ ကြိုးတုပ်မြဲ ကြိုးတုပ်ထားသည်။

သုံးရက် လကလေးသည် မှိန်မှိန်ပျပျသာ လင်းလျက်ရှိပေသည်။

အကျဉ်းသားများကား တစ်နေကုန် ကြိုးတုပ်ခံထားကြရသဖြင့် အားလုံး ခေါင်းငိုက်စိုက်ကျနေသည်။ အချို့လည်း အိပ်ပျော်နေကြသည်။

ကျောက်ခေါးရှင်၊ ခေါးနှစ်လက်နှင့် တိမ်စွန်ချန်တို့မှာမူ ကန္တာရသားများအား ကလန်ကဆန်လုပ်သဖြင့် အစာငတ်ရေငတ်ထားသည်။

ဤသည်မှာ ကန္တာရသားများ၏ လုပ်လေ့ လုပ်ထရှိသော အပြုအမူတည်း။

သူတို့သည် ရန်သူအား မသနားကြချေ။

ထိုစဉ်....

ကြိုးတုပ်ခံထားရသူများ၏ နောက်သို့ ရိပ်ခနဲပြေးလာသော လူရိပ်တစ်ခုသည် အကျဉ်းကျများဘေးသို့ ရောက်ရှိလာ၏။

ထိုလူရိပ်သည် တိမ်စွန်ချန်အနီးသို့ တိုးကပ်သွားသည်။

"တိမ်စွန်ချန်....တိမ်စွန်ချန်"

"ဟင်...."

တိမ်စွန်ချန်သည် အိပ်နေရာမှ နိုးလာလေ၏။



"ဘယ်သူလဲ"

တိမ်စွန်ချန်က မေးလိုက်သည်။

"ကျွန်မပါ၊ စီလူရိန်ပါ၊ ရှင်တို့ ညနေက အရိုက်ခံရတယ်ဆို၊ အစာလဲ မကျွေးဘူးလို့သိရတယ်၊ ဟုတ်ရဲ့လား"

"အင်း"

တိမ်စွန်ချန်၏အမူအရာမှာ အေးစက်စက် ဖြစ်နေသည်။

စီလူရိန်မှာ အားမလိုအားမရ ဖြစ်နေသည်။

"ဘာဖြစ်နေတာလဲ၊ ကျွန်မက စိတ်ပူပြီး ခွင့်စားလာရတာရှင့်၊ ဒီမှာ ရှင့်ဖို့ မုန့်တွေ ပန်းသီးတွေ ယူလာတယ်၊ ရော့....စားလိုက်ပါ"

"ကျုပ် ဘယ်လိုလုပ်စားနိုင်မှာလဲ၊ ကျုပ်လက်တွေကို ကြိုးနဲ့ချည်ထားတာပဲ"

"အို....ဟုတ်သားပဲ"

စီလူရိန်သည် ပန်းသီးကို ပါးစပ်နားသို့ကပ်ပေးလေ၏။

တိမ်စွန်ချန်သည် ပန်းသီးကို ကိုက်စားလိုက်လေသည်။

ထိုအချိန်၌....

ကျောက်ခေးရှင်နှင့် ခေးနှစ်လက်တို့သည် အိပ်ရာမှ လန့်နိုးလာကြသည်။

သူတို့သည် စီလူရိန်ကို မြင်တွေ့လိုက်ရသဖြင့် အံ့သြသွားကြသည်။

ထို့ပြင် တိန်စွန်ချန် ပန်းသီးစားနေသည်ကို မြင်ရသောအခါ တံတွေးကို မျိုချနေရတော့သည်။

သူတို့လည်း ဆာလောင်နေကြသည် မဟုတ်ပါလော။

"ပန်းသီးက ဟိုလူတွေအတွက်တော့ မပါဘူးလား"

"ဟင့်အင်း....မပါဘူး"

"ဒါဖြင့် ကျုပ်တော်ပါပြီ၊ သူတို့ကိုပါကျွေးလိုက်ပါဦး"

ကျွေးလိုက်ပါဟုပြောသော်လည်း ပန်းသီးမှာ တစ်ခြမ်းငင် မကျန်တော့ချေ။

စီလူရိန်သည် ကျောက်ခေးရှင်နှင့် ခေးနှစ်လက်တို့အားကျန်ပန်းသီးကို တစ်ဝက်စီကျွေးလိုက်သည်။

၎င်းတို့ကလည်း အားရပါးရ စားကြသည်။

"ရှူး...ရှူး"



ကျောက်ခေးရှင်ထံမှ တရှူးရှူးနှင့် အသံကြားလိုက်ရသဖြင့် အားလုံး အခကြာများဘောင့်တင်း၍သွားကြသည်။

တိန်စွန်ချန် လှမ်းကြည့်လိုက်သောအခါ ကန္တာရသား တစ်ဦး ကင်းလှည့်လာသည်ကို တွေ့ရလေ၏။

"စီလူရိန်၊ ကျုပ်နောက်ဘက်ကို ပြေးကပ်လိုက်"

စီလူရိန်သည် တိန်စွန်ချန်၏ နောက်၌ ဝင်ရပ်လိုက်ရာ ပျောက်သွားသည်။

ညအမှောင်ရိပ်ကလည်း ထိုးနေသဖြင့် သူမကို တော်ရုံတန်ရုံ ကြည့်ရုံဖြင့် မမြင်ရတော့ချေ။

ကင်းသမား ကန္တာရသားမှာ သီချင်းတစ်ပုဒ်ညည်းရင်း လှမ်းသွားသည်။

သူသည် မည်သူ့ကိုမျှ သံသယမဝင်ချေ။

ကင်းသမားလွန်သွားသောအခါမှ တိန်စွန်ချန်တို့ စကားပြောကြသည်။

"မင်းမှာ ခေးမပါဘူးလား"

"ပါတယ်၊ လိုလိုမည်မည်ယူလာခဲ့တာ၊ ရှင်ဘာလုပ်မလို့လဲ"

သူမသည် ခါးကြားထဲမှ ဝှက်ယူလာသော ဓားမြှောင်ကို ထုတ်ပြလေ၏။

"ဓားပါတဲ့နောက် ဘာပြောစရာလိုတော့သလဲ၊ ကျုပ်တို့ အတုပ်အနှောင်ခံနေရတာတွေကို ဖြတ်ပစ်လိုက်တော့၊ ကြိုးတွေကို မြန်မြန်ဖြတ်ပစ်"

တိန်စွန်ချန်၏စကားကြောင့် သူမမျက်လုံးပြူးကျယ်သွားရ၏။

သူမ ဤနေရာသို့ ရောက်လာခြင်းမှာ နေ့လယ်က တွေ့ရသော တိန်စွန်ချန်၏ ပိန်ချုံးနေသော အခြေအနေနှင့် ညနေက အစောင့်များက ရိုက်နှက်သည်ဟူသော သတင်းစကားကိုကြားသိရသည့်အတွက် ပန်းသီးကျွေးရန်သာ ထွက်လာခဲ့ခြင်း ဖြစ်သည်။

သူတို့ လွတ်မြောက်စေရန် ကယ်တင်မည့်အကြံဖြင့် လာခြင်း မဟုတ်ပေ။

ထို့ပြင် နေ့လယ်က ဘိုးသက်ပြင်း ဝါတန်းစုက သူမအား ဓားစာခံလုပ်ခဲ့ခြင်းကို သူမ မကျေနပ်ချေ။

သူမကို ဓားစားခံလုပ်ခြင်းကို သူမ အရွဲ့တိုက်လိုသည်။



သူမသည် ပန်းသီးတစ်လုံးကိုယူပြီး တိန်စွန်ချန်အား သွားကျွေးမည်ဟုပြောပြီး ထွက်လာခဲ့ခြင်းဖြစ်သည်။

လျော်ချန်းသည် သူမကို ဓားစာခံလုပ်ခြင်းကို လုံးဝသဘောမကျပါချေ။ ဝါတန်းစုကိုလည်း စိတ်ထဲက မျက်မိသည်။

* * *

ထို့ကြောင့် စီလူရိန် စိတ်ပြေပါစေတော့ သဘောဖြင့် သူ့စိတ်ကြိုက် လုပ်ဆောင်စေရန် ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ ဤနေရာသို့ လာခြင်းကို လျော်ချန်းသိသည်။

တိန်စွန်ချန်သည် သူ့ကို ကယ်တင်ရန် ပြောသောအခါ စီလူရိန် အကျပ်ရိုက်သွားလေ၏။

သူမက ဓားပါသည်ဟု ပြောလိုက်ခြင်းမှာ သူမ၏အမှားသာ ဖြစ်သည်။

နောက်ဆုံးတွင် သူမသည် ဓားမြှောင်ဖြင့် တိန်စွန်ချန်၏ ကြိုးများကို ဖြတ်တောက်ပေးလိုက်ရသည်။

တိန်စွန်ချန်သည် ကျောက်ခဲ့ရှင်နှင့် ခေးနှစ်လက်တို့ကို တုပ်နှောင်ထားသော ကြိုးများကိုလည်း ဖြတ်ပေးလိုက်၏။

ကျောက်ခဲ့ရှင်နှင့် ခေးနှစ်လက်တို့မှာ အနှောင်အဖွဲ့မှ လွတ်မြောက်သွားကြသည်။

ကန္တာရသား ကင်းစောင့်များသည် သူတို့ လှုပ်ရှားမှုကို တွေ့သောအခါ ပြေးလာကြသည်။

"မပြေးနဲ့၊ ရပ်ကြစမ်း"

ကျောက်ခဲ့ရှင်နှင့် ခေးနှစ်လက်တို့မှာ ပြေးရန်ကြံနေရာမှ ရပ်နေသည့် တိန်စွန်ချန်ကို အသဲအမဲ လှမ်းခေါ်လိုက်လေ၏။

"သခင်လေး တိန်စွန်ချန်၊ မြန်မြန်လာ၊ အမြန်ဆုံး ပြေးကြမယ်"

တိန်စွန်ချန်က....

"ပြေးနှင့်၊ ကျုပ်လိုက်ခဲ့ပါ့မယ်"

တိန်စွန်ချန်သည် စီလူရိန်အား လက်ဆွဲ၍ပြေးသည်။

စီလူရိန် လိုက်မပြေးသဖြင့် အံ့အားသင့်သွား၏။

"စီလူရိန်၊ ဘာဖြစ်လို့ ရပ်နေတာလဲ"



"သခင်လေး တိန်စွန်ချန်၊ သခင်မလေး စီလူရိန်ကို မခေါ်ပါနဲ့၊ ထားခဲ့၊ ကျုပ်တို့သာ လွတ်အောင် ပြေးရမယ်"

"မပြေးဘူး၊ သူ့ကိုပါ အပါခေါ်ရမယ်"

သူသည် စီလူရိန်အား လှည့်ပြောလေ၏။

"စီလူရိန်....လာလေ၊ ဟိုမှာ မင်းရဲ့ခမည်းတော်နဲ့ ကျုပ်တို့ရဲ့ ခမည်းတော်တွေ ရှိနေကြတယ်၊ သူတို့ဆီ အရောက် ပြေးကြမယ်"

"ရှင်တို့ဘာသာပြေးကြပါ၊ လွတ်အောင် ပြေးကြပါ၊ ကျွန်မပါနေရင် ရှင်တို့လွတ်မှာမဟုတ်ဘူး"

ကျောက်ခဲ့ရှင်နှင့် ခေးနှစ်လက်တို့သည် တိန်စွန်ချန်အား ခေါ်မရသဖြင့် မှောင်ရိပ်ထဲသို့ ပြေးဝင်သွားကြလေသည်။

တိန်စွန်ချန်က....

"လာပါ စီလူရိန်၊ ကျုပ်တို့ ထွက်ပြေးရင် လွတ်ပါတယ်"

"ဟိုမှာ.... ကန္တာရသားတွေ ပြေးလာနေပြီ၊ ရှင်သာ လွတ်အောင် ပြေးပါ"

"မလိုက်လို့ မရဘူး၊ ကန္တာရသားတွေ လက်ထဲမှာ မထားခဲ့နိုင်ဘူး"

"ဟင့်အင်း....မလိုက်ဘူး"

တိန်စွန်ချန်က အတင်းဆွဲခေါ်သည်။

စီလူရိန်က ရုန်းကန်သည်။

ထိုစဉ်....

ကန္တာရသား အစောင့်များရောက်ရှိလာ၏။

"ဝှစ်...."

"ဒုတ်...."

"ဖြောင်း...."

"အား...."

ဓားချက်က တိန်စွန်ချန်အား မထိချေ။

သူ့ဘေးမှတိုင်အား သွားခုတ်မိ၏။

ထိုအခါ တိန်စွန်ချန်က ဓားသမားအား ခြေထောက်ဖြင့် စိုက်ကန်လိုက်သည်။

ဓားသမား လွင့်စဉ်သွားသည်။

တိန်စွန်ချန်သည် ထက်ကြပ်မကွာခုန်ဝင်သွားပြီး နောက်ကျောကို ဓားနှင့်ထိုးလိုက်၏။



"အင့်"

ဓားသမား သေဆုံးသွားလေပြီ။

နောက်ကန္တာရ ဓားသမားတစ်ဦး ပြေးလာပြီး ခုန်ဝင်လာပြန်သည်။

ထိုဓားချက်ကိုလည်း တိန်စွန်ချန် ရှောင်လိုက်နိုင်ပြန်၏။ ထိုဓားသမား၏ ဝမ်းဗိုက်အတွင်းသို့ ဓားမြှောင်ဝင်သွားပြန်သည်။

"အင့်...."

"သွားမယ် စီလူရိန်၊ အချိန် သိပ်မရှိတော့ဘူး"

"ဟင့်အင်....ဟင့်အင်း"

သူ ဆွဲခေါ်နေစဉ် ကင်းသမားကန္တာရသားနှစ်ယောက် ရောက်ရှိလာပြန်၏။

"နောက်မှာ....နောက်မှာ"

စီလူရိန်က သတိပေးလိုက်၏။

တိန်စွန်ချန်သည် ငုံ့ရှောင်လိုက်သည်။

"ဝှီး...."

ဓားသည် သူ့ခေါင်းပေါ်မှ ကပ်၍ ဖြတ်သန်းသွား၏။

ကန္တာရ ဓားသမား ကင်းသမားမှာ တိန်စွန်ချန်၌ မည်သည့်လက်နက်မျှ မရှိဟုထင်ထားသည်။

တိန်စွန်ချန်က လျှပ်တစ်ပြက် ဓားမြှောင်ဖြင့် တိုက်လိုက်သည့်အခါတွင် သူသည် မျက်လုံးကြီးပြူးထွက်လာပြီး ဇီဝိန်ကြွေသွားလေတော့၏။

နောက်တစ်ဦးနှင့် သူတွေ့တော့သည်။

ကန္တာရတပ်သားက ဓားရှည်နှင့်။

သူက ဓားမြှောင်နှင့်။

တိုက်ပွဲမှာ ပြင်းထန်လှ၏။

တိန်စွန်ချန်မှာ သိုင်းပညာ အတော် ထက်မြက်သဖြင့် ကန္တာရသား၏ တိုက်ကွက်ကို ခုခံနိုင်ခြင်းဖြစ်သည်။

သူတို့သည် မှိန်ပျပျလရောင်အောက်၌ တစ်ဦးကိုတစ်ဦး အလွတ်မပေးဝံ့ဘဲတိုက်ခိုက်နေကြသည်။ ထိုအခိုက် ကန္တာရသားသည် လွှဲ၍ ခုတ်လိုက်သည်။

"ဝှီး...."

တိန်စွန်ချန်သည် အလွန်မျက်စိရှင်သည်။ ထို ဓားချက်ကို ဓားမြှောင်ဖြင့် ခံလိုက်သည်။

"ချွမ်း"

သူသည် ခြေထောက်တစ်ဖက်ဖြင့် ကန္တာရသား၏ ရင်ဝကို ကန်လိုက်လေ၏။



ကန္တာရသား လွင့်စဉ်ထွက်သွား၏။

"ဝှီး...."

တိန်စွန်ချန်က လက်ထဲမှ ဓားမြှောင်ကို လွှဲပစ်လိုက်ရာ ထိုဓားမြှောင်သည် ကန္တာရသား၏ နောက်ကျောကို သွားစိုက်သည်။

"ဒုတ်"

"အင့်"

ကန္တာရသားမှာ တစ်ချက်တည်းနှင့် အသက်ထွက်သွားလေ၏။

တိန်စွန်ချန်သည် လှစ်ခနဲ ခုန်ဝင်ပြီး ကန္တာရဓားသမား၏ ဓားရှည်ကို ကောက်ယူရန် ဟန်ပြင်လိုက်သည်။

"ဒုတ်"

ထိုစဉ် သူ့ဦးခေါင်းသို့ ပြင်းထန်သော ရိုက်ချက်တစ်ခု ကျရောက်လာပြီး မှောင်အတိ ကျသွားတော့၏။ လူသည်း မြေပေါ်သို့ ပုံလဲကျသွားသည်။

"မြန်မြန် လာစမ်း"

စီလူရိန်အား လက်ကြမ်းကြီး တစ်ဖက်က ဆွဲခေါ်လာသည်။

စီလူရိန်သည် အဆန့်တကြား မော့ကြည့်လေသည်။

လျော်ချန်းကို တွေ့လိုက်ရသောအခါမှ စိတ်သက်သာရာ ရသွားၡ၏။

လျော်ချန်းသည် စီလူရိန်အား ဆွဲခေါ်၍ မြို့ထဲဝင်သွားသည်။

တိန်စွန်ချန်ကား မေ့လဲနေပေပြီ။

ကျောက်ခေါးရှင်နှင့်ခေါးနှစ်လက်မှာမူ လွတ်မြောက်သွားကြသည်။

★

## အခန်း (၃၅)

### အချစ်အတွက် သက်သေ

နံနက်လင်းချိန်။

နံနက်လင်းသည့်အခါ ဘိုးသက်ပြင်း ဝါတန်းစုသည် မြို့စား၏ စံအိမ်တော်ဆီသို့ စောစီးစွာရောက်ရှိလာလေသည်။

သူ့မျက်နှာမှာ နီမြန်းနေသည်။

ဒေါသထွက်နေကြောင်း သိသာသည်။

"ဘယ်လိုဖြစ်နေတာလဲ ဘသက်ပြင်းရဲ့"

"အဖြစ်ကတော့ ဆိုးတယ်မြို့စား"

"ဘာတွေများ ဆိုးနေရတာလဲ"

"ည...ညတုန်းကဗျလ၊ ညတုန်းက"

"ညတုန်းက ရန်သူတွေလဲ လာမတိုက်ပါဘူး"

"ရန်သူလာတိုက်တာ မဟုတ်ဘူး၊ ကျုပ်တို့ ကြိုးချည်ထားတဲ့ တန့်ဝမ်နှစ်ယောက် လွတ်သွားတာဗျ မြို့စားရဲ့"

"ဟာ...ဟုတ်လား၊ ဘယ်လို ဖြစ်တာတုံး"

လျော်ချန်းသည် အံ့ဩဟန်ဆောင်လျက် မေးမြန်းလိုက်သည်။

"ကျုပ်တို့ကောင်တွေ သေကျန်ရစ်ခဲ့တယ်"

"ဟင်...ဟုတ်လား၊ ထွက်သွားတဲ့လူတွေက ဘယ်သူတွေလဲဗျ"

"ဟို မြို့စား စီတန်ကုံးရဲ့ သက်တော်စောင့်နှစ်ယောက်လေ...ဟင်း"

ပြောရင်း ဝါတန်းစုသည် ဒေါသ ဖြစ်နေလေသည်။

လျော်ချန်းက....

"ဘယ်လို လွတ်သွားတာလဲဗျ၊ ကြိုးနဲ့ တုပ်ထားတယ် မဟုတ်လား"



"ကျုပ် ကိုယ်တိုင် သေသေချာချာ ချည်ခိုင်းထားတာပဲဗျ"

"ဒါတောင် ဒီကောင်တွေ ကြိုးဖြေပြီး ထွက်ပြေးသွားတယ် ဟုတ်လား"

လျော်ချန်းက အံ့ဩဟန်နှင့် ပြန်မေးလေသည်။

"ဘယ်ကလာသူတို့ပြေးနိုင်မှာလဲ၊ ဒါဟာ ကန္တာရသားတစ်ဦးရဲ့ ဓားမြှောင်နဲ့ ဖြတ်တောက် ထွက်ပြေးသွားဘာလို့ သဲလွန်စ ရတယ်၊ ကန္တာရသားတစ်ဦးရဲ့ ဓားမြှောင်ကိုလဲ အဲဒီနေရာမှာ လဲကျနေတဲ့ ကန္တာရသားတစ်ဦးရဲ့ နောက်ကျောမှာ စိုက်နေတာ တွေ့ရတယ်၊ ဓားမြှောင်ဟာ ကျုပ်တို့ ကန္တာရသားတွေ ကိုင်လေ့ရှိတဲ့ ဓားမြှောင်ပဲ"

လျော်ချန်းသည် သူတို့အနီးသို့ သစ်သီးဗန်းကို ကိုင်ကာ ရောက်ရှိလာသည့် စီလူရိန်အား မသိမသာ ကြည့်ရှုလိုက်လေ၏။

စီလူရိန်က ဣန္ဒြေမပျက် သစ်သီးဗန်းကို စားပွဲပေါ် ချပေးလိုက်သည်။

"ကျုပ်တို့မှာ အတွင်းရန်သူရှိနေပြီ မြို့စား"

ဝါတန်းစုက ဒေါသဖြစ်သည့် အသံနှင့် ပြောလိုက်၏။ သူသည် စီလူရိန်ကို မသက်သာသလို ကြည့်သည်။

စီလူရိန်ကတော့ လုံးဝ ဣန္ဒြေမပျက်ချေ။

"စားပါဦး ဘဝါတန်းစု"

စီလူရိန်သည် သစ်သီးဗန်းကို ဝါတန်းစုရှေ့သို့ ထိုးပေးလေသည်။

ဝါတန်းစုက....

"စားရမှာတောင် ခပ်လန့်လန့်ပဲ"

စီလူရိန်က အထိတ်တလန့် ဖြစ်သွားလေသည်။

"ဘာဖြစ်လို့လဲ ဘဝါတန်းစုရဲ့"

"ဪ....ကျုပ် သိပ်နေမကောင်းဘူး မဟုတ်လား၊ ဒါကြောင့် တည့်မှတည့်ပါ့မလားလို့ ပြောတာပါ"

ဝါတန်းစုက ဆက်ပြောလေသည်။

"စကားမစပ် ပြောရဦးမယ်၊ ထွက်ပြေးသွားတဲ့ နေရာမှာ လူငယ်တစ်ယောက်ကတော့ မေ့လဲကျန်နေတယ်၊ သူဟာ ဟန်ဝမ်တွေထဲက လူငယ်ပဲ၊ ဘာဖြစ်လို့ မေ့ကျန်နေတာလဲ မသိဘူး....



"အဓိကအချက်ကတော့ ကန္တာရသားတစ်ဦးရဲ့ ကျောမှာ စိုက်ဝင်နေတဲ့ ဓားဟာ ဘယ်သူ့ဓား ဖြစ်မလဲဆိုတာ မြို့စား ကြည့်ရှုစေချင်ပါတယ်"

ဝါတန်းစုသည် ဓားမြှောင်ကို စားပွဲပေါ် တင်လိုက်၏။

လျော်ချန်းသည် စီလူရိန်ကို မသိမသာ ငဲ့ကြည့်သည်။

သူကြည့်သည်ကို ဝါတန်းစု မမြင်ချေ။ မမြင်အောင် ကြည့်ခြင်းဖြစ်သည်။

လျော်ချန်းက....

"အင်း....ကန္တာရသားတွေ ကိုင်လေ့ကိုင်ထရှိတဲ့ ဓားမြှောင်မျိုးပဲ၊ ဒီဓားပိုင်ရှင်သိရင် ရန်သူကိုလဲသိဖို့ မခဲယဉ်းတော့ဘူးပေါ့"

စီလူရိန်ကမူ မျက်လွှာချ၍ ခေါင်းငုံ့နေလေ၏။

ဓားမြှောင်သည် ပစ်ပေါက်ရန် အလွန် ကောင်းသည့် ပုံစံဖြင့် သွန်းလုပ်ထားခြင်း ဖြစ်သည်။

ဝါဘန်းစုက....

"ကျုပ်ဖြင့် မစဉ်းစားတတ်အောင် ဖြစ်နေတာပဲ၊ ဟန်ဝမ် လူငယ်လေးဟာ ကျုပ်တို့ ကန္တာရသားတွေကို သေ

အောင် တိုက်ခိုက်နိုင်တယ်၊ သူလဲ ဟန်ဝမ် နှစ်ယောက်လို ထွက်ပြေးနိုင်တယ်....

"ဒါပေမယ့် သူဟာ မှောက်လျက်လဲကျပြီး သတိမေ့နေတယ်၊ ကျုပ်အဲဒါကို စဉ်းစားလို့မရဘူး၊ ထွက်ပြေးနိုင်ခွင့်ရှိပါလျက်နဲ့ ဘာကြောင့် မေ့လဲနေရတာလဲ"

ဗျော်ချန်းက ညည်းညူသလို ပြောလိုက်သည်။

"ကျုပ်တော့ မတွေးတတ်ပါဘူးဗျာ"

"အေးလေ....ဘာဖြစ်ဖြစ် ကျုပ်တို့ဆီမှာ အတွင်းရန်သူတစ်ယောက် ရှိနေပြီဆိုတာတော့ သိထားရတာပဲ၊ အဲဒီရန်သူကို ကျုပ်တို့သိမှ ဖြစ်မှာ၊ ဘာဖြစ်လို့လဲ ဆိုတော့ အတွင်းရန်သူဟာ ကျုပ်တို့ကို အချိန်မရွေး အန္တရာယ်ပေးနိုင်တယ်ဗျ"

"ဟုတ်တယ်ဗျာ"

"မြို့စားလဲ ဟိုနားဒီနား သွားရင် သတိထားပါ၊ ရန်သူဟာ ကိုယ့်ကျောနား ကပ်နေတယ်ဆိုတာ သိရှိစေချင်ပါတယ်"

"စိတ်ချပါဗျာ၊ ကျုပ်က ဘယ်ရန်သူကိုမှ မမှုပါဘူး၊ တစ်သက်ချင်းလဲရရင်, ကျုပ်ဟာ သေပျော်ပြီလို့ မှတ်ထား



တဲ့ လူပဲ၊ ကျုပ်ကို တော်ရုံတန်ရုံ လူကလဲ မသင်နိုင်ပါဘူး"

"ကောင်းပါရဲ့ဗျာ၊ မြို့စားသား ဆိုတဲ့ ဟန်ဝမ်လူငယ်ကိုတော့ ကျုပ်တို့ ပြန်ချုပ်ထားလိုက်ပြီ၊ ဒီတစ်ခါတော့ သံကြိုးကြီးကြီးနဲ့ကို ချည်ထားလိုက်တာပဲ၊ လာကယ်လေ၊ လာကယ်တဲ့ ကယ်တင်ရှင်ကိုတော့ ဝိုင်းဖမ်းရမှာပဲ၊ ဘေးမှာလဲ လျှို့ဝှက်အစောင့်တွေ ချထားတယ်"

"ကောင်းတယ် ဘသက်ပြင်း"

"အဲဒီမြို့စားသားဆိုတဲ့ ဟန်ဝမ်ကောင်လေးကို မြို့စားသွားကြည့်လိုက်ပါဦး"

"ကောင်းပြီ ဘသက်ပြင်း၊ ကျုပ် သွားကြည့်လိုက်မယ်"

"ကျုပ် အခု မြို့ထဲကိုလှည့်ပြီး စစ်ဆေးမယ်၊ မြို့စားလိုက်မလား"

"မလိုက်တော့ဘူး၊ ဟိုမြို့စားသားကို ကြည့်ဖို့လဲ ရှိသေးတယ်၊ စောစောက ရန်သူ အခြေအနေကို ကြည့်ခဲ့သေးတယ် မဟုတ်လား"

"ရန်သူကတော့ အခိုင်အမာ စခန်းချနေကြပြီ၊ ရွက်ဖျင်တဲတွေဘာတွေတောင် ထိုးနေကြပြီ၊ သူတို့ဟာ ကျုပ်တို့ကို အခိုင်အမာ ပိတ်ဆို့ဖို့ ကြံနေတာပဲ ဖြစ်မယ်"

"အေးလေ၊ ငါတို့ကန္တာရတပ်သားတွေကိုအပြင်မထွက်ဖို့ ကြပ်မတ်ပေးပေတော့"

ဝါတန်းစုသည် လျော်ချန်းအား နှုတ်ဆက်၍ထွက်သွားလေ၏။

ထိုအခါကျမှ လျော်ချန်းနှင့် စီလူရိန်သည် သက်ပြင်းချမိကြသည်။

"အဘိုးကြီးကြည့်ရတာ မင်းကို မသင်္ကာသလိုလိုပဲ"

"ဟုတ်တယ်၊ ရှင်တို့ကန္တာရသားတွေထဲမှာရောက်နေတဲ့ ဟန်ဝမ်အသိုင်းအဝိုင်းဆိုလို့ ကျွန်မတစ်ယောက်တည်းရှိတာပဲ၊ ဒီတော့ ကျွန်မကို မသင်္ကာ ဖြစ်မှာပေါ့၊ နောက်ပြီး သက်သေ အထင်အရှား မတွေ့လို့ပါ၊ တွေ့ရင် သူကရှင့်ကို ပြောမှာပဲ"

"ကျုပ် အချိန်မီရောက်လာပေလို့ပေါ့၊ အချိန်မီသာ မရောက်ရင် အားလုံးငါးပါးမှောက်ကုန်မှာပဲ"

"ရှင်က ဘာဖြစ်လို့ အဘိုးကြီးလက်ထဲ ကျွန်မကိုအပ်ရတာလဲ"



"မအပ်လို့ဖြစ်မလား စီလူရိန်ရယ်၊ ဒါက စစ်ရေးအရ လိုအပ်မှုပဲ၊ မင်းကိုမအပ်ရင် တို့လူတွေအများကြီးသေကုန်မှာပေါ့"

"ရှင်တို့လူတွေ သေမှာတော့ကြောက်တယ်၊ ကျွန်မ သေမှာတော့ ရှင်မကြောက်ဘူးလား"

"ခက်ရချည်ရဲ့စီလူရိန်ရယ်၊ ဒါက သဏ္ဌာန်လုပ် သရုပ်တူအောင် လုပ်နေရတာကွ၊ အဘိုးကြီးက မင်းကိုဟန် ဆောင်ပန်ဆောင်လုပ်နေတာပါ၊ သူ တကယ်လုပ်ရင်လဲ ငါက ဘယ်ခံမလဲကွ"

"ဖေဖေတို့က သဘောတူလက်ခံလို့ပေါ့၊ ဖေဖေတို့က သာ လက်မခံဘူးဆိုရင် ကျွန်မသေပြီ"

သူမသည် မကျေမနပ်ဖြင့် ဆက်လက်၍ပြောဆိုလိုက်လေသည်။

လျော်ချန်းမှာ စိတ်ညစ်သွားသည်။

"တော်ပါတော့ကွာ၊ ငါတောင်းပန်ပါတယ်၊ ဒီတစ်ခါ မင်းစိတ်ဆိုးရင် ငါ့ကိုသာ သတ်သွားပါတော့"

လျော်ချန်းသည် အမှန်တကယ် စိတ်ထဲရှိရာကို ပြောလိုက်ခြင်းဖြစ်သည်။

ထိုအခါကျမှ စီလူရိန်မျက်နှာသား ပျော့ပျောင်းသွားသည်။

"သွားပါ၊ မသတ်ဝံ့မှန်းသိလို့ သတ်ခိုင်းနေတာမဟုတ်လား၊ ဒီကသတ်ဖို့နေနေသာသာ ခွဲရမှာကိုတောင် ကြောက်နေတာ၊ ဟိုကအတင်းဆွဲခေါ်တာတောင် မလိုက်ဘဲနေခဲ့တာ၊ ခုဆို ကျောက်ဓားရှင်တို့က ဖေဖေ့ကို ပြန်ပြောနေလောက်ပြီ"

လျော်ချန်းသည် စဉ်းစားနေ၏။

စီလူရိန်က....

"ဒီတစ်ခါ အတိုးကြီး အဲဒီနည်းပရိယာယ်ကိုလုပ်ရင် လုံးဝ အောင်မြင်မှာ မဟုတ်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေတို့က အခြေအနေမှန်ကို သိသွားပြီမဟုတ်လား၊ သေရင်သေပါစေဆိုပြီး ပစ်ထားတော့မှာပဲ"

စီလူရိန်သည် ရှိုက်၍ရှိုက်၍ ငိုကြွေးလေတော့၏။

လျော်ချန်း မနေနိုင်တော့ချေ။

"ကဲ...ဒါတွေ တွေးမနေပါနဲ့ကွာ၊ မင်း ငါ့ကိုမခွဲနိုင်ဘူးမဟုတ်လား"



သူမသည် မျက်ရည်များကိုသုတ်ရင်း ခေါင်းညိတ်ပြလေသည်။

"အေး....ငါလဲမင်းကိုမခွဲနိုင်ပါဘူးကွယ်၊ ငါက မြင်မြင်ချင်း ချစ်တဲ့လူပါ"

ထိုအခါ စီလူရိန်သည် လျော်ချန်း၏ ရင်ခွင်ကျယ်ကြီးအတွင်းသို့ မျက်နှာအပ်၍ငိုလေတော့သည်။

လျော်ချန်းသည် စီလူရိန်၏ဆံပင်များကို ပွတ်သပ်ပြီး ချော့မော့နေသည်။

"ကျွန်မဟာ ဟန်ဝမ်သစ္စာဖောက်တစ်ဦး ဖြစ်တဲ့အပြင် ရှင်တို့ရဲ့ကန္တာရသားတွေရဲ့ ရန်သူတစ်ဦးအဖြစ်လဲ့ အစွပ်စွဲခံနေရတာပါ၊ အဲဒါတွေ ဘာကြောင့် ဖြစ်နေရတယ်ဆိုတာ ရှင်သိလား"

"ငါသိပါတယ်ကွယ်၊ ငါ့ကို ချစ်လို့ မင်းဒီလိုဖြစ်နေရတယ်ဆိုတာ ငါသိပါတယ်၊ ငါလဲမြို့စားကြီးတစ်ယောက်အနေနဲ့ ဘယ်သူ့ကိုမှကြောက်ရွံ့စရာမလိုပါဘူး၊ ဒါပေမယ့် ဝါတန်းစုကို ငါကြောက်နေမိတယ်၊ ဘာကြောင့်ကြောက်နေရတယ်ဆိုတာလဲ မင်းသိပါတယ်ကွယ်"

"ကျွန်မကို ချစ်မိလို့လား"

"ဒါပဲပေါ့ကွယ်"

သူတို့သည် တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ပွေ့ဖက်လိုက်ကြလေ၏၊ အခန်းထဲဝယ် ချစ်ရနံ့တို့ဖြင့် မွှေးကြိုင်ပြည့်လျှမ်းသွားလေသည်။

*   *   *

ဟန်ဝမ်မြို့ရှိ ကန္တာရသားများအနက် လျော်ချန်းအား မုန်းတီးနေသူတစ်ဦးရှိ၏။ သူကား လျော်ချန်း၏ လက်ချက်နှင့် သေဆုံးခဲ့ရသည့် ယခင်က ကန္တာရသားများ၏ ခေါင်းဆောင် ဝါအင်ကီး၏လက်ရုံးတစ်ဦးသာတည်း။

ထိုသူ၏နာမည်မှာ လင်စိကျွန်းဆိုသူဖြစ်၏။

လင်စိကျွန်းသည် လျော်ချန်းနှင့် သက်တူရွယ်တူပင်ဖြစ်သည်။ လျော်ချန်း၏ကိုယ်လုံးကိုယ်ပေါက်မျိုးပင်ဖြစ်၏၊ ရုပ်ရည်မှာလည်း လျော်ချန်းလောက် မချောမောသော်လည်း အတန်အသင့် ရုပ်ရည်ရှိသည်။

သူသည် အများက လျော်ချန်းအား ခေါင်းဆောင်အဖြစ် တင်မြှောက်၍သာ နောက်လိုက်အဖြစ် လိုက်နာနေရသော်လည်း စိတ်ထဲကမူ မကျေနပ်ချေ။



အသာငြိမ်ကုပ်ပြီး နေရသော်လည်း ရင်ထဲမှ မကျေနပ်ချက်ကမူ တညီးညီးတောက်လောင်နေခဲ့၏။

သူသည် လျော်ချန်းကို မရှုဆိတ်သူတစ်ဦး ဖြစ်နေခဲ့၏။

လင်စိကျွန်းသည် သူ့မိတ်ဆွေ ဆရာဝါအင်ကီးသေဆုံးသွားသည့်အတွက် လျော်ချန်းကို အကြီးအကျယ် မကျေနပ်ချေ။

သို့သော်....

သူသည်လည်း လျော်ချန်းကို မယှဉ်နိုင်ချေ။ ထို့ကြောင့် ကြိတ်မှိတ်ပြီး အောင့်အည်းနေရသည်။

လူချင်းတူသော်လည်း သိုင်းပညာအဆင့်တွင်မူ လျော်ချန်းက သာသည်ကို သူကိုယ်တိုင်က သိရှိနေသည်။

ထို့ကြောင့် ဓားပညာကိုသာ အပတ်တကုတ် လေ့ကျင့်နေခဲ့သည်။

သူသည် တစ်နေ့တွင် ဝါအင်ကီးအတွက် လက်စားချေကာ လျော်ချန်းအား ဖြုတ်ချမည်ဟု ရည်ရွယ်ချက် ထားရှိသူ ဖြစ်သည်။

ပထမတော့ ဝါအင်ကီး၏ဖခင် ဝါတန်းစုနှင့် ပူးပေါင်းကာ လျော်ချန်း ပျက်စီးရာပျက်စီးကြောင်းကြံမည်ဟုစိတ်ကူးခဲ့သည်။

သို့ရာတွင် ဘိုးသက်ပြင်းဝါတန်းစုသည် လျော်ချန်းအား လေးစားနေကြောင်း တွေ့ရသောအခါ သူသည် အကြံအစည်ကို စိတ်လျှော့လိုက်၏။

ဓားသိုင်းကို လေ့ကျင့်ရင်း နောက်လိုက် ဓားသမားအဖြစ်နှင့်သာ နေခဲ့သည်။

ယခု လျော်ချန်းကို နှစ်ဆတိုး၍ မနာလိုမရှုဆိတ်သူတစ်ဦး ဖြစ်နေပေပြီ။

အဘယ်ကြောင့်ဆိုသော် စီလူရိန်အား မြို့စားကတော်တင်မြှောက်လိုက်ခြင်းကြောင့် ပေတည်း။

ဤအချက်ကို သူသည် လွန်စွာခါးခါးသီးသီး ဖြစ်မိ၏၊ အဘယ်ကြောင့်ဆိုသော် စီလူရိန်ကို စွဲလမ်းတပ်မက်နေသောကြောင့်တည်း။

လင်စီကျွန်းသည် လိမ္မာပါးနပ်သူတစ်ဦး ဖြစ်၏။

ကျင်ကျွမ်းမြို့စား၏သား တိန်စွန်ချန် မေ့လဲကျနေသည့်နေရာ၌ တွေ့ရသော ကန္တာရသား တစ်ဦး၏နောက်ကျော၌ ဓားတစ်ချောင်း စိုက်ဝင်နေသည်။ ထိုဓားကို ဝါတန်းစုက ရရှိသွားသည်။



သူက အရင်ဆုံး ရှာဖွေတွေ့ရှိခြင်း ဖြစ်၏။ ထိုဓားကို ဝါတန်းစုအား ပေးအပ်လိုက်ခြင်းဖြစ်သည်။

သူသည် ကန္တာရသားခေါင်းဆောင်ငယ်များနှင့် လျော်ချန်း ကိုင်စွဲနေသည့်ဓားအားလုံးကိုမှတ်မိ၏။

ထိုဓားတိုသည် လျော်ချန်း၏ ဓားတိုမှန်း သူ သိသည်။

သို့သော်....

သူ သိရှိကြောင်းကို မည်သူ့ကိုမျှ ထုတ်ဖော် မပြောခဲ့ချေ။

ပြောမပြခြင်းမှာ သူ့အတွက် မည်သည့်အကျိုးထူးမျှ ဖြစ်ပေါ်မလာကြောင်း သိထား၍ဖြစ်သည်။

အကျိုးထူး ဖြစ်ပေါ်နိုင်သည့် တစ်နေ့တွင် ထုတ်ဖော်ပြောဆိုမည်ဟု ကြံရွယ်ချက် ရှိသည်။

ထိုအခွင့်အရေးကို လင်စီကျွန်းတစ်ယောက် မကြာမီရရှိလေတော့၏။

ထိုနေ့က လျော်ချန်းသည် စံတော်အိမ်၌မရှိဘဲ ဝါတန်းစုနှင့် မြို့တံခါးကို သွားရောက်စစ်ဆေးရန် ထွက်ခွာသွားသည့်အချိန် ဖြစ်သည်။

လင်စိက္ကျွန်းသည် စံအိမ်တော်စောင့်အဖြစ် ကျန်ရစ်ခဲ့သည်။

စံအိမ်တော် အိမ်ရှေ့ဥယျာဉ်ထဲဝယ် စီလူရိန် တစ်ယောက် ပန်းများခူးနေသည်ကို တွေ့လိုက်ရသည်။ ပန်းခြံထဲသို့ မယောင်မလည် ထွက်ခဲ့သည်။

"သခင်မလေး၊ ပန်းတွေခူးလှချည်လား"

စီလူရိန်က ရိုးရိုးတန်းတန်း မေးသည်ထင်၍ ရိုးရိုးတန်းတန်းပင် ဖြေသည်။

"ဟုတ်တယ်၊ ပန်းတွေက လှတာကိုး"

"လှတဲ့လူပဲဗျာ၊ ပန်းပန်စရာ မလိုပါဘူး"

သူ့စကားက ရိသဲ့သဲ့စကားဖြစ်၍ စီလူရိန်က သေချာစွာ ကြည့်မိသည်။

ပြုံးဖြီဖြီးလုပ်နေသော အမူအရာကို တွေ့သောအခါ ထိုစကားသည် မရိုးသားသောစကား ဖြစ်ကြောင်း သိသွားသည်။

သူမ၏ မျက်နှာကြောသည် တင်းသွား၏။

"ပန်းခြံထဲမှာ ရှင့်တာဝန် ရှိလို့လား"



"တင့်အင်း....မရှိပါဘူး၊ ဒါပေမယ့် သခင်မလေးနဲ့ ဟိုအကြောင်းဒီအကြောင်းများ ပြောဖြစ်မလားလို့ ဝင်လာတာပါဗျာ"

"ရှင်နဲ့ ဘာအကြောင်းမှ ပြောစရာမရှိဘူး၊ ကျွန်မကလဲ ဘာအကြောင်းမှ စိတ်မဝင်စားဘူး၊ ရှင် ဘာအကြောင်းမှ လာပြောစရာ မလိုဘူး"

သူမက ရေပိတ်စကား ပြောချလိုက်၏။

★

## အခန်း (၃၆)

### အတွင်းရန်သူနှစ်ဦး

ထိုအခါ ထင်စိကျွန်း၏ အမူအရာသည် မထိမဲ့မြင် အမူအရာကို ပြောင်းသွားတော့၏။

"ဟဲ....ဟဲ....ဟဲ၊ ဒီလို အပြောမလွန်စမ်းပါနဲ့သခင်မလေးရယ်၊ ကျုပ်ပြောမယ့်ပုံပြင်ကလေးကိုကြားရင် သခင်မလေး စိတ်ဝင်စားသွားမှာပါ"

"ရှင်ပြောချင်ရာမှာ သွားပြော၊ ကျွန်မှုကို လာမပြောနဲ့၊ ကျွန်မ စိတ်မဝင်စားဘူး"



"ဟဲ....ဟဲ....မဟူရာဓားတိုလေး ပုံပြင်ဆိုရင်တော့ သခင်မလေး စိတ်ဝင်စားမှာပါ"

"ရှင်...."

သူမက ဆတ်ခနဲ ပြန်ကြည့်လိုက်မိ၏။

"သခင်မလေး စိတ်ဝင်စားသွားပြီ မဟုတ်လား၊ ကျုပ်က ဒီဓားဟာ ဘယ်သူ့ဓားပါ၊ ဘယ်သူကဘယ်နေရာကိုလာပြီး ဘယ်သူ့ကို ပေးတယ်လို့ ဘိုးသက်ပြင်းကို ပြောပြလိုက်ရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်မယ်၊ ဒါကြောင့် ခုထိမပြောသေးတာပေါ့၊ ဟဲ....ဟဲ...."

သူ့အပြောက တစ်စုံတစ်ရာ လိုချင်နေပြီဟု အဓိပ္ပာယ် ဖော်ပြနေသည်။

ထို့ကြောင့် သူမက တိုတိုရှင်းရှင်း မေးမြန်းလိုက်၏။

"ရှင်ဘာလိုချင်လို့ ဒီစကား ပြောနေရတာလဲ၊ ငွေစလား၊ ဂုဏ်ထူးလား၊ မြန်မြန်ပြော"

"ဟား....ဟား....ဟား.... ဘာဂုဏ်ထူးလဲ၊ ဘာငွေစလဲ၊ ကျုပ်က ဘာကိုမှ တန်ဖိုးမထားပါဘူး သခင်မလေးရာ"

"ဒါဖြင့် ဘာလဲ ပြော"

"သခင်မလေးကို ကျုပ်ချစ်ချင်တယ်"

"ရှင်...."

"သခင်မလေးကို ကျုပ် လိုချင်တယ်"

စီလူရိန် နောက်ဆုတ်သွား၏။

ဆုတ်၍မရပါ။

လင်စိကျွန်းက လျင်မြန်ပါသည်။

စီလူရိန်၏လက်မောင်းကလေးကို လှမ်းဆွဲလိုက်ပါသည်။

"အို...."

စီလူရိန် ရုန်းကန်လေတော့၏။

"အဲဒီလို မရုန်းကန်စမ်းပါနဲ့ သခင်မလေးရယ်၊ ကျုပ်က မဟူရာအကြောင်းကို လူတကာ လျှောက်ပြောနေရမှာလား ဟင်"

စီလူရိန်၏မျက်လုံးလေးများမှာ ဝိုင်းစက်သွားသည်။

သူမသည် လင်စိကျွန်း၏လက်ထဲမှလွတ်ရန် အပြင်းအထန် ရုန်းကန်တော့သည်။



လင်စိကျွန်းသည် သံမဏိပြုတ်တူဖြင့် ဖမ်းထားသကဲ့သို့ မလွတ်တမ်း ဆုပ်ကိုင်ထားလေ၏။

"အို....လွှတ်ပါ"

"ဟဲ....ဟဲ....သခင်မလေးကို ကျုပ်ချစ်တယ်"

လင်စိကျွန်းသည် စီလူရိန်အား နမ်းရန် ကြိုးစားတော့သည်။

စီလူရိန်သည် ရုန်းကန်နေရာမှ နမ်း၍မရဘဲ ရှိနေလေသည်။

ထိုစဉ်....

"ဖြန်း"

"ဝုန်း"

လင်စိကျွန်း၏ ခန္ဓာကိုယ်ကြီးသည် လွင့်စဉ်ထွက်သွား၏။

"လူယုတ်မာ၊ သူများမယားကို ကြံစည်ဝံ့တဲ့ကောင်ပဲ၊ မင်းခုခြံထဲက ထွက်သွားစမ်း၊ တခြားလူဆိုရင် ငါ သတ်ပစ်တယ်"

လင်စိကျွန်းသည် ဖုတ်ဖက်ခါပြီး ထလာလေ၏။

သူသည် မထိမဲ့မြင်အပြုံးကို ပြုံးလိုက်သည်။

သူသည် ခြံထဲမှ ထွက်ခွာသွားလေ၏။

 လျော်ချန်းသည် စီလူရိန်ကို ငုံ့ကြည့်လိုက်သည်။

စီလူရိန်ခူးထားသည့် ပန်းများသည် နေရာအနှံ့ ပြန့်ကျဲနေ၏။

လင်စီကျွန်း ဆွဲလားရမ်းလားလုပ်ထားသဖြင့် ပန်းများ ပြန့်ကျဲနေခြင်း ဖြစ်သည်။

လျော်ချန်းသည် စီလူရိန်အားဆွဲမထူလိုက်၏။

"ဘယ်လိုဖြစ်တာလဲကွ"

"ဘယ်လိုဖြစ်ရမလဲ၊ သူ စံတော်အိမ်စောင့်တာဝန်ယူရတယ်နဲ့တူတယ်၊ သူက ခြံထဲလိုက်လာပြီး ကျွန်မကို စကားပြောတော့တာပဲ"

"ဘာတွေပြောသလဲ"

"မဟူရာ ဓားတိုအကြောင်း ပြောတယ်၊ ဘယ်သူ့ကိုမှ မပြောဘူးတဲ့၊ ဘယ်သူ့ဓား ဆိုတာ သိသတဲ့၊ ဒီဓားကို ဘယ်သူယူသွားပြီး ဘယ်သူ့ကိုပေးတယ်ဆိုတာလဲ သိသတဲ့၊ ဒါပေမယ့် ခုထိ ဘယ်သူ့ကိုမှ မပြောရသေးဘူးတဲ့"



"ပြီးတော့ မင်းကို အတင်း ဇလက္ခာရ လုပ်တာပဲ ဆိုပါတော့"

"ဟုတ်တယ်၊ ကျွန်မကလဲရုန်းနေတာပဲ၊ ရှင်မြင်မှာပေါ့"

"လာ....လာ....၊ အပြင်မှာ သိပ်မကောင်းဘူး၊ စံအိမ်ထဲ ဝင်ကြစို့"

လျော်ချန်းသည် စီလူရိန်၏လက်ကိုဆွဲကာ စံတော်အိမ်ထဲသို့ ဝင်ရောက်သွားလေသည်။

★

## အခန်း (၃၇)

### တစ်နှစ်တစ် အခြေအနေ

ဟန်ဝမ်မြို့စား စီတန်ကိုးသည် အကြီးအကျယ် ဒေါသ ထွက်လျက်ရှိလေသည်။

အဘယ်ကြောင့်ဆိုသော် သူ့သမီးကိုလွတ်မြောက်အောင် မဆောင်ကြဉ်းနိုင်ခဲ့သောကြောင့် ဖြစ်ပေသည်။

စီတန်ကုံးသည် စိတ်ဆိုးဆိုးဖြင့် အော်ဟစ်နေသည်။

"တော်တော်တော်တဲ့ တပည့်တွေပဲ၊ ကိုယ်တိုင်တော့ လွတ်အောင် ပြေးလာခဲ့ကြတယ်၊ ငါ့သမီးကိုတော့ ထားခဲ့ တယ်၊ တော်တော့်ကိုကောင်းတယ်"



ကျောက်ဓားရှင်က....

"ထားခဲ့တာမဟုတ်ပါဘူး၊ ရန်သူတွေကလဲ ဖမ်းဆီးဖို့ ပြေးလာနေပြီ၊ ဒီအချိန်မှာ တိန်စွန်ချုန်က သခင်မလေးကို ဆွဲခေါ်နေတာပါ၊ ကျွန်တော်တို့ကိုလဲ ပြေးနှင့်လို့ တိန်စွန် ချုန်က အမိန့်ပေးတာပါ၊ သူ့လက်ထဲမှာ ဓားမြောင် တစ် ချောင်းရှိနေပါတယ်၊ ကျွန်တော်တို့မှာတော့ အာလက်နက် မှ မရှိဖါဘူး၊ ဒါကြောင့် ကျွန်တော်တို့ပြေးလွှာခဲ့တာပါ"

ကျောက်ဓားရှင်က တွေးတွေးဆဆဖြင့် ပြောသည်။

"သူတို့နောက်ကျန်နေတော့ ကန္တာရသားတွေနဲ့ တိုက် ခိုက်ရမှာပဲဗျ၊ သူတို့ပြန်မိသွားသလား မသိပါဘူး"

မြို့စား စီတန်ကုံးသည် ခေါင်းညိတ်လိုက်သည်။

"အေး....ဒီလိုပဲဖြစ်သွားမှာပေါ့"

ကျောက်ဓားရှင်သည် အခြေအနေကို ပြေရာပြေကြောင်း ရှင်းပြနေသည်။

စီတန်ကုံးကလည်း ထိုသို့ ပြောသည်ကို လက်ခံသည်။

ဤသည်ကို ဓားနှစ်လက်က မကျေနပ်ချေ။

သူတို့ကို ဟိန်းဟောက်နေသည်ကို မခံချင်ဖြစ်နေသည်။

မြို့စား၏ သမီးကိုယ်တိုင်က မလိုက်လိုသည်ကို သူတို့ တွေ့ခဲ့ရသည် မဟုတ်ပါလော။

သူသည် မကျေမနပ်ဖြင့် ပြောလိုက်မိသည်။

"ကျွန်တော်တို့က အသက်စွန့်ပြီး သူ့ကိုသွားကယ်တာပါ၊ သခင်မလေးက ပြန်မလိုက်ချင်တာပါ မြို့စားကြီးရဲ့"

"ဘာပြောတယ်ကွ"

မြို့စားကြီးစိတန်ကုံးသည် ကျုံး၍ အော်လိုက်ရာ နား ပွင့်ထွက်မတတ် အော်သံကြီး ထွက်လာသည်။

ဓားနှစ်လက်က....

"ကျွန်တော်တို့စံအိမ်တော်ကြီးကိုဝင်သွားတော့ သခင်မလေးကို ကန္တာရသူရဲကောင်း လျော်ချန်းရဲ့ အိပ်ရာပေါ်မှာ တွေ့ခဲ့ရတယ်၊ သူတို့နှစ်ယောက်သား ညားနေတဲ့ပုံစံပါပဲ"

"ဖြန်း"

ဓားနှစ်လက်မှာ မြို့စားကြီး စိတန်ကုံး၏ ယက်ပြန် ရိုက်မှုကို ခံလိုက်ရသဖြင့် လွင့်စဉ်ထွက်သွားသည်။

ထိုအခါ ကျောက်ဓားရှင်မှာ မနေသာတော့ပေ။ ရှင်းလင်းပြရတော့သည်။



မြို့စားကြီး အရမ်းဒေါသထွက်နေပြီ မဟုတ်ပါလား။

"ဒီလိုပါ မြို့စားကြီးဒီလိုပါ၊ ဓားနှစ်လက်ပြောတာ မှားတယ်လို့ မဆိုနိုင်ပါဘူးခင်ဗျ၊ ကျွန်တော်တို့ အခန်းထဲရောက်တော့ လျော်ချန်းနဲ့စီလူရိန် တစ်အိပ်ရာတည်းပေါ်မှာ တွေ့ရတာတော့ အမှန်ပါပဲ၊ ကျွန်တော်တို့ဟာ လျော်ချန်းကို အကြော ပိတ်လိုက်ပါတယ်၊ သခင်မလေးကို နိုးပြီး ကျွန်တော်တို့ လာကယ်တာပါလို့ ပြောတော့ သူက မလိုက်ဘူးလို့ ငြင်းတယ်ခင်ဗျ၊ ဒါနဲ့ ကျွန်တော်တို့က မြို့စားကြီး စောင့်မျှော်နေတဲ့အကြောင်း၊ မြို့စားကြီးက ကယ်ခိုင်းလိုက်တဲ့ အကြောင်းတွေကို ပြောပြပါတယ်...."

"ဒါလဲ သူက မလိုက်ဘူးလို့ ငြင်းပါတယ်၊ ဒီတော့ ကျွန်တော်တို့က မလိုက်ရင် လျော်ချန်းကို သတ်မယ်လို့ ခြိမ်းခြောက်တော့မှ သူက လိုက်မယ်လို့သဘောတူပါတယ်၊ သူ့ကို ခေါ်ပြီးလဲထွက်ရော ကန္တာရသားတွေက ဝိုင်းပြီး တိုက်တော့တာပဲ၊ အဲဒီမှာ အများနဲ့ နှစ်ယောက်ဆိုတော့ ကျွန်တော်တို့အဖမ်းခံရတော့တာပါပဲ"

"တောက်"

မြို့စားကြီးသည် ပြင်းစွာ ထက်ခေါက်လိုက်၏။

"မိုက်ရိုင်းလိုက်လေကွာ....ခွေးက လူကိုကိုက်တာပဲ"

သူယူဆလိုက်သည်။

ကန္တာရသား လျော်ချန်းသည် သူ့အား လက်စားချေခြင်း ဖြစ်သည်ဟု ယူဆလိုက်သည်။

သူသည် အပြင်းအထန်ပေါက်ကွဲသွားလေသည်။

ကျောက်ခေါးရှင်က ဆက်လက်ရှင်းပြသည်။

"ဒီနေ့တော့ မြို့တံခါး အပြင်ဘက်တိုင်တွေမှာ ကြိုးချည်ထားတဲ့ ကျွန်တော်တို့ဆီကို စီလူရိန် ရောက်လာပါတယ်၊ ကျွန်တော်တို့ဆိုတာက ကျွန်တော်ရယ်၊ ခေါးနှစ်လက်ရယ် တိန်စွန်ချန်တို့ရယ်ပါပဲ၊ တခြား ဟန်ဝမ်တွေလဲ နှစ်ဆယ်သုံးဆယ်လောက် ကြိုးနဲ့တုပ်ထားတယ်၊ စီလူရိန်က တိန်စွန်ချန်ကို ပန်းသီးလာကျွေးတယ်"

"ခွေးမ....ဒါတော့ သတိရသေးတယ်"

"နောက်ပြီး တိန်စွန်ချန်ရဲ့ ကြိုးတွေကို ခေါးနဲ့ ဖြတ်ပေးပါတယ်၊ ကျွန်တော်တို့အမြင်အရမှာ တိန်စွန်ချန်က သူ့ကို အတင်းဆွဲခေါ်ပါတယ်၊ မြို့စားကြီးရဲ့သမီးက မလိုက်တာ



ပါ၊ ကျွန်တော်တို့လဲ ဘာလက်နက်မှ မရှိတော့ ကန္တာရသားတွေကို ရင်မဆိုင်နိုင်ဘူးလေ၊ ပြေးလာခဲ့ကြတာပဲ၊ သခင်မလေး စီလူရိန်ဟာ ဟို ကန္တာရသား လျော်ချန်းကို သံယောဇဉ်...."

"တိတ်စမ်းကွာ"

စီတန်ကုံးက ကျုံးအော်လိုက်ရာ ကျောက်ခေါးရှင်ပါးစပ်ပိတ်သွားလေ၏။

* * *

"အမျိုးဖျက်မ၊ ငါ့မျက်နှာကို ခေါးနဲ့လှီးစစ်ဖို့ပဲ ကောင်းတယ်"

စီတန်ကုံးသည် အသားများတဆတ်ဆတ်တုန်သည်အထိ ဒေါသဖြစ်နေသည်။

ဒေါသဖြစ်ရမည်ပေါ့၊ ဤသူသည် သူ့ဟန်ဝမ်မြို့ကို လုယူထားရုံသာ မဟုတ်သေး။သမီးကိုပါယူထားလိုက်ပေပြီ။

အတန်ကြာမှ စီတန်ကုံးက တီးတိုးပြောသည်။

"ဟေ့....လာကြဦး"

သက်တော်စောင့်နှစ်ဦး အနားတိုးသွားသည်။

"မင်းတို့နှစ်ယောက်စလုံး ဒီအကြောင်းကို ဘယ်သူ့မှ မပြောကြပါနဲ့၊ ကြားလား၊ နှုတ်လုံပလေ့စေနော်"

ကျောက်ခါးရှင်နှင့် ခါးနှစ်လက်တို့က ဝန်ခံကတိပြုကြသည်။

"စိတ်ချပါမြို့စားကြီးရယ်၊ ကျွန်တော်တို့က ကိုယ့်ပေါင်ကိုယ်လှန်ထောင်းတာမျိုး ဘယ်လုပ်ပါ့မလဲခင်ဗျာ"

"အေး....ငါပြောထားမယ်၊ မင်းတို့ ကျောင်ကျွမ်းမြို့စားတိန်စိန်ဟုတ်နဲ့ တွေ့ရင် ဒီလိုပြောကြကွ"

မြို့စားကြီးစီတန်ကုံးသည် ပြောကြားရမည့် စကားများကို ထုတ်ဖော်ပြောပြနေလေ၏။

တီးတိုး ပြောခြင်း ဖြစ်၍ ချောင်း နားထောင်သူ ရှိလျှင်လည်း ကြားရမည်မဟုတ်ပေ။

"ဟုတ်ကဲ့ပါ မြို့စားကြီး၊ ကျွန်တော်တို့ ဒီအတိုင်းပြောပေးပါ့မယ်ခင်ဗျာ"

စီတန်ကုံးသည် ငြိမ်သက်သွားသည်။

အတန်ကြာမှ....



"ကဲ....လာကြဟေ့၊ မင်းတို့ကို ကျောင်ကျွမ်းမြို့စားနဲ့ တွေ့ရအောင် ငါစီစဉ်ပေးမယ်"

မြို့စားကြီးသည် ကျောက်ခါးရှင်တို့ကို ခေါ်ဆောင်သွားတော့သည်။

ကျောင်ကျွမ်းမြို့စားကြီးနှင့် သွားရောက် တွေ့ဆုံလေ၏။

"ကျုပ် ကယ်တင်ဖို့ စေလွှတ်လိုက်တဲ့ ကျုပ်ရဲ့ သက်တော်စောင့်နှစ်ယောက်ဆိုတာ သူတို့ပဲ၊ နာမည်က ကျောက်ခါးရှင် ဖုဟာင်နဲ့ ခါးနှစ်လက်အင်ဟုတ်လို့ ခေါ်တယ်၊ ခုပဲ သူတို့ စခန်းကို ပြန်ရောက်လာကြတယ်"

သူသည် သက်တော်စောင့် နှစ်ဦးဘက် လှည့်ကာ ပြောလိုက်သည်။

"ကဲ....မင်းတို့ တွေ့ဆုံခဲ့တဲ့ အကြောင်းတွေကို ပြောပြပါဦး"

ကျောင်ကျွမ်း မြို့စားကြီးသည် သက်တော်စောင့် နှစ်ဦးကို စိတ်ဝင်စားစွာ ကြည့်လေသည်။

"ကဲ....ပြောစမ်းပါဦးကွာ"

ကျောက်ခါးရှင်က....

"ကျွန်တော်တို့ ဟန်ဝမ်မြို့ထဲကို စွန့်စွန့်စားစား ဝင်နိုင်ခဲ့ပါတယ်၊ အထဲရောက်တော့ ကလေးနှစ်ဦးကို အကျဉ်းကျ

နေတာ တွေ့ရပါတယ်၊ သူတို့ကို ချုပ်ထားတာကတော့ မြေအောက်ခန်းပါ၊ ကျွန်တော်တို့လဲ သူတို့ကို ကယ်နိုင်အောင် အစောင့်တွေကို တိုက်ခိုက်တာပါပဲ၊ ဒါပေမယ့် သူတို့က အင်အားများတော့ ကျွန်တော်တို့ အဖမ်းခံလိုက်ရတယ်”

ကျောက်ခေါးရှင် စီတန်ကုံးအား ကြည့်လိုက်၏။ စီတန်ကုံးက ခေါင်းညိတ်သည်။

ကျောက်ခေါးရှင်က....

“သူတို့ဟာ အင်မတန် ရက်စက်ပါတယ်၊ ကျွန်တော်တို့ သံ့ပန်းတွေကို မြို့ရိုးပေါ် ကြိုးတုပ်ပြီး နေလှန်းပါတယ်”

သူသည် ကျင်ကျွမ်းမြို့စားကြီးကို ဆက်လက် ပြောဆိုပြန်သည်။

“ညကျတော့ ကျွန်တော်တို့ သံ့ပန်းတွေကို မြို့ပြင်ထုတ်၊ တိုင်မှာကပ် ကြိုးနဲ့ချည်ပြီး ခေါးစာခံ လုပ်ထားပါတယ်၊ ညကျတော့ သခင်မလေး စီလူရိန်ရောက်လာပါတယ်၊ လက်ထဲမှာလဲ ခေါးမြှောင်တစ်ချောင်းပါလာပါတယ်၊ ကျွန်တော်တို့ သုံးယောက်ကို ကြိုးဖြတ်ပေးခဲ့တယ်....

“အဲဒီမှာ ကန္တာရသားတွေပြေးလာပြီး ကျွန်တော်တို့ကို တိုက်တော့တာပါပဲ၊ တိန်စွန်ချန်ဟာ အစားမစားရတာလဲ



ကြာနေတော့ လဲကျသွားတာပဲ၊ ကန္တာရသားတွေက လူများတော့ ဘယ်ခုခံနိုင်မလဲ၊ ကျွန်တော်တို့လဲ လက်လွတ်ထွက်ပြေးလာခဲ့ရတာပဲ”

“တောက်”

ကျင်ကျွမ်းမြို့စားသည် တက်ခေါက်လိုက်လေ၏။

“ကျုပ်သား သေသလား၊ ရှင်သလား မသိဘူးပေါ့”

“ဟုတ်ပါတယ် မသိပါဘူး၊ ကန္တာရသားတွေရဲ့ ခေါးချက်ထိသွားတာတော့ သေချာပါတယ်၊ ကျွန်တော်တို့လဲ မကယ်နိုင်ဘူးပေါ့”

ကျင်ကျွမ်း မြို့စားကြီးသည် ဒေါသနှင့် တြိမ်းဝါးလိုက်သည်။

“ကျုပ်ရဲ့သား သေလို့ကတော့ ဒီကန္တာရသားတွေကို တစ်ယောက်မကျန် သတ်ပစ်မယ်”

မြို့စားကြီး စီတန်ကုံးမှာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး စကြံလျှောက်နေသည်။

“ဘယ်လိုလုပ်မလဲ စီတန်ကုံး”

“ကြည့်လုပ်တာပေါ့ဗျာ”

မြို့စားကြီး စီတန်ကုံးက ကြည့်လုပ်တာပေါ့ဗျာ ဆိုခြင်းမှာ မြို့ကိုအပြင်းအထန်တိုက်စဉ်က ကျဆုံးခဲ့သော စစ်သည်ဘော်များကို မကောက်ယူခဲ့၍ ဖြစ်သည်။

ထိုအလောင်းကောင်များမှ အပုပ်နံ့များသည် သူတို့၏ စခန်းဆီသို့ ဝင်ရောက်နေသည်။

ကျင်ကွမ်းမြို့စားကြီးနှင့် စီတန်ကုံးတို့သည် ယခုမှ စခန်းအနီးရှိ အလောင်းများကို မြေမြှုပ်သင်္ဂြိုဟ်ရန် အမိန့်ပေးနိုင်သည်။

ထို့ပြင်....

၎င်းတို့၏ တပ်သားများကြား၌ ဝမ်းရောဂါဖြစ်နေခြင်းပေတည်း။

"ကျုပ်တပ်သားတွေ ဝမ်းသွားနေကြတယ်ဗျ၊ အဲဒါကို ကုရခက်နေတယ်"

"ဟာ... ဒုက္ခပဲ၊ ကျုပ် တပ်သားတွေလဲ ဝမ်းသွားနေတယ်ဗျ"

"ဒီလိုဆိုရင် မဖြစ်ဘူး၊ ဝမ်းသွားနေတဲ့တပ်သားတွေကို ခွဲထုတ်ထားရမယ်၊ ဒါမှ ဒီ့ပြင်လူတွေ ထပ်မဖြစ်မှာ၊ ကဲ-ခင်ဗျားလဲ အမိန့်ထုတ်ဖို့ သွားပေတော့"

"ကောင်းပြီ"

မြို့စားကြီး စီတန်ကုံးသည် ကျင်ကွမ်း မြို့စားကြီးကို နှုတ်ဆက်ကာ ခပ်သွက်သွက် ထွက်လာလေတော့၏။



ကျောက်ဓားရှင်နှင့် ဓားနှစ်လက်တို့သည် နောက်မှ လိုက်သွားကြလေသည်။

သူတို့ သိလိုက်လေပြီ။

သူတို့တပ်များ၏ အခြေအနေ မဟန်တော့ပေ။

ကန္တာရသားများကို ကံကောင်းမှသာ သူတို့ တိုက်ခိုက်နိုင်တော့မည်ဟု သိလိုက်လေပြီ။

★

# အခန်း (၃၈)

## ဒဏ်ရာရသော နှလုံးသား

တိန်စွန်ချန်အား မြေတိုက်ခန်းတွင် ထားလိုက်၊ နေပူပြင်းလာလျှင် နေရောင်အောက်တွင် ထားလိုက်ဖြင့် နှိပ်စက်နေသည်။

ဝါတန်းစုသည် သူ့ရဲကောင်း လုပ်ရပါမည်လောဟု အငြိုးဖြင့် နှိပ်စက်ရန် အမိန့်ပေးထားခြင်းဖြစ်သည်။

တိန်စွန်ချန်မှာမူ နေလှန်း ခံရစဉ် အခါတွင်လည်း မသက်သာချေ။



ပူလောင်လှသော နေရောင်ခြည်သည် သူ့ခန္ဓာကိုယ်ပေါ် ကျရောက်နေ၏။

ဦးခေါင်းပေါ်မှ ဆံပင်များပင် လောင်ကျွမ်း ကုန်ပြီဟု သူထင်သည်။

ခြေထောက်နှင့်လက်တွင်စွပ်ထားသော သံကြိုးများကလည်း ပူလောင်လှ၏။

သံကြိုးသံကွင်း စွပ်ထားသည့် နေရာတွင် မီးလောင်သကဲ့သို့ ဖြစ်နေ၏။

သူ၏ အဝတ်အစားများမှာလည်းအစုတ်စုတ်အပြတ်ပြတ် ဖြစ်နေသည်။

မြို့စားကြီး၏သား တိန်စွန်ချန်ပါဟု ကျိန်တွယ်ပြောရမည့်ကဲ့သို့ ဖြစ်နေသည်။

ဖခင်ကြီး တိန်စိန်ဟုတ်ပင် သူ့အားမြင်လျှင် မှတ်မိမည် မဟုတ်ချေ။

တိန်စွန်ချန်သည် ယခုအခါအရာရာကို မုန်းတီးနာကြည်းနေပေပြီ။ သူ အမုန်းဆုံးလူသားမှာ ကန္တာရသူရဲကောင်း ကျော်ချန်းဖြစ်သည်။

သူ အနာကြည်းဆုံးလူမှာ စီလူရိန်ပင် ဖြစ်သည်။

ကျော်ချွန်းသည် လွတ်လပ်မှုကို မတရားချုပ်ချယ်ထားသည့်အပြင် သူ အသက်တမျှ ချစ်ခင်ရသော စီလူရိန်အားလည်း မတရား သိမ်းပိုက်ထားသည် မဟုတ်ပါလော။

စီလူရိန်အား ကျော်ချွန်းက သိမ်းပိုက်ထားသည့် အကြောင်းကို သူသည် ယခင်က မသိခဲ့ချေ။

အကျဉ်းကျများကို လာစောင့်သည့် အလှည့်ကျအစောင့်များထံမှ သိရှိရခြင်းပေတည်း။

တစ်နေ့တွင် အလှည့်ကျအစောင့် ရောက်လာသည်။ ထိုလူကား လင်စိကျွန်းပေတည်း။

လင်စိကျွန်းသည် စီလူရိန်နှင့် တိန်စွန်ချန်တို့ ငြိနေသည့် အဖြစ်အပျက်များကို သိထားခဲ့သူ ဖြစ်ပေသည်။

သူ့ထံမှ ထိုအဖြစ်အပျက်ကို တိန်စွန်ချန် သိခဲ့ရပေသည်။ ထိုအခါ သူ့ရင်မှာမူ မုန်တိုင်း ထန်သွားရပေတော့သည်။

လင်စိကျွန်းက ရယ်မောရင်း....

"အင်း....မင်းကိုတော့ သနားမိပါရဲ့ကွာ"

"ဘာသနားတာလဲဗျ"



"မင်းမှာကတော့ နေလှန်းခံနေရတယ်၊ နေရောင်ကလဲ ပြင်း၊ သံကြိုးတွေကလဲပူ၊ ရေကလဲငတ်၊ အင်မတန် ဒုက္ခကြီးတာပဲကွာ၊ ဒါပေမယ့် မင်းကောင်မလေးကတော့ ခုချိန်ဆိုရင် စံတော်အိမ်ကြီးရဲ့ ဖဲစက်ရာပေါ်မှာ နှစ်ကိုယ်ကြည်မွေ့ ဇိမ်တွေ့လို့ နေမှာကွ"

"ဘာ....ဘာ....ခင်ဗျား ဘာပြောတယ်"

"ငါဘာပြောရမှာလဲ၊ မင်းကတော့ဒီနေရာမှာ တိရစ္ဆာန်တစ်ကောင်လို အကျဉ်းခံနေရတယ်၊ မင်းကောင်မလေး စီလူရိန်ကတော့ စံတော်အိမ်ပေါ်မှာ ဇိမ်ခံနေတယ်လို့ ပြောတာပေါ့ကွာ"

"ဘယ်လို....ဘယ်လို၊ သေသေချာချာရှင်းပြစမ်းပါ နောင်ကြီးရာ"

တိန်စွန်ချန်သည် သူ့အား တုပ်နှောင်ထားသည့် သံကြိုးများကို ခါယမ်းရင်း အငမ်းမရ မေးမြန်းလိုက်၏။

လင်စိကျွန်းသည် သူ့ကိုသနားစရာ သတ္တဝါတစ်ကောင်ကို ကြည့်သည့်နှယ် ကြည့်လိုက်သည်။

"မင်းကတော့ ဒီမှာ အဆင်းရဲခံနေရတယ်၊ ဟိုမှာကျတော့ မြို့စားရဲ့စံအိမ်တော် ကန္တာရသူရဲကောင်းရဲ့ ရင်ခွင်

ထဲမှာ မင်းရဲ့ချစ်သူဟာ ပျော်မွေ့နေမှာကို ပြောတာကွ၊ မင်းကောင်မလေးစီလူရိန်ဟာ လျော်ချန်းရဲ့မယား ဖြစ်နေပြီကွ"

"နောင်....နောင်ကြီး တကယ်ပြောတာလားဟင်"

"ဟ....တကယ်မပြောလို့ မင်းကိုငါက နောက်နေရမှာလား၊ မင်းကို အားအားယားယား မကျီစယ်နိုင်ပါဘူးကွာ"

"ခင်ဗျားပြောတာ ကျုပ်မယုံဘူး၊ စီလူရိန်ဟာ သစ္စာရှိတဲ့ချစ်သူဗျ၊ ကျုပ်အပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူး"

"ဟား....ဟား....ဟား၊ မိန်းမများ အထင်ကြီးလို့ကွာ၊ အတွေ့ကွ အတွေ့၊ မင်းရဲ့သစ္စာတွေ မေတ္တာတွေကို ဘယ်ဂရုစိုက်နိုင်တော့မှာလဲ၊ ဟိုမှာ အတွေ့ကောင်း ရနေပြီကွ၊ ဟား....ဟား....ဟား"

"မယုံဘူးဗျာ....မယုံဘူး"

"မင်းကိုငါက မယုံခိုင်းပါဘူး၊ ငါက အခြေအနေကို ပြောပြတာပါ၊ မင်းယုံချင်မှယုံ၊ မယုံချင်နေရတယ်၊ ငါ



ပြောတာ မယုံရင် နောက်တစ်ယောက်လာရင် မေးကြည့်ပေါ့ကွာ"

တိန်စွန်ချန် ရင်ခွင်မှာ မအေးချမ်းတော့ပါ။ မုန်တိုင်းထန်နေလေပြီ။

ဤသို့ဖြင့် နောက်ထပ် အစောင့်တစ်ယောက်လဲလှယ်လာလေ၏။

လင်စိကျွန်း သွားလေပြီ။

တိန်စွန်ချန်မှာ တစ်ယောက်တည်း ဒေါသဖြစ်နေလေသည်။

နံနက်လင်းသောအခါ လင်စိကျွန်းအစား ဝင်ရောက်လာသော ကန္တာရကင်းသမားအား တွေ့ရလေ၏။

"ဒီမှာနောင်ကြီးရယ်၊ ကျုပ်ကို တစ်ခုလောက် ကူညီပါလားဗျာ"

ထိုအခါ ကင်းစောင့်က ရယ်မောလေ၏။

"ဟား....ဟား....ဟား၊ အကျဉ်းသားကို အစောင့်က ကူညီတယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့ကွ၊ ဟား....ဟား....ဟား...."

"ကျုပ်က ဒီလိုကူညီဖို့ ပြောတာမဟုတ်ပါဘူး"

"ဘယ်လိုကူညီရမှာလဲ"

"ဒီလိုပါဗျာ၊ ဟန်ဝမ်မြို့စားကြီးရဲ့ သမီး စီလူရိန်ဆိုတဲ့ မိန်းကလေးကို ကန္တာရသူရဲကောင်း ဈော်ချန်းက သိမ်းပိုက်ထားတယ်ဆိုတာ ဟုတ်သလား ခင်ဗျာ"

ထိုကန္တာရသားသည်လည်း လင်စီဘျွန်းက သူ့အား သနားစရာ သတ္တဝါ တစ်ကောင်ကို ကြည့်သကဲ့သို့ ကြည့်လိုက်လေ၏။

သူတို့ ကန္တာရသားများမှာ လက်တွေ့ကိုသာ အများအားဖြင့် ဦးစားပေးလေ့ရှိ၏။ စိတ်ခံစားမှုကို သိပ်ဦးစားပေးလေ့ မရှိပေ။

ဈော်ချန်းက စီလူရိန်အားသိမ်းပိုက်ထားသည်မှာ သူတို့ကန္တာရသားများ၏ ခလေ့ဟုပင် မှတ်ထင်ထားသူ ဖြစ်လေသည်။

"ဟား....ဟား....ဟား၊ ဒါများ ဘာဆန်းသလဲကွာ"

"ဆန်းတာမဆန်းတာအသာထားစမ်းပါ၊ ဟုတ်သလား၊ မဟုတ်သလားကိုသာ ပြောစမ်းပါဗျာ"

"မင်းကလဲ ပြောရတာ တယ်ခက်ပါလား၊ မိန်းကလေး တစ်ယောက်ကို ဇနီးမယားလုပ်တာ ဘာဆန်းသလဲကွာ၊



သူတို့ညားခါစဖြစ်နေတော့ သိပ်ချစ်နေကြတာကွ၊ ငါတို့ ကန္တာရသူရဲကောင်းက တော်တော်ရယ်၊ မင်းတို့ မိန်းကလေးက အခန်းထဲကကို မထွက်ချင်ဘူးဖြစ်နေတာ၊ ဟား-ဟား-ဟား"

"တောက်"

တိန်စွန်ချန်မှာ ကျယ်လောင်စွာ ဘောက်ခတ်မိလေဘော့၏။

"ဒါကြောင့် သူ ဟိုညက မလိုက်ဘူးလုပ်နေတာကိုး၊ သူ ငါ့ကို ဇွတ်ငြင်းနေတာဟာ သူက ဟိုကန္တာရကောင်ကို စွဲနေလို့ကိုး၊ ငါ့ကို နောက်က ဆော်ထည့်သွားတာလဲ သူ့အကောင် ကန္တာရကောင်ပဲဖြစ်ရမယ်"

တိန်စွန်ချန်သည် စိတ်ထဲမှာ နာကျင်စွာ ရေရွတ်နေမိသည်။

ဤအနှောင်အဖွဲ့မှသာလွတ်မြောက်ပါစေ၊ လွတ်မြောက်လျှင် ကန္တာရသားများကို ကျင်ကျမ်းစစ်တပ်ကြီးဖြင့် နှိမ်နင်းပစ်မည်ဟု စိတ်ထဲမှ တွေးနေသည်။

"နေနှင့်ဦးပေါ့ ကန္တာရသားတွေရယ်၊ အခုတော့ ငါ ခံရဦးမှာပဲ၊ ပေဖြစ်တဲ့အခါ ခံရသလို တူဖြစ်တဲ့အခါလဲ နှံ

ရမှာပဲ၊ ငါ့အနှောင်အဖွဲ့က လွတ်ပြီးရင် မင်းသေနေစေပြီလို့သာ တွက်ပေတော့၊ဟိုသစ္စာဖောက်မလဲ အတူတူပဲ၊နှင့်ရင်ကို ခွဲပစ်မယ်ဟေ့”

တိန်စွန်ချန်သည် စိတ်ထဲမှ ကြိမ်းဝါးနေမိသည်။

သို့သော် သူ့၌ဒဏ်ရာဒဏ်ချက်များနှင့်သာ၊ နာကြည်းလွန်းသဖြင့်သာ သူသည် ခန္ဓာကိုယ်ကို ခိုင်မတ်ထားနိုင်ခြင်းဖြစ်လေသည်။

★

## အခန်း (၃၉)

### ကြိမ်မီးအုံးသေါသ

ကျင်ကျွမ်းစစ်သည်တော်များနှင့် ဟန်ဝမ်စစ်သည်တော်များအကြား၌ ကူးစက်ရောဂါများ ပျံ့နှံ့နေပြီး အများအပြားမှာ ရောဂါခံစားလျက် ရှိနေကြသည်။

အထူးသဖြင့် သောက်ရေကို လွယ်ကူစွာမရသဖြင့် ဤသို့အလျင်အမြန်ကူးစက်ရခြင်းဖြစ်သည်။

စစ်သည်တော်များမှာ ထောင်ချီရှိနေသဖြင့် ဆေးဝါးမှာ လွယ်ကူစွာမရရှိဘဲ ဖြစ်နေသည်။

ထို့ကြောင့် သေကျေနေကြခြင်းဖြစ်သည်။

တိန်စိန်ဟုတ်နှင့် စီတန်ကုံးတို့သည် အလောင်းများကို မီးရှို့ မြေမြှုပ်ရန် အမိန့်ပေးထားသည်။

ဝမ်းလျှောရောဂါကြောင့် မသေဘဲ ကျန်ရစ်သူများမှာ အရိုးပေါ်အရေတင်ဖြစ်လျက် စာခြောက်ရုပ်သဖွယ်ဖြစ် ကျန်ရစ်ခဲ့ရာ မည်သို့မျှ စစ်မတိုက်နိုင်ကြတော့ချေ။

ဝမ်းရောဂါနှင့်အတူ ဖြစ်ပွားသည့်ရောဂါမှာ အနီစက်များပေါက်ပြီး ယားယံလာခြင်းဖြစ်သည်။

ယားယံလာသောအခါ ကုတ်မိသည်။ ထိုအခါ အနာမှ အစေးများထွက်လာပြီး အနာများ ဖြစ်ပေါ်လာတော့သည်။

ကျင်ကျွမ်းစစ်သည်တော်များနှင့် ဟန်ဝမ် ရဲမက်တော်များမှာ ရောဂါ တစ်မျိုးမဟုတ် တစ်မျိုး ကူးစက်ခံနေရသဖြင့် စစ်တိုက်နိုင်သည့်စစ်သည်တော်ဆို၍ အနည်းအပါးသာ ကျန်တော့သည်။

ဝမ်းရောဂါရရှိသည့် စစ်သည်များမှာ သေလျှင်သေ၊ မသေလျှင် အရိုးပေါ်အရေတင်ဖြစ်ကျန်ရစ်ခဲ့ရသည်။အနာပေါက်သော စစ်သည်တော်များမှာ တစ်ကိုယ်လုံး အနာများပေါက်ပြီး စိတ်ညစ်ညူးနေရသည်။



ထို့ကြောင့် ကျင်ကျွမ်းမြို့စားကြီး တိန်စိန်ဟုတ်နှင့် ဟန်ဝမ်မြို့စားကြီး စီတန်ကုံးမှာ စိတ်ညစ်ကြလေ၏။

အထူးသဖြင့် ဟန်ဝမ်မြို့စားမှာ အလွန်အမင်း စိတ်မချမ်းမသာဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် သူ့ရှိသမျှသောအင်အားစုမှာ ပျက်စီးကုန်ပြီဖြစ်သောကြောင့်တည်း။

သူသည် ယီမင်မြို့ကိုသိမ်းထားသည်။ ယီမင်၌ အနည်းငယ်မျှသော မြို့စောင့်တပ်သားများသာရှိခဲ့သည်။အုပ်ချုပ်ထားနိုင်ရသည်။

ထိုတပ်သားများမှာ လက်ရွေးစင်များ ဖြစ်သော်လည်း အနည်းငယ်မျှသာ။

ယီမင်သည် သူ၏အုပ်စိုးမှုကို မကျေမနပ်ဖြစ်နေသော မြို့ဖြစ်သည်။ ပုန်ကန်နေချင်သည်။ ဤသည်ကိုလည်း စီတန်ကုံးလန့်နေသည်။

တစ်ခုဖြေသာသည်မှာ လက်ရုံးတပည့်နှစ်ယောက် ဖြစ်သော ကျောက်ဓားရှင်နှင့် ဓားနှစ်လက်တို့ ကန္တာရသား၏လက်မှ လွတ်မြောက်လာခြင်းတည်း။

ထိုအခါ ထိုနှစ်ယောက်ကို ယီမင်သို့ စေလွှတ်၍ထိန်းခိုင်းထားရသည်။

ထိုနှစ်ယောက်မှာ ဓားရေးသော်လည်းမဆိုး၊ ဉာဏ်ရည်လည်းမဆိုး၊ သူ့အပေါ်လည်း သစ္စာစောင့်သိသူများဖြစ်နေသည်။ ဤသည်မှာ သူ့အတွက် ကံကောင်းခြင်းတစ်ရပ်ပင်။

ယခု ဤနေရာ၌ ဖြစ်နေသည်မှာ ရှေ့တိုးရအခက် နောက်ဆုတ်ရအခက် ဖြစ်နေခြင်းတည်း။

ကန္တာရသားများကို သူတို့အဆက်မပြတ်တိုက်လျှင် နိုင်နိုင်သည်။ သူတို့က သားနှင့်သမီးကို ဓားစာခံပြု၍ ပြန်ဆုတ်ခိုင်းသဖြင့် ယခု ဒုက္ခရောက်နေကြရသည်။

ကျင်ကျွမ်းမြို့စားအထင်နှင့် အမြင်မှာလည်း တခြားစီ ဖြစ်နေသည်။

စစ်တပ်ကြီးနှစ်တပ်၏အင်အားကိုပြသလိုက်လျှင် ကန္တာရသားများ အရှုံးပေးသွားလိမ့်မည်ဟု ထင်မှတ်ထား၏။ ယခုသော် အခြေအနေကား အထင်နှင့်အမြင် လုံးဝကွဲပြားခြားနားနေသည်။



ကန္တာရသားများကို ဤသို့တိုက်ခိုက်ရလိမ့်မည်ဟု မထင်ခဲ့ချေ။

အင်အား ပြသရုံသာ ပြသရလိမ့်မည်ဟု ယူဆခဲ့၏။

ထို့ကြောင့် ကျင်ကျွမ်းမြို့၌ တပ်သားအင်အား နှစ်ရာသုံးရာမျှသာ ချန်ထားရစ်ခဲ့ခြင်း ဖြစ်သည်။

ယခုတိုက်ပွဲတွင် အကျအဆုံးများပြားခဲ့သည်။ ရန်သူ၏ ထောင်ချောက်များကောင်းလှသည်။ မြို့ရိုးပေါ်ရောက်ရန် အင်အားများစွာကို သုံးခဲ့၏။

ထိုစဉ်က ကျဆုံးခဲ့သော တပ်သားများနှင့် ယခုရောဂါရသော တပ်သားများမှာ ဆတူလောက်ပင် ရှိသည်။

သို့သော်....

သားဖြစ်သူ တိန်စွန်ချန်မပါဘဲနှင့် ကျင်ကျွမ်းသို့ မပြန်လိုတော့ချေ။

သားဖြစ်သူ သေသည်ဖြစ်စေ တစ်ပါတည်း ခေါ်သွားလိုသည်။

ထို့ကြောင့် တပ်သားများ ဒုက္ခရောက်နေသည်ကို သိသော်လည်း စခန်းချ ရပ်နားနေရခြင်း ဖြစ်သည်။

သားသာမရှိလျှင် နေရာ၌ာနယို့ ပြန့်ပြီး ဖြစ်နေရပေလိမ့်မည်။

ထို့ကြောင့် သူသည် ကန္တာရသားများကို ဖြစ်သည့်နည်းနှင့် တိုက်ခိုက်မည်ဟု ကျင်ကျွမ်းမြို့စားကြီး ဆုံးဖြတ်ခြင်း ဖြစ်သည်။

သူသည် ဟန်ဝမ်မြို့စား၏တပ်ကို ဂရုမစိုက်တော့ချေ။ ပေါင်းကတည်းက တပ်သားသုံးရာမျှသာ ပါလာသဖြင့် ဟန်ဝမ်မြို့စားအနေဖြင့် ဆုံးရှုံးစရာရှိလျှင် ကြီးကြီးကျယ်ကျယ် ဆုံးရှုံးစရာမရှိပေ။

သူ့တပ်တွင်သာ အဆုံးအရှုံး ကြီးမားရသည်။

ယခု တိန်စွန်ချန်သည် ဟန်ဝမ်မြို့ထဲ၌ ရှင်သေးသည်လား၊ သေပြီလား မသိရှိတော့ပေ။ သူ့သားကို ကယ်တင်ရမည်။

ထို့ကြောင့် စစ်တိုက်နိုင်သည့် တပ်သားများကို ခွဲခြာရတော့မည်။

အုတ်ရောရော ကျောက်ရောရော ဖြစ်နေ၍ မရတော့ချေ။

ကျင်ကျွမ်းမြို့စားသည် ကန္တာရသားများ၏ စစ်ဆင်စစ်တက် အတတ်ကိုတော့ ချီးကျူးသည်။ ကန္တာရသားမျာ



ဘာမျှနားမလည်ဟု ပစ်ပယ်၍မရကြောင်း ယခု သူတို့ နဖူးတွေ့ဒူးတွေ့ တွေ့နေရပြီ။ မြို့ကိုစီမံအုပ်ချုပ်ထားပုံကလည်း စနစ်ကျသည်။

တပ်သားများကို အဆင့် ဆင့်စီစဉ်ထားပုံကလည်း စနစ်ကျလှသည်။

မြို့ရိုးပေါ်၌ရှိသော တပ်သားများသည် အဆင့်လိုက် ရှိနေကြ၏။

ရေနွေးပူလောင်းသူ၊ ချော်ရည်ပူလောင်းသူ၊ ကျောက်ခဲပစ်ချသူများ အစုလိုက်အစုလိုက် ရှိနေသည်။

ထိုလူများသာ အဆက်မပြတ် တာဝန် ယူနိုင်မှုကြောင့် သူတို့တပ်သားများ ဤမျှကျဆုံးရခြင်း ဖြစ်သည်။

အထူးအရေးပါသူများမှာ လေးသည်တော်များ ဖြစ်၏။ လေးသည်တော်များ စိတ်ထိန်းနိုင်ပြီး လေးမြားတစ်ကမ်းရောက်မှ ပစ်ခတ်ကြသည်။

ပစ်ခတ်ရာ၌လည်း ထိရောက်မှုရှိသည်။

စီတန်ကုံးပြောသကဲ့သို့ ဤကန္တာရသားများကို အထင်သေး၍ မရကြောင်း ယခုတွေ့ရှိရလေပြီ။

မည်သို့ပင်ဖြစ်စေ မိမိတို့ကလည်း နည်းလမ်းရှာရသည်။

နည်းလမ်းရှာပြီးတိုက်လျှင် နိုင်ရမည်သာ။

ကန္တာရသားများ ခါးစွမ်း ထက်သလောက်တော့ ဟန် တရုတ်များ စွမ်းကြရမည်သာ။

ကျင်ကျွမ်း မြို့စားသည် ဟန်ဝမ် မြို့ရိုးဆီသို့ ကြည့်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိလေ၏။

"နေနှင့်ဦးပေါ့"ဟု စိတ်တွင်းမှ ကြုံးဝါးနေသည်။

★

## အခန်း (၄၀)

### နာကြည်းသူ၏ တုံ့ပြန်မှု

ဘိုးသက်ပြင်း ဝါတန်းစုနှင့် မြို့စား ကျော်ချန်းတို့သည် ရန်သူတော် ကျင်ကျွမ်းတပ်ကြီးအား အကဲခတ် ကြည့်ရှုနေလေ၏။

သူတို့၏ မြို့ရိုးနှင့် ရန်သူစခန်းချရာ အကြားၓွ လူသေအလောင်းများ၊ လင်းတများ ရှိနေခဲ့သည်။

ထို့ကြောင့် ရန်သူတပ်များကြား၌ ရောဂါဘယများ ကျရောက်ခြင်း ဖြစ်သည်။

သူတို့သည် လူမပြောနှင့် ခွေးတစ်ကောင် ကြောင်တစ်မြီးကိုမျှ ဝင်ခွင့်မပြုခဲ့ပါချေ။

"ကြည့်ရတာ ကျင်ကျွမ်း တပ်တွေမှာ ရောဂါဘယတွေ ကျရောက်နေပြီနဲ့ တူတယ် ဘသက်ပြင်း"

"အေး....ဟုတ်တယ်၊ ဝမ်းရောဂါဖြစ်ပြီး ရဲမက်တွေ ကျဆုံးနေတယ်လို့ သိရတယ်၊ နောက်ပြီး အနာတွေလဲပေါက်နေကြတယ်လို့ ဆိုတယ်"

"ကျုပ်တို့ဘက် ကူးလာရင်တော့ ဒုက္ခပဲ"

"ကျုပ်တို့ဘက်ကို ကူးလာစရာ မရှိပါဘူး၊ ကျုပ် လုပ်ထားပါတယ်၊ အပေါက်မှန်သမျှ ပိတ်ဆို့ခိုင်းထားတယ်၊ ဘယ်သူမှ မဝင်စေရဘူး"

လင်းတများသည် စစ်မြေပြင်ကို ချောက်ချားမှု ဖြစ်စေရန် ဖန်တီးလျက် ရှိသည်။

ဘိုးသက်ပြင်း ဝါတန်းစုက....

"မြို့သားတွေကိုလဲ တစ်ယောက်မှအပြင်မထွက်ဖို့ အမိန့်ပေးထားတယ်၊ မြို့ပြင်ရောက်နေတဲ့ ဘယ်သူ့ကိုမဆို မြို့ထဲ



ဝင်ခွင့်မပေးဖို့ မှာထားတယ်၊ လူ အကူးအသန်း လုပ်ရင် ရောဂါတွေ ကူးစက်နိုင်တယ်ကွ"

"ကြည့်ရတာတော့ ဟိုဘက်တပ်တွေမှာ ရောဂါအကြီးအကျယ်ရနေပုံပဲ"

"အေး....အဲဒါကောင်းတာပေါ့၊ သူတို့ ဒုက္ခရောက်လေ တို့ကောင်းလေပေါ့၊ ခုလဲ သူတို့တပ်သား တစ်ဝက်လောက် လျော့သွားပြီလို့ ထင်တယ်"

"ဟုတ်တယ်၊ ရဲမက်တွေကို သယ်နေတာ တွေ့ရတယ်"

"အဲဒါ လူသေအလောင်းတွေပေါ့၊ မီးရှို့ဖို့ သယ်လာတာ ဖြစ်ရမယ်၊ ဒီမြို့စားနှစ်ယောက် ခေါင်းမာပြီး ဆက်စခန်းချနေရင် သူတို့ရဲမက်တွေအားလုံး ကိစ္စချောကုန်လိမ့်မယ်"

ဝါတန်းစုမှာ ရန်သူများ ကူးစက်ရောဂါဖြစ်နေသည်ကို ကြည့်ပြီး ဝမ်းသာနေပုံရသည်။

ဤသည်မှာ ကန္တာရသားများအတွက် စစ်ရေးအရ အားသာချက် ဖြစ်သည်။

ဤအတွက် သူကျေနပ်နေသည်။

ဝါတန်းစုသည် မြို့ရိုးပေါ်၌ ကြိုးနှင့်ချည်ပြီး နေလှန်းထားသော လူငယ်ကို လှမ်းကြည့်လိုက်၏။

"မြို့စား....ဟိုမှာဘယ်သူလဲ ကြည့်စမ်း"

လျော်ချန်း ကြည့်လိုက်သည်။

သူ ကြည့်လိုက်သည်နှင့် မည်သူ ဖြစ်သည်ကို သိသည်။

အဝတ်အစားစုတ်ပြတ်ပြီး လူရုပ်မပေါ်ဘဲ ဖြစ်နေသည့် တိန်စွန်ချန်ပေတည်း။

"သိသားပဲ၊ ကျင်ကျွမ်းမြို့စားကြီးရဲ့သား တိန်စွန်ချန်ပဲ...."

"ဒီကောင်လေးကို အခု ဒီက လွှတ်ပေးလိုက်ရင် သူ ဒီတစပြင် စစ်တလင်းကိုဖြတ်ပြီး သူ့အဖေရှိတဲ့တပ်ကိုပြေးလိမ့်မယ်၊ အဲဒီလဲရောက်ရော ကူးစက်ရောဂါတွေရပြီး တစ်ခါတည်း သေမှာပဲ"

"ဒါဖြင့်ရင် လွှတ်ပေးလိုက်ပါလား ဘသက်ပြင်းရဲ့"

လျော်ချန်းသည် တိန်စွန်ချန်ရှိနေသဖြင့် သူ့ဇနီးအတွက် စိတ်မချရခြင်းကြောင့် လွှတ်ပေးခိုင်းခြင်းဖြစ်သည်။

ဤမြို့တွင်း၌ တိန်စွန်ချန် မရှိပါမှ သူကောင်းစွာ အိပ်ပျော်မည် ဖြစ်သည်။



ဝါတန်းစုက....

"ဟား....ဟား....ဟား၊ သူ့ကို လွှတ်လို့ ဘယ်ဖြစ်မလဲ၊ သူသေတယ် ဆိုတာကိုသာ သိသွားရင် ဟိုတပ်ကြီး ချက်ချင်း ဒီကို ရောက်လာမှာကွ၊ သူဟာ ကန္တာရ သားတွေအတွက် အကာအကွယ် ပစ္စည်းတစ်ခုလေ"

လျော်ချန်းသည် တိန်စွန်ချန်အား ကြည့်လိုက်၏။

ညစ်ပတ် စုတ်ပေလျက်ရှိပြီး ခေါင်းငိုက်စိုက် ကျလျက်ရှိသည်။

လျော်ချန်းသည် သူ့ကို ကောင်းစွာ တွေ့မြင်ခဲ့သည်။ ယခု ထိုရုပ်ရည်မျိုးမရှိတော့ပေ။

မျက်ကွင်းဟောက်ပက်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများနှင့် သူ့ရုပ်ရည်သည် အပြောင်းလဲကြီး ပြောင်းလဲလျက် ရှိနေချေပြီ။

တိန်စွန်ချန်သည် နှုတ်မှ တစ်စုံတစ်ခုကို ရေရွတ်နေ၏။

"သူ ဘာပြောနေတာလဲ"

"ရေတောင်းနေတယ်"

သောက်ရေအိုးက သူ့အနီးတွင်ပင်ရှိနေသည်။

"အစောင့်တွေက ရေကို ဘာဖြစ်လို့ မပေးတာလဲ"

"ကျုပ်ကမှာထားလို့ပါ၊ ရေမပေးနဲ့၊ အစာမကျွေးနဲ့...."

"သူ သေသွားမှာပေါ့"

"သေခါနီးတော့ မသေရုံထပ်ကျွေးလိုက်တာပေါ့၊ ဟဲ....ဟဲ....ဟဲ"

"ရေတော့တိုက်ပါဗျ၊ သူ့ခမျာ တော်တော်ဆာလောင်နေရှာပြီ"

"ဟဲ....ဟဲ....ဟဲ၊ မြို့စားသနားရင် သောက်ခွင့်ပေးလိုက်လို့ ရပါတယ်"

ဘိုးသက်ပြင်း ဝါတန်းစုက ပြောလိုက်သည်။

ဇော်ချန်းသည် အစောင့်တစ်ယောက်အား အမိန့်ပေးလိုက်လေတော့သည်။

"ဟေ့....သူ့ကို ရေတိုက်လိုက်စမ်း"

ကန္တာရသားသည် တိန့်စွန်ချန့်ထံ သောက်ရေသွားပေးလေ၏။

"ရော့....သောက်"

တိန်စွန်ချန်သည် ရီဝေသော မျက်လုံးများကို ဖွင့်ကြည့်သည်။



"အဲဒါ မြို့စားကိုယ်တိုင် သောက်ခွင့်ပြုလို့ သောက်ရတယ်မှတ်"

"ထွေ"

တိန့်စွန်ချန်သည် သောက်လက်စ ရေများကို ထွေးထုတ်ပစ်သည်။

"ကဲကွာ"

"ဝုန်း...."

"ဖြောင်း"

အစောင့်သည် တိန်စွန်ချန်အား ရိုက်ချလိုက်၏။

"ဟား....ဟား....ဟား"

ဝါတန်းစုက တဟားဟား ရယ်လေ၏။

ဇော်ချန်းသည် ဝါတန်းစု ရယ်သည်ကို မကျေနပ်ချေ။

"ဘိုးသက်ပြင်း ဘာဖြစ်လို့ ရယ်နေတာလဲ"

ဝါတန်းစုက ရယ်ရင်းပြောသည်။

"ဒီကောင်က မြို့စားကို တော်တော် မေတ္တာရှိပုံရနေလို့ပါ၊ ဒီကောင် ဘယ်လောက် ရေငတ်နေသလဲ၊ တစ်နေ့လုံး နေပူထဲမှာ ပစ်ထားတာကိုကြည့်၊ ရေ တစ်ပေါက်

လောက် သောက်ရရင် သေပျော်ပါပြီဆိုတဲ့ အခြေအနေမျိုးကို ရောက်နေတာ၊ ဒီလို အခြေအနေမျိုးမှာတောင် မြို့စားက ရေတိုက်ခိုင်းလို့ သောက်ရတယ်မှတ်လို့ ပြောလိုက်ရော ရေကို ထွေးထုတ်ပစ်လိုက်တာကို ကျုပ် ရယ်ချင်လို့ပါ....”

လျော်ချန်းသည် အတော်စိတ်ဆိုးသွားလေသည်။

သူက စေတနာနှင့် ရေတိုက်ခိုင်းသည်။

ထိုရေကို တိန်စွန်ချန်က မသောက်ပေ။

အင်အား ချို့တဲ့နေသော လူတစ်ယောက်ကို မည်သို့မျှ မတုံ့ပြန်ချင်ပေ။

အကယ်၍ တိန်စွန်ချန်သာ လူကောင်းတစ်ယောက် ဖြစ်နေလျှင် သူသည် ဓားချင်းယှဉ်ခုတ်မိပေလိမ့်မည်။

“စီလူရိန်နဲ့ ကျုပ်နဲ့ ညာနေတာကို သူသိသွားပြီလို့ ကျုပ်ထင်တယ်”

ဝါတန်းစုက....

“ဟုတ်တယ်”

ဝါတန်းစုသည် လျော်ချန်းကို စကားပရိယာယ်နှင့် နှင်ထုတ်လိုက်သည်။



“ကျုပ် ဒီနေရာမှာ ဆက်နေရင် ဒီကောင်ကို သတ်မိလိမ့်မယ်”

လျော်ချန်းသည် ထွက်ခွာသွားလေသည်။

“ကန္တာရသားတွေ၊ ခွေးမသားတွေ၊ မင်းတို့ကို ငါသတ်မယ်၊ နားလည်လား၊ ငါသတ်မယ်”

တိန်စွန်ချန်သည် အော်ဟစ် ရေရွတ်နေလေသည်။

★

## အခန်း(၄၁)

### ဒုတိယအကြိမ်တိုက်ခြင်း

မိုးသည်းထန်စွာ ရွာသွန်းနေသေးသည်။

ကျင်ကျွမ်းမြို့စား တိန်စိန်ဟုတ်သည် ဝမ်းရောဂါ ခံစားနေရသူများနှင့် အနာပေါက်နေသူများကို ချန်ထားပြီး စစ်တိုက်နိုင်သော ရဲမက်တော်များကို စုစည်းလျက် ဟာန်ဝမ်မြို့အား တိုက်ခိုက်ရန် ချီတက်လာကြသည်။

တိန်စိန်ဟုတ်သည် စချီလာကတည်းက သားကို ကယ်တင်ရန် ရည်ရွယ်လာခြင်းဖြစ်သည်။



ယခုလည်း သားကိုကယ်တင်ရန် ဒုတိယအကြိမ် စစ်မြင်လာခြင်းပင်ဖြစ်သည်။

မိုးသည်းထန်နေ၍ မြို့တံခါးမှ ကန္တာရသားများသည် လည်းကောင်း၊ မြို့ရိုးပေါ်မှ ကန္တာရသားများသည် လည်းကောင်း မိုးလုံရာ၌ ကွေးနေကြသည်။

ထို့ကြောင့် ကျင်ကျွမ်းစစ်သည်များ ချီတက်လာသည်ကို မမြင်ကြတော့ချေ။

ကျင်ကျွမ်းစစ်သည်များသည် သူတို့ထမ်းလာသည့် သစ်လုံးကြီးများဖြင့် မြို့တံခါးကို တဒုန်းဒုန်း ဆောင့်သောအခါမှ မြို့ထဲရှိ ကန္တာရသားများသည် မြို့ရိုးတံခါးအနီးသို့ ကျင်ကျွမ်း စစ်သည်များ ရောက်ရှိနေသည်ကို သိရှိကြသည်။

"ရန်သူဟေ့....ရန်သူ"

"တားဆီးကြ၊ ကာကွယ်ကြ"

"ရန်သူစစ်သည်တွေ လာပြီဟေ့"

ကန္တာရစစ်သည်တော်များသည် အော်ဟစ်နေကြတော့သည်။

မြို့ရိုးပေါ်သို့ အပြေးအလွှား တက်လာကြသည်။

သို့သော်....

အသံများက မိုးသံလေသံနှင့် လုံးထွေးနေသည်။

မြို့တံခါးစောင့် စစ်သည်များသည် စံအိမ်တော်သို့ အပြေးအလွှား သွားရောက်ပြီး ကျော်ချန်းအား သတင်းပို့ အကြောင်းကြားကြသည်။

"ရန်သူတွေ မြို့တံခါးကို သစ်လုံးနဲ့ ဆောင့်နေပါပြီ မြို့စား၊ အမြန်လာကြည့်ပါ ခင်ဗျာ"

ကျော်ချန်းသည် စီလူရိန်အား ဘေးသို့ တွန်းဖယ်ကာ ဓားကိုဆွဲ၍ စံအိမ်တော်မှ ဆင်းပြေးလေ၏။

သူသည် မြို့တံခါးဆီသို့ ရောက်ရန် မြင်းကို ဒုန်းစိုင်း စီးနှင်းသည်။

ကျော်ချန်းသည် မိုးထဲလေထဲ၌ ကန္တာရသားများကို အော်ဟစ် စုစည်းလာခဲ့သည်။

သူ မြို့တံခါးနားသို့ ရောက်သောအခါ ဘိုးသက်ပြင် ဝါတန်းစု ရောက်နေသည်ကို တွေ့ရလေ၏။



ဝါတန်းစုသည် မြို့တံခါးမှ စစ်သည်များကို ကွပ်ကဲနေသည်။

ထိုအခါ....

ကျော်ချန်းက မြို့ရိုးပေါ်သို့ တက်ခဲ့သည်။

ကျော်ချန်းသည် လှေကားထောင်၍တက်နေသည့်ရန်သူများကို ကြည့်လေ၏။

ရန်သူများက ယခုမှ လှေကားထောင်ပြီး ဖြစ်နေသည်။ တက်လာကြသေးချေ။

တက်ရန် တာစူနေကြသည်။

"ဟင်း...."

ကျော်ချန်း သက်ပြင်းချမိ၏။

"တော်ပါသေးရဲ့"

ရန်သူများသာ မြို့ရိုးကို စီးမိကြလျှင် သူတို့အခက်ကြီး ခက်သွားပေလိမ့်မည်။

ယခုတော့....

ရန်သူများ တက်မလာသေးပေ။

"ဟော့....ရေနွေးအိုးတွေ ဘယ်မှာလဲ၊ ချော်ရည်ပူတွေ ကော"

ချော်ရည်ပူနှင့် ရေနွေးပူ တာဝန်ခံသူက မျက်နှာငယ် လေးဖြင့် အစီရင်ခံသည်။

"မြို့စားကြီးခင်ဗျာ၊ ရေနွေးအိုးတွေက မီးရှူးလို့ အေး နေပါပြီ၊ ချော်ရည်ပူကွေကလဲ အေးနေပါပြီ၊ ကျွန်တော့် အပြစ်ပါပဲ ခင်ဗျာ"

လျော်ချုန်း ရုတ်တရက် စိတ်ပူသွားသည်။

သို့သော်....

အတွေ့အကြုံ များသဖြင့် ချက်ချင်းပင် အမိန့်ပေးသည်၊

"ရေနွေးအိုး အေးနေလို့၊ ချော်ရည်ပူအေးနေလို့ဆိုပြီး တာမှ တွေငေမနေနဲ့၊ ကျောက်တုံးကျောက်ခဲတွေကို အမော မြန်မြန်ပစ်ပေး"

ကန္တာရသားများသည် ကျောက်တုံးကျောက်ခဲများကို တရကြမ်း ပစ်ချတော့သည်။

လှေကားပေါ်တက်နေသည့် စစ်သည်တော်များ တန် သွားကြတော့၏။



ထိုစဉ်....

ဝါတန်းစုသည် မြို့ရိုးပေါ်တက်လာသည်။

သူသည် လေးသည်တော်များကို ခေါ်ပြီး မြို့ရိုးအား သစ်တုံးဖြင့် ဆောင့်နေသည့် စစ်သည်တော်များအား ချိန် ရွယ် စေသည်။

"ပစ်"

"ဝှစ်....ဝှစ်....ဝှစ်"

"ရှစ်....ရှစ်....ရှစ်"

"အား....အ....အ"

"အင့်....အင့်....အင့်"

မီးပေါက် မီးစက်များကြားမှ မြားများသည် ဝှီးဝှီး တဝှစ်ဝှစ်ဖြင့် ပြေးထွက်သွားပြီး ကျင်ကျွမ်းစစ်သည်များကို ထိမှန်လေတော့၏။

ရန်သူများ၏ မချိမဆံ့ အော်သံသည် မိုးသံများကို ထွင်း ဖောက် ထွက်ပေါ်လာလေသည်။

မြို့ရိုးတံခါး အတွင်းဘက်၌လည်း ကန္တာရ တပ်သား ငါးဆယ်ခန့်တို့က တိုက်ခိုက်ရန် အဆင်သင့် ပြင်ဆင်ထား သည်။

လျော်ချန်းသည် မြို့ရိုးတစ်လျှောက် ပြေးလွှားစစ်ဆေးနေသည်။

လိုအပ်သော နေရာများ၌ သူကိုယ်တိုင် ကျောက်ခဲများနှင့် ပစ်ပေါက်ပေးသည်။

အချို့သည် ခဲနှင့်ပေါက်နေသည့်ကြားမှ မြို့ရိုးပေါ်ထိ တက်ရောက်လာနိုင်ကြသည်။

ထိုသူများကိုတော့ ဓားနှင့်ယှဉ်ခုတ်ပြီး ရှင်းလင်းပစ်ရသည်။

ဒဏ်ရာရသော ရန်သူ တပ်သားများကို မြို့ရိုးပေါ်မှ ပစ်ချရသည်။

မြို့တံခါးကို ဆောင့်နေသော သစ်လုံးကြီးများမှာ မတောင့်နိုင်တော့ပေ။

ငြိမ်သက်သွားလေပြီ။

အဘယ်ကြောင့် ဆိုသော်....

သစ်လုံးကိုင်ဆောင့်သည့် စစ်သည်များမှာ မြားထိမှန်ကုန်သောကြောင့် ပေတည်း။

မြို့တံခါးစောင့် ကန္တာရသားတစ်ဦးသည် မြို့ရိုးပေါ်တက်၍ ဝါတန်းစုအား အစီရင်ခံသည်။



"မြို့တံခါးကြီး ပေါက်လုနီးနေပါပြီ"

"အေး....အခုတော့ မပေါက်တော့ဘူး၊ မြို့တံခါးကို ဒီကောင်တွေ မဆောင့်နိုင်တော့ဘူး၊ ဆောင့်မယ့်ကောင်တွေ သေကုန်ပြီ"

ဝါတန်းစု၏ ပြောစကားကြောင့် ကန္တာရ တပ်သားမှာ အောက်သို့ ပြန်ဆင်းသွားသည်။

သို့သော်....

ကျင်ကျွမ်းစစ်သည်များကတော့ မြို့ရိုးအခြေတွင် အများအပြား ရှိနေဆဲပင်တည်း။

ဝါတန်းစုသည် မှုတ်ပြောင်းအဖွဲ့ကို ခေါ်ယူလိုက်သည်။ မှုတ်ပြောင်းအဖွဲ့ကို အဆိပ်လူး မြားများဖြင့် ထပ်မံ မှုတ်စေလေသည်။

"ဝှစ် ဝှစ် ဝှစ်...."

ရန်သူ ကျင်ကျွမ်းစစ်သည်များ အများအပြား ကျဆုံးသွား၏။

မိုးသံလေသံ စဲသောအခါ ကျင်ကျွမ်း စစ်သည်များ၏ အတိုက်လည်း ရပ်သွားသည်။

ထိုအခါမှ ကန္တာရတပ်များသည်လည်း သက်ပြင်းချနိုင်တော့သည်။

မြို့ရိုးပေါ်၌ပင် ရန်လူအလောင်း ဆယ် လောင်း ခန့်ရောက်နေသည်။

ကန္တာရသားများသည် အတော်ပင် အကျဉ်းအကျပ်ကျခဲ့ခြင်း ဖြစ်သည်။

လျော်ချန်းသည် ဘိုးသက်ပြင်းဝါကန်းစုရှိရာသို့ ရောက်ရှိလာလေ၏။

"ဘသက်ပြင်း၊ အခြေအနေကို ထိန်းသိမ်းနိုင်ရဲ့လား"

"မြို့တံခါးတော့ အတော်ပျက်စီးသွားတယ်၊ ဒါပေမယ့် ရန်သူတွေဝင်နိုင်တဲ့ အခြေတော့ မရောက်ခဲ့ပါဘူး၊ သူတို့ဆောင့်နေတဲ့ သစ်တုံးကြီးလဲ ငြိမ်သက်သွားပါပြီ"

"မြို့ရိုးပေါ်ကို ရန်သူတွေ တက်တော့ တက်လာနိုင်တယ်၊ ဒါပေမယ့် တက်လာတဲ့ရန်သူတွေကို ကျုပ်တို့ကန္တာရသားတွေက သုတ်သင်လိုက်နိုင်တယ်"

"ကံကောင်းလို့ မိုးကလဲ တိတ်သွားတယ်"

"သူတို့ မိုးရွာတဲ့ထဲမှာဝင်တိုက်တာ အားပျော့လို့ပျို့ ရောဂါသည်တွေချည်းပဲ ထင်ပါရဲ့၊ နို့မို့ရင် ကျုပ်တို့ဖရိုဖရဲဖြစ်နိုင်တယ်"



"မှန်တယ်၊ ကျုပ်တို့တပ်သားတွေ မိုးအေးလို့ ကုပ်နေခဲ့တာ အမှားဖြစ်သွားတယ်၊ မိုးကိုတော့ ကျုပ်တို့ကန္တာရသားတွေက ကြောက်တယ်လေ၊ မြို့စားလဲ အသိသားပဲ"

ဝါတန်းစုက အခြေအနေကို ရှင်းပြလေသည်။

သူတို့သည် ရန်သူများ၏အခြေအနေကို လှမ်းကြည့်လေသည်။

ရန်သူများ၏အင်အားမှာ ကျဲသွားလေပြီ။

သူတို့သည် မြို့ရိုးပေါ်မှ မြားတစ်ပစ် မမီနိုင်သည့်နေရာ၌ စုရုံးရပ်နေကြ၏။

ရန်သူများ၏ လှုပ်ရှားမှုများကို အတိုင်းသား မြင်နေရသည်။

ကျင်ကျွမ်းမြို့စား တိန်စိန်ဟုတ်နှင့် ဟန်ဝမ်မြို့စားစီတန်ကူးတို့သည် ဟန်ဝမ်မြို့ရိုးပေါ်သို့ စိတ်ပျက်လက်ပျက် ကြည့်နေကြသည်။

"ဟိုမှာတွေ့လား၊ မြို့စားနှစ်ယောက် စိတ်ပျက်လက်ပျက် ကြည့်နေတာ၊ ဟဲ...ဟဲ၊ သူတို့အကြံကုန်ပြီ ထင်တယ်"

ဝါတန်းစုက ကျေနပ်အားရစွာ ပြောကြားနေ၏။

လျော်ချန်းကလည်း....

"အင်း....နောက်ဆုံးတော့ သူတို့နှစ်ဦးပဲ ကျန်ခဲ့မယ်နဲ့ တူတယ်"

"အဲဒီအခါကျမှ သူတို့နှစ်ဦးကိုဖမ်းပြီး ဟိုနှစ်ယောက်ကို လွှတ်ပေးလိုက်တာပေ့ါ"

"ဗျာ...."

"ဟား....ဟား....ဟား"

လျော်ချန်း အထိတ်တလန့် ဖြစ်သွားမှုကို ဝါတန်းစု သဘောကျသွား၍ တဟားဟားရယ်၏။

"မြို့စားရဲ့ဇနီး မပါ့ပါဘူး၊ ဟိုကျင်ကျွမ်းမြို့စားရဲ့ သားနဲ့ ဟန်ဝမ်တပ်ဗိုလ် တစ်ဦးကို ပြောတာပါ"

ထိုအခါမှ လျော်ချန်းလည်း ရယ်နိုင်တော့သည်။

"ဟဲ....ဟဲ....ဟဲ၊ မသိဘူးလေဗျာ"

"မြို့စား အခု အသက်အစိတ်လေ၊ နောက်ဆက်ပေါင်း လဲ ငါးနှစ်ပေါ့ဗျာ"

"အို....ဟုတ်သားပဲ၊ အသက်သုံးဆယ်ပြည့်ရင် ကျုပ်တို့ ခွဲရဦးမှာပဲလေ"

လျော်ချန်းသည် မျက်နှာမသာမယာဖြစ်သွား၏။



သူတို့၏ ခလေ့ထုံးတမ်းမှာ စိတ်မချမ်းမသာ ဖြစ်ဖွယ်ရာ ပါတကား....။

"ကျုပ် ပြန်ဦးမယ်ဗျာ"

"ကောင်းပါပြီ"

လျော်ချန်းသည် စိတ်ပျက်လက်ပျက်ဖြင့် ထွက်သွားလေ တော့သည်။

★

## အခန်း (၄၂)

### စစ်ဆင်ရေး အကြံညာဏ်

ကျင်ကျွမ်း မြို့စားကြီးနှင့် ဟန်ဝမ် မြို့စားကြီးတို့မှာ ခေါင်းချင်းရိုက်နေကြ၏။

သူတို့ စိတ်ပျက်လက်ပျက် တိုင်ပင်နေခြင်းသာ ဖြစ်သည်။

ကျင်ကျွမ်း မြို့စားကြီးက...

"မိုးရွာနေတာ ကျုပ်တို့ အတွက် အခွင့်ကောင်းပဲ၊ ကျုပ်တို့တပ်သားတွေ အားလုံး မြို့ရိုးအခြေအထိ ကပ်သွားနိုင်ခဲ့တယ်၊ သူတို့လူတွေ အဆင်သင့် မဖြစ်နိုင်သေးခင်မှာ



မြို့တံခါးကို ပေါက်အောင် မဖောက်နိုင်တာ ကျုပ်တို့ ညံ့သွားတာပဲ၊ မြို့တံခါးသာ အချိန်မီ ပေါက်သွားရင် ဒီကန္တာရသားတွေ အသေပဲဗျ၊ ခုတော့...."

"အေးဗျာ...ဘယ်တတ်နိုင်မလဲ၊ အကျအဆုံးများတော့ ရဲမက်တွေ သွေးသေချောက်ချားနေပေါ့၊ ရောဂါအခံကလဲ ရှိနေတယ် ဆိုတော့ စိတ်ဓာတ်ကျနေကြမှာပေါ့ဗျာ"

"အဲဒါပဲဗျာ၊ တိုက်ပွဲတစ်ပွဲမှာ စိတ်ဓာတ်က စကားပြောတာပဲ၊ ကန္တာရသားတွေဟာ အားနည်းပေမယ့် သူတို့ အားလုံးနားလည်နေကြတယ်၊ ကျုပ်တို့ကိုရှုံးရင် သူတို့ မျိုးတုံးမယ် ဆိုတာကို သိထားကြတယ်၊ နောက်ပြီး သူတို့က ဒီလို မြို့နဲ့ ရွာနဲ့ နေဖူးတာ မဟုတ်တော့ သူတို့ ဒီမြို့ကို ဘယ်လက်လွှတ် ခံနိုင်မှာလဲ၊ စိတ်ဓာတ် အနေအထားအရ သူတို့က သာနေတာကိုးဗျ"

"အဲဒါလဲ ဟုတ်သားပဲဗျာ"

ထိုစဉ် သူတို့ဆီသို့ လူနှစ်ယောက် လာနေကြသည်။

စစ်မြေပြင်၌လည်းဖြစ်၊ အနာရောဂါများလည်း ရနေကြသဖြင့် မြို့စားနှစ်ဦး အနီး၌ အစောင့်အရှောက်များ မရှိကြပေ။

အနီးသို့ရောက်သောအခါ ကျောက်ခေါးရှင်နှင့် ခေါးနှစ်လက်တို့ ဖြစ်နေကြသည်။

သူတို့သည် ယီမင်သို့ ပြန်သွားကြသော်လည်း အနီအဖု ကလေးများ ပေါက်လာသောအခါ သူတို့သည် ယီမင်မှ ပြန်ထွက်လာကြသည်။

ဟန်ဝမ်မြို့ပြင် စစ်စခန်းသို့ ရောက်သောအခါ သူတို့ နှစ်ဦးစလုံးမှာ တစ်ကိုယ်လုံး အနာများ ပေါက်နေကြ လေပြီ။

သူတို့ကို တွေ့သောအခါ ဟန်ဝန်မြို့စားကြီးက ဒေါက် ငမ်းလိုက်သည်။

"မင်းတို့ ဒီကို ဘာကိစ္စနဲ့ လာကြတာလဲ၊ မင်းတို့မှာ ရောဂါရနေတာကို နားမလည်ဘူးလား"

ဟန်ဝမ် မြို့စားကြီးသည် ကျောက်ခေါးရှင်နှင့် ခေါးနှစ် လက်တို့အပေါ် သံသယဇဥ်ရှိသည်။

သို့သော်....

ကျင်ကျွမ်း မြို့စားကြီး ရှိနေသဖြင့် ဒေါက်ငမ်း မာန်မဲ လိုက်ရခြင်းဖြစ်သည်။



ကျောက်ခေါးရှင်နှင့် ခေါးနှစ်လက်တို့မှာ တစ်ကိုယ်လုံး မြင်မကောင်းကြချေ။

"ကျွန်တော်တို့ ဒီရောဂါကိစ္စနဲ့ လာကြတာပါပဲ"

"ဒီရောဂါနဲ့ တို့နဲ့ ဘာဆိုင်လို့လဲကွ"

စီတန်ကုံးက ဒေါသဖြင့် အော်ဟစ်လိုက်၏။

"ကျွန်တော့်ကို စကားပြောခွင့်ပြုပါဦး မြို့စားကြီး၊ ပြောပြီးမှ ကျွန်တော်တို့ စကားကို လက်မခံနိုင်ဘူး ဆိုရင် မောင်းထုတ်ချင်ထုတ်၊ သတ်ချင်သတ်ပစ်ပါ"

"မလိုချင်ဘူးကွာ၊ မင်းတို့ ခုထွက်သွားကြ၊ မင်းတို့မှာ ဖြစ်နေတဲ့ အနာတွေက ငါတို့အတွက် အန္တရာယ်ကြီးပါပဲ ကွာ၊ မင်းတို့နားလည်ကြပါ"

ခေါးနှစ်လက်က....

"မှန်ပါတယ် မြို့စားကြီးရယ်၊ ကျွန်တော်တို့ ဒီအသက် အရွယ်ထိ ကြီးလာခဲ့တာ မြို့စားကြီးရဲ့ စောင့်ရှောက်မှုနဲ့ ကြီးပြင်းလာခဲ့တဲ့ လူတွေပါ၊ မြို့စားကြီး အကျိုးစီးပွား ပျက်စီးမယ့် အလုပ်ဆိုရင် ကျွန်တော်တို့ ဘယ်အလုပ်မှ မလုပ်ပါဘူး ခင်ဗျာ"

မြို့စားကြီးသည် ဓားကိုထုတ်လိုက်သည်။

ထိုအခါ....

ကျင်ကျွမ်းမြို့စားကြီးက ဖျန်ဖြေပေးလေ၏။

"သူတို့ ရောက်နေပြီပဲဗျာ၊ သူတို့စကားကို နားထောင်လိုက်ပါဦး"

စီတန်ကုံးသည် ဓားကို ပြန်ထည့်လျက် ပြောလိုက်၏။

"ကဲ....ပြောကြစမ်း"

စီတန်ကုံး၏ ခွင့်ပြုချက် စကားကို ရရှိသော အခါ ကျောက်ဓားရှင်က ပြောပြလေသည်။

"ဒီလိုပါ မြို့စားကြီး၊ ကျွန်တော်တို့ တပ်တွေဟာ ဒီ ကန္တာရသားတွေကို မတိုးဖောက်နိုင်ကြပါဘူး၊ ကျွန်တော်တို့ ဘာတွေ ညံ့သလဲဆိုတာ သုံးသပ်ကြည့်တော့ တစ်ဦးချင်း စိတ်ဓာတ်ရယ်၊ ကျန်းမာရေး အခြေအနေကြောင့်ရယ်လို့ သုံးသပ်မိပါတယ် ခင်ဗျာ"

မြို့စားနှစ်ဦးမှာ သူတို့ရောဂါ အကြောင်းများကိုသာ ပေါ့ပေါ့ပြက်ပြက် ပြောကြမည်ဟု ထင်ထားမိရာ ယခုကဲ့သို့



သူတို့၏ တပ်ကြီးများနှင့်ချိန်၍ ပြောလိုက်သောအခါ စိတ်ဝင်စားသွားမိကြသည်။

ထို့ကြောင့်....

စီတန်ကုံးသည် ဆက်လက်ပြောရန် အချက်ပြလိုက်လေသည်။

"ကျွန်တော်တို့ ရဲမက်တွေ တိုက်ခိုက်ပုံကို မြို့စားကြီးတို့ သိရှိကြပါတယ်၊ ကျွန်တော်တို့ ရဲမက်တွေဟာ ဘာဝန်အရ တိုက်ခိုက်ကြပြီး ကန္တာရသားတွေ ကတော့ သူတို့ ဘဝ အတွက် တိုက်ခိုက်ကြပါတယ်....

"ကျွန်တော်တို့ရဲ့မက်တွေဟာ ခရီးပြင်းချီလာကြပြီး မေ့ဥပန်း နွမ်းနေရတဲ့ အထဲမှာ စစ်မြေပြင် ရောဂါဆိုးတွေ ကပ်ပြီး စစ်တိုက်ကြရတယ်၊ ကန္တာရသားတွေ ကတော့ ကျန်းကျန်းမာမာနဲ့ စစ်တိုက်ကြရပါတယ်၊ အဲဒီလိုကွာခြားချက်တွေ ရှိနေပါတယ်"

စီတန်ကုံးသည် ခေါင်းကိုဘာဆတ်ဆတ်ညိတ်ပြီး....

"ဆက်ပြောပါဦးကွယ်"

ကျင်ကျွမ်းမြို့စားကြီးကလည်း စိတ်ပါဝင်စားစွာ နားထောင်နေသည်။

"အဲဒီတော့ ကျွန်တော်တို့ ဒီလိုပဲရောဂါခံစားနေလိုက်၊ သူတို့ကို သွားတိုက်လိုက်၊ နောက်ပြန်ဆုတ်ပြီး ရောဂါတွေ ခံစားလိုက် လုပ်နေမယ့်အစား ကျွန်တော်တို့ရောဂါတွေကို သူတို့ကို ပြန့်ပေးလိုက်ရင် မကောင်းဘူးလား....

"ကျွန်တော်တို့လူတွေ စိတ်ဓာတ်ကျနေသလို သူတို့ လူတွေလဲ စိတ်ဓာတ်ကျစေရမယ်၊ ဒီမခံချင်စိတ်နဲ့ ကျွန်တော်တို့ နှစ်ဦး ဒီလိုစိတ်ကူးထားကြပါတယ်ခင်ဗျာ"

"ဘယ်လိုများလဲ ကျောက်ဓားရှင်ရယ်"

စီတန်ကုံးသည် မျက်နှာထား အထူး ပျော့ပျောင်းသွားသည်။

ကျောက်ဓားရှင်နှင့် ဓားနှစ်လက်တို့သည် စိတ်ခံစားမှု အထူးရှိစွာနှင့် ပြောနေခြင်းဖြစ်ကြောင်း သိလာ၏။

ကျောက်ဓားရှင်က....

"ကျွန်တော်တို့ နှစ်ယောက်ဟာ ရောဂါရရှိနေတဲ့ ဝေဒနာသည်တွေပါ၊ ကျွန်တော်တို့လို ရောဂါသည် နောက်ထပ် ဆယ်ယောက်လောက် လိုအပ်ပါတယ်၊ ဒါပေမယ့် သူတို့ဟာ ကျွန်တော်တို့လို စိတ်ဓာတ်မျိုး ရှိဖို့လိုပါတယ်၊



ကိုယ့် အရှင်သခင်အတွက် အသက်စွန့်ဝံ့တဲ့လူတွေ ဖြစ်ရပါမယ်"

"ဒီအတွက်တော့ မပူပါနဲ့ကွာ၊ ငါ့တပ်သားတွေထဲမှာ ငါ့အတွက် အသေခံနိုင်တဲ့အကောင် တစ်ဝက်တော့ပါမယ်လို့ ငါယုံကြည်ပါတယ်"

"ကောင်းပါပြီ ခင်ဗျာ၊ ဒီလို အသေခံနိုင်တဲ့လူတွေရရင် ကျွန်တော်တို့ဟာ စစ်ဆင်ရေး တစ်ခုကို စပါ့မယ်၊ အခု ကျွန်တော်တို့ဆီမှာ သေတဲ့ ခွေးတွေ လူတွေဟာ ရောဂါရလို့ သေတဲ့ ခွေးတွေ လူတွေပဲဖြစ်ရပါမယ်....

"ဒီ ခွေးသေတွေရဲ့ ခန္ဓာကိုယ်ကို ခုတ်ဖြတ်ပြီး မြို့ထဲကို ရောက်အောင် ပစ်ထည့်ရင် မြို့ထဲမှာ ရောဂါတွေ ပျံ့နှံ့သွားမှာ သေချာပါတယ်"

"အား....ဟုတ်တယ်၊ ဒီအကြံဉာဏ် ကောင်းတယ်"

မြို့စားကြီး စီတန်ကုံးက ကျူးရင့်လိုက်၏။

"ကျွန်တော်တို့ဟာ ရောဂါရနေတဲ့ လူတွေပါ၊ ဒီ ခွေးသေတွေကို ဘာဖြစ်လို့ ခုတ်ဖြတ်ပြီး မကိုင်ရဲရမှာလဲ၊ ဒီ အသားတွေကို မြို့ထဲပစ်ထည့်ဖို့ပဲလိုပါတယ်၊ မြို့စားကြီးတို့

လောက်လွှဲတွေ တပ်ဆင်ပေးနိုင်ရင် ကျွန်တော်တို့ မြို့ထဲကို ပစ်ထည့်နိုင်ပါတယ် ခင်ဗျာ”

ကျောက်မားရှင်က စကားကို အဆုံးသတ်လေ၏။

စီတန်ကုံးသည် တပည့်များ၏ သစ္စာစောင့်သိ ရိုသေသမှုကို လွန်စွာ သိနားလည်သွား၏။

သူသည် တပည့်များအပေါ် ရက်စက် လို စိတ် တော့ မရှိ။ ကျင်ကျွမ်းမြို့စားကြီး ရှိနေသောကြောင့်သာ ငေါက်ငမ်းခြင်း ဖြစ်ပေသည်။

ယခု တပည့်များ၏ သစ္စာရှိမှုကို သိရသောအခါ စီတန်ကုံးသည် မျက်ရည်လည်မိသည်။

ကျောက်မားရှင်နှင့် မားနှစ်လက်တို့၏ ရောဂါရရှိမှုကိုလည်း စာနာသွားသည်။ ထိုရောဂါများကို ကြောက်ရွံ့စိတ် မရှိတော့ပေ။

ကြောက်ရွံ့စိတ်အပေါ်တပည့်များအား ကြင်နာစိတ်က ပိုသွား၏။

သူသည် ထိုင်ရာမှခုန်ဆင်းသွားပြီး တပည့်နှစ်ဦး၏ ပခုံးပေါ်လက်တင်လေ၏။



ကျောက်မားရှင်နှင့် မားနှစ်လက်တို့မှာ အလန့်တကြား နောက်ဆုတ်သွားကြလေ၏။

“အို....မြို့စားကြီး ကျွန်တော်တို့ကို မကိုင်ပါနဲ့၊ မထိပါနဲ့၊ မြို့စားကြီး ရောဂါကူးသွားပါ့မယ်”

မြို့စားကြီးက တည်ကြည်စွာပြော၏။

“အေး....ဘာဖြစ်သလဲ၊ ငါ့တပည့်တွေတောင် ရောဂါဖြစ်နေမှတော့ ငါရောဂါဖြစ်လဲ ဘာဖြစ်သလဲ၊ ဖြစ်ဖြစ်ကွာ ငါ ဂရုမစိုက်တော့ဘူး၊ ဖြစ်လို့သေလဲ အေးတာပဲ....

“ငါ့အပေါ်သစ္စာရှိတဲ့ တပည့်တွေအပေါ် ငါပစ်ပယ်မထားဘူးကွာ”

စီတန်ကုံး၏စကားကို ကြားရသောအခါ ကျောက်မားရှင်နှင့် မားနှစ်လက်တို့မှာ မျက်ရည်ကျကြရလေ၏။

“ကဲ....မင်းတို့အတွက် လူဆယ်ယောက် ရှာပေးမယ်၊ လောက်လွှဲတွေလဲဆင်ပေးမယ်၊ မင်းတို့ပေးတဲ့ အကြံဉာဏ်ဟာ အင်မတန် သင့်မြတ်တဲ့ အကြံဉာဏ်လို့ ငါယုံကြည်တယ်”

ကျင်ကျွမ်းမြို့စားကြီးကလည်း ဝင်ပြောသည်။

"ကျုပ်ရဲ့ ကျင်ကျွမ်းစစ်သည်တွေ ထဲမှာလဲ ခင်ဗျား တပည့်လိုလူမျိုးတွေ ရှိပါတယ်ဗျာ၊ ကျုပ်လဲ အဲဒီအကြံဉာဏ် အတိုင်း အစွမ်းကုန်လုပ်ဆောင်မယ်"

ကျင်ကျွမ်းမြို့စားနှင့် ဟန်ဝမ်မြို့စားတို့သည် ထိုးစစ်ဆင် ရေးကို ဦးဆောင်ရန် ကျောက်မားရှင်နှင့် မားနှစ်လက်တို့ အား လုံးဝ အာဏာလွှဲအပ်လိုက်ကြလေ၏။

★

## အခန်း (၄၃)

### ရန်သူ၏ စစ်ဆင်ရေး

ကျောက်မားရှင်နှင့် မားနှစ်လက်သည် သူတို့အား ကူညီ ရန် ရောဂါသည် ဆယ်ဦးကို သူတို့ တပ်ဖွဲ့ဝင်များအဖြစ် လက်ခံ ရရှိလေသည်။

ထိုရောဂါသည် ဆယ်ဦးမှာလည်း ဟန်ဝမ်မြို့စား စီတန် ကိုး ပြောသလို မြို့စားကြီးအတွက် အသက်စွန့်ဝံ့သူများဖြစ် နေကြလေ၏။

ဖုဟာင်နှင့် အင်ဟုတ်သည် ထိုရောဂါသည်များအား သေ ချာအောင် မေးမြန်းကြသည်။

ဖုဟင်က....

"မင်းတို့ မြို့စားကြီးအတွက် တကယ် အသေခံဝံ့ကြ သလား"

တိုရောဂါသည် ဆယ်ဦးက မချီသွားဖြဲ ရယ်ကြ၏။

"ကျွန်တော်တို့က သေလူတွေပါ၊ နောက်ပြီးသူတို့တောင် အသေခံရဲမှတော့ ကျွန်တော်တို့က ဘာလို့အသေမခံရဲကြမှာလဲ၊ စိန်လိုက်ပါ၊ ကျွန်တော်တို့အသေခံရဲကြောင်း နောင်ကြီးတို့ တွေ့ရမှာပါ"

"ငါတို့ယုံပါတယ်ကွာ၊စိတ်ရှင်းသွားအောင်မေးတာပါ၊ ကဲ....ငါတို့ အလုပ်စကြစို့"

အင်ဟုတ်က ဝင်ပြောလိုက်သည်။

လူဆယ့်နှစ်ယောက်တို့သည် စစ်တလင်းဖြစ်သည့်နေရာမှ ခွေးသေကောင်များကို ဓားနှင့်ခုတ်ပိုင်းပြီး လွယ်အိတ်ကြီးများထဲသို့ ထည့်၍ယူကြလေ၏။

ထိုလွယ်အိတ်ကြီးများကို လောက်လွှဲပစ်စင်များဆီသို့ ယူဆောင်ခဲ့ကြသည်။

ထိုလူ ဆယ့်နှစ်ယောက်သည် လောက်လွှဲပစ်စင်များကို မြို့ရိုးအနီးသို့ ညအမှောင်၌ တွန်းယူခဲ့ကြပြီ ဖြစ်သည်။



ရောဂါရပြီးသူများ ဖြစ်သော်လည်း ခွေးသေကောင်များ၏ အပုပ်နံ့ကိုတော့ မခံနိုင်ချေ။

ထို့ကြောင့် နှာခေါင်းကို အဝတ်စများနှင့် စည်းထားရလေ၏။

လောက်လွှဲပစ်စင်များအနီးသို့လူဆယ့်နှစ်ယောက်ရောက်ရှိလာသောအခါ ဖုဟင်က မေးလိုက်လေ၏။

"ဟော့....အားလုံးစုံရဲ့လားဟေ့"

"စုံပါတယ် နောင်ကြီး"

"ဒီလိုဆိုရင် သယ်လာတဲ့ အသားတုံးတွေကို ဒီမှာလာပုံကြ၊ ဒီအသားတုံးတွေကို လောက်စာအိတ်ထည့်ပြီး မြို့ထဲကို ပစ်မယ်"

ထိုအခါ အသားတုံး သယ်လာသူများသည် လောက်လွှဲပစ်စင်အနီး၌ အသားတုံးများကို စုပုံကြလေ၏။

ဖုဟင်နှင့် အင်ဟုတ်သည် ကြီးမားသော လောက်လွှဲကြီးများကို လူလေးငါးယောက်အားဖြင့်ဝိုင်းဝန်းဆွဲပြီး အသားတုံးများကို မြို့တွင်းသို့ ပစ်လွှတ်ကြသည်။

"ဝှီး...."

"ဝှီး...."

"ဘုတ်...."

"ဘုတ်...."

ခွေးသေကောင်များ၏ အသားတုံးများသည် မြို့ရိုးအား ကျော်ဖြတ်ကာ မြို့တွင်းသို့ ကျရောက်သွားသည်။ အသားတုံးများမှာ လက်သီးဆုပ်အရွယ်မှ တောင်ဆုပ်အရွယ်ထိ ရှိကြ၏။ အကြီးအသေး မညီပေ။

"ဘုတ်"

"ဘုတ်"

မြို့တွင်းရှိ နေရာအနှံ့အပြားသို့ တဘုတ်ဘုတ် ကျနေလေသည်။

ထိုအချိန်၌....

မြို့ရိုးအထက်တွင် ကင်းစောင့်နေသော ကန္တာရ တပ်သား ကင်းစောင့်များ ရှိနေ၏။

သို့သော်....



အသားတုံးများ ခေါင်းပေါ်မှ ပျံကျော်သွားသည်ကို မမြင်ကြပေ။

တဝှီးဝှီး အသံသာ ကြားနေရသည်။

"ဝှီ....ဝှီး....ဝှီး"

ခေါင်းပေါ်မှ ရောဂါပိုးများပါဝင်နေသည့် အသားတုံးများ ပျံသန်းဖြတ်ကျော်နေသည့် အသံများကို တဝှီးဝှီး ကြားနေရသော်လည်း ဘာသံမှန်း မသိကြပေ။

ထူးဆန်းသောငှက်များ ပျံဆန်းနေသည်ဟုသာ ထင်ကြသည်။

အချို့ကန္တာရသားများကတော့ ညအချိန် စစ်မြေပြင်မှ စာစွဲ့သရဲများ အစွမ်းပြနေသည်ဟု ထင်မြင်သည်။

ထို့ကြောင့် ကြောက်လန့်နေကြသည်။

"ဝှီး"

"ဝှီး"

"ဘုတ်"

"ဘုတ်"

ထိုအသံများကတော့ မှန်မှန်ပင် ကြားနေရသည်။

"ဘာသံတွေများလဲကွာ"

ကန္တာရသားတစ်ဦးက ပြောလိုက်၏။

"ဘာသံမှန်းတော့ မသိဘူး၊ ငါလဲ ကြားနေရတာပဲ၊ တဝှီးဝှီးနဲ့ကွာ"

"တိရစ္ဆာန်တစ်ကောင်ကောင် ပျံသွားတာ ဖြစ်မယ်ကွ"

"ဟေ့ကောင်တွေ၊ ငြိမ်ငြိမ် သိုင်နေကြစမ်း၊ ဒီ အသံက ငှက်ဆိုးတွေပျံနေတဲ့အသံတွေ၊ တော်ကြာ ကျက်သရေမရှိတဲ့ ငှက်ဆိုးတွေက မင်းတို့မျက်နှာကြီးတွေကို လာဘိုးဆိတ်နေဦးမယ်၊ ငြိမ်ငြိမ်သိုင်နေကြ"

"ဝှီး"

"ဝှီး"။

"အေး....ထိုင်တာပဲကောင်းတယ်ကွာ၊ လူရယ် လက်နက်ရယ် မြို့ထဲမဝင်ရင် ငါတို့ တာဝန်ကျေတာပဲ၊ ကင်းကျတဲ့ နေရာမှာ ငြိမ်ကုပ်ထိုင်နေရင် ပြီးတာပဲ"

ထိုညက ကျောက်ခေါးရှင်တို့သည် အသားတုံး မြောက်မြားစွာကို ပစ်သွင်းနိုင်ခဲ့ကြသည်။



ထူးဆန်းသော အသားပုပ်များကို မြို့သူမြို့သားများက ကွင်းရှောင်၍သွားကြ၏။

သူတို့သည် အသားပုပ်များ မည်သို့ ရောက်ရှိနေသည်ကို မသိကြချေ။

ကန္တာရသားများကတော့ ဤထူးဆန်းသော အသားပုပ်များကို သတိပြုမိကြ၏။

သူတို့သည် ဤအဖြစ်ကို မထူးဆန်းဟု မသတ်မှတ်ကြပေ။

ဘိုးသက်ပြင်း ဝါဘန်းစုအား သွားရောက် အကြောင်းကြားကြ၏။

ဘိုးသက်ပြင်း ဝါဘန်းစုသည် ဤအဖြစ်မှာ ဖြစ်ရိုး ဖြစ်စဉ် မဟုတ်ဟု သိ၏။

ထို့ကြောင့် အသားပုပ်များရှိရာသို့ လိုက်လံ ကြည့်ရှုသည်။

သူသည် အသားပုပ်များကို လိုက်ကြည့်သည်။

ကြည့်ရင်းကြည့်ရင်း သူသည် သဘောပေါက်သွား၏။

"ဟေ့....ဒီ အသားတုံးတွေကို ဘယ်သူမှ မကိုင်စေနဲ့၊ အသားတုံးရှိတဲ့ နေရာမှာပဲ လောင်စာတွေ ပုံပြီး မီးရှို့

လိုက်ကြ၊ ပြာတွေကျန်မယ်၊ ပြာတွေကိုလဲ လက်နဲ့ မကိုင်နဲ့ အားလုံးကို မြေမြှုပ်ပစ်"

"ဟုတ်ကဲ့ပါ"

ဝါတန်းစု ပြန်လာခဲ့သည်။

သူသည် အလွန်စိုးရိမ်ပူပန်လာသည်။

"ဒါတွေဟာ ရန်သူတွေရဲ့ လက်ချက်ပဲ ဖြစ်ရမယ်"

သူသည် ချက်ချင်းပင် မြို့စား လျော်ချန်း၏ အခန်းသို့ ဝင်လေတော့သည်။

မြို့စားလျော်ချန်းသည် အခန်းထဲ၌ ရှိနေသည်။

ဝါတန်းစုဝင်လာသည်ကိုမြင်သောအခါ လျော်ချန်းက ကြိုဆိုသည်။

"ဟော .... အဘ ဝါတန်းစုတောင် ရောက်လာပြီပဲ၊ အတော်ပဲ၊ မြို့တောင်ဘက်မှာ ထူးဆန်းတဲ့ အသားတုံးတွေ တွေ့ရတယ်လို့ ကျုပ်တပည့်တွေက လာအကြောင်းကြားတယ်"

အခန်းထဲတွင် မြို့တောင်ဘက်တွင် တာဝန်ကျနေသော ကန္တာရတပ်သား နှစ်ဦးကိုလည်း တွေ့ရသည်။



ဝါတန်းစုက....

"ကျုပ်လဲ ဒီအကြောင်းကို မြို့စားကို ပြောပြဖို့ ဝင်လာတာပဲ၊ ကျုပ် သဲ အဲဒီအသားပုပ်တွေကို သွားကြည့်ပြီးပါပြီ"

"အဲဒါ ရန်သူတွေရဲ့ လက်ချက်ပဲဖြစ်ပါလိမ့်မယ်မြို့စား"

ဝါတန်းစုက ဆက်၍ပြောပြလေ၏။

"ကျုပ်တို့ မြို့ရိုးအပြင်ကရန်သူတွေ ခန်းချတဲ့နေရာမှာ လူတွေရော ခွေးတွေရော ရောဂါဖြစ်နေကြတယ်မဟုတ်လား၊ ဒီအသားတွေကတော့ ခွေးသားတွေဖြစ်ဖို့များတယ်၊ ဒါပေမယ့် ရောဂါဖြစ်နေတဲ့ အသားတွေ ဖြစ်နိုင်ပါတယ်၊ ကျုပ် အခုပဲ အဲဒီအသားပုပ်တွေကို မထိမကိုင်ဖို့ မီးရှို့ပြီး ပြာတွေကို မြေမြှုပ်ပစ်ဖို့ မှာကြားခဲ့တယ်၊ ကဲ....မင်းတို့တွေ့တဲ့ အသားတုံးတွေကို မထိမကိုင်ကြနဲ့၊ အားလုံးကို မီးရှို့ပစ်လိုက်တော့၊ ကြားလား"

"ဟုတ်ကဲ့ပါ"

ကန္တာရသားနှစ်ဦးသည် မြို့စားလျော်ချန်းနှင့် ဘိုးသက်ပြင်း ဝါတန်းစုတို့ကို အရိုအသေပြုကာ ထွက်ခွာသွားကြလေသည်။

ဝါတန်းစုက လျော်ချန်းကို ရှင်းပြ၏။

"ကျုပ် ရိပ်မိတယ်၊ မြို့စားတော့ ရိပ်မိမလားမသိဘူး"

"ဆိုစမ်းပါဦး"

"သူတို့က ကျုပ်တို့ကို ခားနဲ့မတိုက်နိုင်တော့ အသားပုပ်တွေနဲ့ ရောဂါဘယကျရောက်အောင် တိုက်တော့တာပဲ၊ ဒီအန္တရာယ်က မသေးဘူး မြို့စားရဲ့၊ မြို့ပျက်မယ့်ကိန်းပဲ၊ ကျုပ်တို့ကိုယ်တိုင် လိုက်စစ်ဆေးမှဖြစ်မယ်"

ဝါတန်းစုက ပြောလိုက်၏။

"ဘသက်ပြင်း....ကျုပ်တို့ လိုက်စစ်ဆေးဖို့ မလိုပါဘူး၊ ဒီက အမိန့်ထုတ်လိုက်ရင် ပြီးတာပဲ၊ ဘယ်သူမှမကိုင်ကြနဲ့၊ မီးရှို့ပစ်၊ မြေကိုလဲ မကိုင်နဲ့၊ မြေမြှုပ်ပစ်ဆိုရင် ပြီးတာပဲ၊ ဒီမှာ ကျုပ်ဇနီး နေမကောင်းဖြစ်နေတယ်"

ဘိုးသက်ပြင်းဝါတန်းစုက မဲ့ပြုံးပြုံးလိုက်၏။

"ကောင်းပြီလေ၊ မြို့စားမလိုက်နိုင်ရင်လဲ ရှိပါစေတော့၊ ကျုပ်ပဲ လိုက်လံကြည့်ရှုပြီး အမိန့်ပေးလိုက်ပါမယ်"

"ကောင်းပြီ ဘသက်ပြင်း"

ဝါတန်းစု ထွက်သွားလေ၏။

လျော်ချန်းသည် စီလူရိန်အား လှမ်းကြည့်လိုက်ပြီး....

"သွားပြီ၊ အဘိုးကြီး ငါ့ကို စိတ်ခုသွားပြီလားမသိဘူး"

"စိတ်ခုချင်လဲ စိတ်ခုပါစေ၊ နေရာတကာမှာတော့ ဆရာလုပ်ချင်တဲ့အဘိုးကြီးပဲ၊ နေရာတကာမှာ ဆရာလုပ်ချင်ရင် နေရာတကာကို ကိုယ်တိုင်ပဲ သွားပေါ့....

"မြို့စားဆိုတာ နေရာတကာကို လျှောက်သွားနေရတာ မဟုတ်ဘူး၊ ဖေဖေဟာ နေရာတကာမှာ မပါဘူး၊ ကိုယ့်နေရာမှာ ကိုယ်နေတာပဲ"



မှန်သည်။

မြို့စားမှာ အရာရာ၌ ပါရသည်မဟုတ်ပေ။ အသေးအဖွဲ့ကစ မပါရပေ။

အသေးအဖွဲ့ကအစ ပါနေလျှင်လည်း မြို့စားမဟုတ်တော့ပေ။

လျော်ချန်းသည် ခပ်မဆိတ်နေလိုက်ရ၏။

စီလူရိန်က....

"အခု အသားပုပ်တွေ မြို့ထဲအနှံ့ ရောက်နေပြီတဲ့၊ အဲဒီအသားတွေကို ရှင် လိုက်ကြည့်မနေနဲ့နော်၊ ရှင်ရောဂါဖြစ်ရင် ကျွန်မလဲ ရောဂါဖြစ်တော့မှာပဲ"

စီလူရိန်သည် လွန်စွာလှပကြော့ရှင်းလေ၏။

လျော်ချန်းသည် စီလူရိန်၏ခန္ဓာကိုယ်ကလေးကို ရင်ခွင်တွင်း ဆွဲသွင်းလိုက်သည်။

"ကိုယ့်မိန်းမတော့ ရောဂါ အဖြစ်မခံနိုင်ပါဘူးကွာ၊ အသားပုပ်တွေကို လိုက်မကြည့်နဲ့ဆိုရင်လဲ လိုက်မကြည့်ပါဘူး"

စီလူရိန်က....

"ရှင်တို့က ကန္တာရထဲမှာနေတော့ ဒီကအထာတွေကို ရှင် မသိပါဘူး၊ ကျွန်မက မြို့စားသမီးဖြစ်နေတဲ့ အတွက် မြို့စားလုပ်ရမယ့်အလုပ်တွေကို သိနေပါတယ်၊ ကျွန်မက ကျွန်မခင်ပွန်း မြို့စား ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်မက သင်ပြရမှာပေါ့"

လျော်ချန်းသည် ရယ်စရာလုပ်လိုက်၏။

"ဟုတ်ကဲ့၊ ကျွန်တော်မျိုး သခင်မလေးပြောသမျှ လိုက်နာပါမယ်ခင်ဗျာ"

"တော်ပါ...အပိုတွေ၊ ကဲပါ...ရေသွားချိုးပါ"

"အိုး...ဘယ့်နှယ် ရေခဏခဏချိုးရမှာလဲ"

"အောင်မယ်လေး...တစ်နေ့နှစ်ခါတော့ ရေချိုးရမှာပေါ့ရှင်၊ သွားပါ"

လျော်ချန်းသည် စီလူရိန်အား ဖက်ယမ်းနမ်းရှုပ်လိုက်၏။ စီလူရိန်မှာ လျော်ချန်း၏ရင်ခွင်ထဲ၌ ပျော်ကက်ကွယ်နေတော့သည်။

သူတို့သည် အလွန်ချစ်ကြသည့် ချစ်သူနှစ်ဦး ဖြစ်နေကြပြီ မဟုတ်ပါလော။

# အခန်း (၄၄)

## တစ်ဖက်တစ်လမ်း ကူညီခြင်း

ဘိုးသက်ပြင်းဝါတန်းစုသည် အသားပုပ်များကျနေသည့် နေရာတိုင်း လိုက်လံကြည့်ရှုပြီး ထိုအသားပုပ်များကို ဖျက်ဆီးစေလေ၏။

သို့သော်....

သူတို့သည် မြို့တွင်းသို့ကျလာသည့် အသားပုပ်တိုင်းကို မတွေ့မြင်နိုင်ချေ။

ထို့ကြောင့်....

ဝါတန်းစုသည် ကန္တာရသားတို့အား လိုက်လံနှိုးဆော်အော်ဟစ်၍ သတိပေးရန် စေခိုင်းရလေတော့သည်။

ကန္တာရသားတို့မှာ လိုက်လံ၍ သတိပေးရတော့သည်။

"မြို့သူမြို့သားများ ခင်ဗျား....ခင်ဗျားတို့ဟာ အသားပုပ် အသားတုံးများကို မမျှော်လင့်ဘဲ တွေ့ကြရပါလိမ့်မယ်....

"ဒီအသားတုံး အစားပုပ်များကို ခင်ဗျားတို့ မထိမကိုင်ကြပါနဲ့၊ ဒါဟာ ရန်သူတွေက မြို့သူမြို့သားများကို ရောဂါဘယရရှိစေရန် ပြုမူဆောင်ရွက်ချက်ဖြစ်ပါတယ်"

"အဲဒီအသားပုပ်တွေကို ထိမိကိုင်မိရင် မြို့သူမြို့သားတွေ ရောဂါဘယတွေရရှိလာပါလိမ့်မယ်၊ တွေ့တာနဲ့ အဲဒီအသားပုပ်တုံးတွေကို မီးရှို့ဖျက်ဆီးပစ်ပါခင်ဗျာ"

ကန္တာရသားများသည် မြို့တွင်း၌ လှည့်နေလှေအောင်း မြင်းဇောင်းမကျန် လိုက်လံအော်ဟစ်ရတော့၏။

မြို့သားများမှာ အကြီးအကျယ် ထိတ်လန့်သွားသည်။

သူတို့သည် အသားတုံးများကို ရှောင်ရှားကြလေတော့သည်။

ထိုသို့ လှည့်လည်သတိပေးကြေညာနေစဉ် တိုင်တစ်တိုင်၌ ကြိုးချည်အတုပ်အနှောင်ခံထားရသော တိန်စွန်ချန်၏ ခြေထောက်ရင်း၌ အသားတုံးတစ်တုံး ကျနေသည်။



တိန်စွန်ချန်သည် ထိုအသားတုံးများကို ခြေထောက်နှင့် ဆွဲယူပြီး ကွယ်ဝှက်လိုက်၏။

ဤသည်ကို အစောင့်က မမြင်လိုက်ချေ။

မမြင်သည်မှာလည်း အကြောင်းရှိသည်။

မနေ့က တစ်နေ့လုံး မိုးသည်းထန်စွာရွာနေသည်။

ထိုစဉ်....

သူ့ခြေရင်းသို့ အသားတုံးတစ်တုံး ဘုတ်ခနဲ ကျရောက်လာလေသည်။

ကန္တာရသားများမှာ မိုးကိုကြောက်သည်။ သူတို့သည် မိုးရေထဲ၌ချုပ်နှောင်ထားသော တိန်စွန်ချန်အနီး၌ မနေဘဲ အမိုးအောက်၌သွားနေစဉ် အသားတုံးကျလာသည်။

ကန္တာရသားများ အော်ဟစ်သတိပေးသံကို ကြားရပြီး တိန်စွန်ချန်သည် အသားတုံးကို အန္တရာယ်ရှိသော အသားတုံးမှန်း သိရှိသွားတော့၏။

ဤသည်မှာ မြို့ပြင်၌ဝိုင်းထားသည့် ကျင်ကျွမ်းမြို့စားသခင်ကြီး၏ အစီအမံများဖြစ်ကြောင်း သူ သိလိုက်သည်။ သူသည် ထိုအစီအမံများကို ဖာတ်နိုင်သမျှ ကူညီရပေတော့မည်။

သူ့အား ဖမ်းဆီးတုပ်နှောင်ထားသည့် နေရာနှင့် မနီးမဝေး၌ သောက်ရေတွင်းတစ်တွင်း ရှိနေသည်။ တိန်စွန်ချန်သည် သူ့အား စောင့်ကြည့်ရန် တာဝန်ပေးထားရသည့် ကန္တာရသားများကို ကြည့်သည်၊ ထိုကန္တာရသားများမှာ အိပ်ငိုက်နေသည်။

တိန်စွန်ချန်သည် အချိန်မဖြုန်းတော့ပေ။သူသည်အသားတုံးကို သောက်ရေတွင်းရှိရာနေရာသို့ ကန်ထည့်လိုက်လေတော့သည်။

"ဝုန်း"

အသားတုံးသည် တန်းတန်းမတ်မတ်ပင် တွင်းထဲသို့ ကျသွားသည်။

"ဟင်"

တိန်စွန်ချန် လန့်သွားလေ၏။ သူ့အား မျက်လုံးတစ်စုံက ကြည့်နေလေသည်တကား။

သူ အသေအချာကြည့်လိုက်သောအခါ စီလူရိန် ဖြစ်နေကြောင်း တွေ့ရှိရသည်။ သူမသည် မျက်လုံးကလေးစိုင်း၍ ကြည့်နေ၏။

တိန်စွန်ချန်သည် ကြွေခြေမပျက်နေနေသည်။

စီလူရိန်သည် ပန်းသီးတစ်လုံးကိုင်ထားသည်။ သူမသည် သူရှိရာသို့ လှစ်ခနဲပြေးလာ၏။



ထိုအခါ တိန်စွန်ချန်က ခေါင်းယမ်းပြသည်။ စီလူရိန်က ခေါင်းညိတ်၏၊ ထိုအခါကျမှ တိန်စွန်ချန် သက်ပြင်းချနိုင်တော့သည်။

သူမသည် ပန်းသီးကို သူ့အားပေးပြီး လှစ်ခနဲ ထွက်ပြေးသွားတော့၏။

တိန်စွန်ချန်သည် ကန္တာရသူရဲကောင်း ဈေ့ာ်ချန်း၏ဇနီးသည်ထံမှ ပန်းသီးကို မစားလိုပေ၊ သူ၌ ဤမျှတော့ မာနရှိပေသည်။ သူ ယခင်ကစားမိခြင်းမှာ စီလူရိန်သည် ဈော်ချန်း၏ဇနီးဖြစ်နေမှန်းမသိ၍ ဖြစ်ပေသည်။

ယခု သူသည် အမေ့မ်းဆာလောင်နေပေသည်။ ဆာလောင်လွန်းအား ကြီးသဖြင့် လူသည်ပင်ထုံသွားချေပြီ၊မဆာလောင်သလို ဖြစ်သွားသည်။

သူသည် ပန်းသီးကို လွင့်ပစ်၍မရချေ၊ သူ့လက်များကို ကြိုးနှင့်ချည်နှောင်ထားသောကြောင့်ဖြစ်၏။ သူသည် ပန်းသီးကို ခြေထောက်ရင်းသို့ လွှတ်ချလိုက်၏။

"တဲကွာ"

ပန်းသီးကို သူ ကန်ထည့်လိုက်၏၊ ပန်းသီးသည် လိမ့်၍လိမ့်၍သွားသည်။ မကြာမီ ခြေထောက်တစ်ခုနှင့်ထိပြီး ပန်းသီးသည် အလိမ့်ရပ်သွားသည်။

ထိုခြေထောက်ရှင် ပန်းသီးကိုကောက်ယူလိုက်သည်။

"မင်းက မသတီဘူးလား"

"မသတီဘူး"

"မင်းမသတီပေမယ့် ငါကတော့ သတီတယ်ကွ၊ ငါက ဒါမျိုးချောင်းနေတာ ကြာပြီ"

သူသည် အလုံးစုံကိုမြင်သည်။ သူသည် စီလူရိန် စတင် ရောက်ရှိနေကတည်းက မြင်သည်။ အသားတုံးကို ရေတွင်းထဲသို့ ကန်ချလိုက်ပုံ၊ ပန်းသီးကိုပေးပြီး ပြေးထွက်သွားပုံ တို့ကို အလုံးစုံမြင်သည်။ သူကား ကန္တာရသား လင်စီကျွန်း ပေတည်း။

သူသည် ယျော်ချန်းကို ရန်သူတော်ဟု မှတ်ယူထားသူ ဖြစ်သည်။

လင်စီကျွန်းသည် ပန်းသီးကို ဂျွတ်ခနဲဝါးစားလိုက်သည်။

"မင်းကတော့ အဆင်သင့်စားရတဲ့ ဆစ်သီးဆိုတော့ မသတီဘူး ဖြစ်ချင်ဖြစ်နေမှာပေါ့၊ သစ်သီးဝလံဆိုတာ ဖုန် ကလေးပေနေမှ ပိုပြီးစားကောင်းတာကွ"

တိန်စွန်ချန်ကမူ လင်စီကျွန်း ဘာပြောနေသည်ကို မသိပေ၊ လင်စီကျွန်းကတော့ သူ့အခိပ္ပာယ်နှင့် သူ ပြောနေသည်။



"ခင်ဗျား ဘာတွေပြောနေတာလဲ၊ ကျုပ် ခင်ဗျားပြော တာတွေကို နားမလည်ဘူး"

"ဟား....ဟား....ဟွား"

လင်စီကျွန်းသည် အော်ဟစ်ရယ်မောနေလေ၏။ လင်စီကျွန်းက....

"ငါတို့ကို စစ်တပ်တွေဝိုင်းနေတယ်ဆိုတာကို မင်းသိမှာပေါ့"

"သိသားပဲ"

"ဒီစစ်တပ်တွေရဲ့ အကြံဉာဏ်ဟာ မဆိုးဘူးကွ"

"ဘာတွေ မဆိုးတာလဲ"

"ဟ....သူတို့စစ်တပ်တွေမှာ ရောဂါဘယတွေရနေတယ် လေကွာ၊ ငါစိတ်ထင် သူတို့တပ် ထက်ဝက်လောက်ဖြုတ် နေပြီလို့ ထင်နေတယ်၊ ဒီတော့ သူတို့ဓားနဲ့တိုက်လို့လဲမရ၊ ဝင်ဖို့ကြိုးစားတာလဲမရဆိုတော့ အကြံကုန်ဂဠုန်ဆားချက် ဆိုတဲ့ လမ်းစဉ်ကိုလိုက်တော့တာပဲ"

"ဘာလမ်းစဉ်လဲ"

"သူတို့ဆီမှာ ရနေတဲ့ရောဂါတွေကို တို့မြို့ထဲရောက် အောင် လုပ်တာပေါ့၊ မင်း ငါတို့ ကန္တာရသားတွေကို လိုက်အော်ဟစ်သတိပေးနေတာကို မကြားဘူးလား"

"ကျုပ် ဂရုမစိုက်နိုင်ဘူးဗျာ၊ ကိုယ့်ဒုက္ခနဲ့ကိုယ် မဟုတ်လား"

"ဟုတ်သား၊ မင်းမဆိုးပါဘူး၊မင်းခြေကန်ချက် အတော်ကောင်းတာပဲ"

"ဘာလဲဗျ၊ ခင်ဗျားစကားက"

"ဟ....ပန်းသီးကို ကန်လိုက်တာ ငါ့ဆီ တန်းရောက်လာတာပဲ၊ မင်းကန်ချက် မဆိုးဘူးပေါ့"

ထိုအခါမှ....

တိန်စွန်ချန် သက်ပြင်းချမိသည်။

လင်စီကျွန်းက....

"တကယ်လို့ မင်းကန်ချက် မကောင်းရင် ပန်းသီးဟာ ရေတွင်းထဲ ကျသွားနိုင်တာပေါ့၊ မဟုတ်ဘူးလား"

တိန်စွန်ချန် မျက်လုံးပြူးသွား၏။

ရေတွင်းထဲသို့ အသားတုံးကို ကန်ထည့်လိုက်သည်ကို မြင်သွားလေသလော။

"ဒါပေမယ့် ပန်းသီးက ရေတွင်းဘက် မသွားဘဲ ငါ့ဆီ တန်းတန်းမတ်မတ် ရောက်လာတာယ်၊ မင်းကန်တာတော်တာပေါ့ကွာ၊ တဲ ဟဲ ဟဲ...."



တိန်စွန်ချန်မှာ အင်အားနည်းနေမှုကိုပင် ဂရုမစိုက်နိုင်ဘဲ မျက်လုံး ပြူးနေလေ၏။

လင်စီကျွန်းမှာ ပန်းသီးကိုသာ တဂျွတ်ဂျွတ် ကိုက်စားနေတော့၏။

★

## အခန်း (၄၅)

### လုပ်ကြံမှု

မြို့စား လျော်ချန်းနှင့် မြို့စားကတော် စီလူရိန်တို့သည် ရန်သူများ၏ လျှပ်တစ်ပြက် တိုက်ခိုက်မှုကို ကန္တာရသားများက တွန်းလှန်ကာကွယ်နိုင်ခြင်းအတွက် ကန္တာရသားများအား ဂုဏ်ပြုမွဲတစ်ရပ် ကျင်းပပြီး ညစာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးနေလေ၏။

ထို ဂုဏ်ပြုဧည့်ခံပွဲကို စံအိမ်တော်၌ မလုပ်ချေ။

တကယ်တော့ ပွဲကြီးလမ်းကြီးများ ပြုလုပ်လျှင် စံအိမ်တော်၌သာ ပြုလုပ်မြဲဖြစ်သည်။



ယခု ပြုလုပ်သည့် နေရာမှာ ဘေးအန္တရာယ်ရှိသည်။

မြို့တံခါးရှေ့ မြို့ရိုးအပြင်ဘက်၌ ပြုလုပ်ခြင်းပေတည်း။

ရန်သူ စစ်သည်တော်များ လာရောက် တိုက်ခိုက်လျှင် တံခါးဖွင့်၍ အတွင်းသို့ ဝင်ပြေးရမည်ဖြစ်သည်။

သို့သော်....

အချိန်ကတော့ရသည်။

ရန်သူများ စခန်းချသည့်နေရာမှာ ဂုဏ်ပြုဧည့်ခံပွဲ ကျင်းပသည့် နေရာနှင့် အတော်ကလေး ဝေးနေသည် မဟုတ်ပါလော။

ထိုနေရာ၌ ကျင်းပခြင်းမှာ အကြောင်းရှိ၏။

မြို့တံခါးနှင့် မြို့ရိုးပေါ်၌ တာဝန်ကျနေသော ကန္တာရသားများမှာ များစွာရှိသည်။

သည်လူများကို စံအိမ်တော် ဥယျာဉ်ခြံဝင်းသို့ မခေါ်နိုင်ချေ။

မြို့ရိုးတံခါးနှင့် မြို့ရိုးမှာ ရန်သူများ မျက်စောင်းထိုးနေသော နေရာဖြစ်သည်။

မြို့တံခါး အပြင်ဘက်၌ ဧည့်ခံပွဲကို ကျင်းပလိုက်သော အခါ မြို့ရိုး၌ တာဝန်ကျနေသော ကန္တာရစစ်သည်များပါ ပါဝင်ဆက်ရောက်နိုင်သည် မဟုတ်ပါလား။

လျော်ချန်းနှင့် စီလူရိန်က သူတို့ကို ဂုဏ်ပြု ညည့်ခံသဖြင့် ကန္တာရသားများ ပျော်ရွှင်စွာ စားသောက်ကြမည်ဟု အားခဲထားသည်။

ဂုဏ်ပြုညည့်ခံပွဲကို ရုတ်တရက် ကျင်းပလိုက်သဖြင့် ဘိုးသက်ပြင်း ဝါတန်းစု ာည် လုံးဝ နားမလည်လိုက်ချေ။

သူ့ကို လုံးဝ မတိုင်ပင်ဘဲ ပြုလုပ်ခဲ့သဖြင့် စနောင့်စနင်း ဖြစ်ခဲ့ရသည်။

စင်စစ်....

လျော်ချန်းအနေဖြင့် ဘိုးသက်ပြင်း ဝါတန်းစုကို တိုင်ပင်ပြီးမှသာ လုပ်လိုသည်။

ယခု ဂုဏ်ပြုညည့်ခံပွဲ ပြုလုပ်ရခြင်းမှာ ဇနီးဖြစ်သူ၏ အလိုဆန္ဒကို လိုက်လျောရခြင်း ဖြစ်သည်။

စီလူရိန် အနေဖြင့် လျော်ချန်းနှင့် သူတို့ ညားကြသည့် အထိမ်းအမှတ်ပွဲကို တစ်ဖက်လှည့် ပြုလုပ် ကျင်းပခြင်းသာ ဖြစ်သည်။

သူတို့ မင်္ဂလာပွဲ ကျင်းပသင့်ပါလျက် မင်္ဂလာပွဲ မကျင်းပခဲ့သဖြင့် ဤပွဲကို ကောက်လုပ်လိုက်ခြင်းသာ ဖြစ်သည်။

လျော်ချန်းသည် စီလူရိန်နှင့် ညားစဉ်အခါက မင်္ဂလာပွဲ ကျင်းပရန် ဘိုးသက်ပြင်း ဝါတန်းစုနှင့် တိုင်ပင်ခဲ့ဖူးသည်။



ဝါတန်းစုက သူ့အား ဤသို့ ပြောဆိုခဲ့သည်။

“ကန္တာရသားတွေအားလုံးက မြို့စားကို ရန်သူ့သမီးနဲ့ ပေးစားခဲ့ခြင်းဟာ မြို့စားက ရန်သူ့သမီးကို မသိမ်းပိုက်ခဲ့လို့သာ ဖြစ်တယ်၊ ရန်သူ့သမီးကို မြို့စားရဲ့ ဇနီးမယားအဖြစ် အတင်းအကျပ်ဆောင်နှင်းခဲ့ခြင်းသာဖြစ်တယ်၊ သူတို့ဟာ မြို့စားကို ရန်သူ့သမီးနဲ့ စိတ်ကျေနပ်စွာ အခမ်းအနားနဲ့ ပေးစားခြင်း မဟုတ်ခဲ့ဘူး၊ သူတို့ဟာ ရန်သူ့သမီးကို လက်စားချေလိုခြင်းသာ ဖြစ်တယ်....

“လက်စားချေတဲ့ အနေနဲ့ ရန်သူ့သမီးကို မြို့စားလက်ထဲ အပ်ခဲ့ခြင်းသာ ဖြစ်တယ်၊ ဒါပေမယ့် မြို့စားဟာ ရန်သူ့သမီးကို ခြေတော်တင် လက်စားချေတဲ့အနေနဲ့ မဟုတ်ဘဲ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပေါင်းသင်းနေတဲ့ အတွက် ကန္တာရသားအများစုဟာ မကျေနပ်ကြပါဘူး....

“ဒါကို မြို့စားက တရားဝင် မင်္ဂလာပွဲ အခမ်းအနားတွေ ဘာတွေ လုပ်နေရင် သူတို့ ပေါက်ကွဲနိုင်ပါတယ်၊ ဒါကြောင့် မလုပ်ပါနဲ့လို့ ကျုပ်က တားမြစ်ရခြင်း ဖြစ်ပါတယ်”

ထိုတားမြစ်ချက်ကြောင့် သူတို့နှစ်ဦး၏ မင်္ဂလာပွဲသည် မလုပ်ဖြစ်ခဲ့၊ မြို့စားကတော် တင်မြှောက်ပွဲလည်း မလုပ်ဖြစ်ခဲ့ချေ။

ထိုသို့ မလုပ်ခြင်းကို စီလူရိန်မှာ အလွန် နာကြည်းနေခဲ့လေသည်။

စီလူရိန်သည် ထိုအချက်ကို ဘေးမှတ်ထားသည်။

ယခု အခွင့်အခါရသောအခါ သူမ၏ မင်္ဂလာပွဲအစား မြို့စားကတော်တင်မြှောက်ပွဲအစား ဤဂုဏ်ပြုပွဲကို ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

သူမအနေဖြင့် ဤပွဲသို့ကန္တာရသားအားလုံးဘက်ရောက်စေချင်သည်။

သို့မှသာ သူမသည် မြို့စားလျော်ချန်း၏ကတော် စီလူရိန်ဖြစ်ကြောင်း အားလုံးက သိသွားမည် မဟုတ်ပါလော။

စီလူရိန်၏အကြံအစည်ကို လျော်ချန်းက ဖြည့်ဆည်းပေးရသည်။

ပေးနိုင်ခွင့်လည်းရှိသည်။

သူသည် မြို့စားကြီးလျော်ချန်း ဖြစ်နေသည်မဟုတ်ပါလော။

ဤပွဲကို လုပ်၍လည်းကောင်းသည်။

ကန္တာရသားများကို အားပေးချီးမြှောက်သည့်ပွဲ မဟုတ်ပါလော။

ကန္တာရသားများက ကြိုဆိုကြသည်။

ညှော်ခံပွဲ၌ ထူးဆန်းသောညှော့သည်တစ်ဦး ရှိနေသည်။ ထိုသူကား တိန်စွန်ချန်တည်း။

တိန်စွန်ချန်သည် ညှော့ခံပွဲကျင်းပရာနေရာနှင့် မလှမ်းမကမ်း၌ သံကြိုးဖြင့်ချည်နှောင်ပြီး တိုင်တစ်တိုင်၌ အချည်နှောင်ခံနေရသည်။



တိန်စွန်ချန်မှာ ထိုမြင်ကွင်းအား မမြင်ချင်၍လည်း မရတော့ချေ။

သူ့မျက်စိ ပိတ်ထားဖို့ဆိုသည်မှာလည်း မလွယ်ကူချေ။ ဤအစီအစဉ်ကို သဘောကျသူမှာ လျော်ချန်းပင်ဖြစ်သည်။

လျော်ချန်းသည်လည်း စီလူရိန်ကဲ့သို့ စိတ်ဝေဒနာ ခံစားနေရသူသာဖြစ်သည်။

သူ့စိတ်ထဲ၌ သူတို့ အကြင်လင်မယားဖြစ်နေသည်ကို တိန်စွန်ချန်အား မြင်စေချင်သည်။

ယခု သူဖြစ်စေချင်သည့်အတိုင်း ဖြစ်နေခဲ့ရလေပြီ။

တိန်စွန်ချန်သည် အံတကြိတ်ကြိတ်နှင့် ကြည့်နေလေသည်။

"တောက်....ဒီကောင်တွေ လူဝါးဝတာပဲ"

တိန်စွန်ချန်သည် တီးတိုးပြောလိုက်လေသည်။

သူပြောသည့်စကားကို သူ့ဘေးမှကန္တာရသားမှာ ပီပီသသ မကြားလိုက်ချေ။

သို့သော်....

အောက်ခတ်လိုက်သံကိုတော့ ကြားသည်။

"မင်း သိပ်လဲ ဒေါသထွက်မနေပါနဲ့ကွာ၊ ဒီထက်ကောင်းတဲ့ မြင်ကွင်းတွေကို မင်း မြင်ရမှာကွ၊ ပူမနေနဲ့."

ထိုကန္တာရသားကား လင်စီကျွန်းပေတည်း။

မြို့စားလျော်ချန်းကို မကျေမနပ်ဖြစ်နေသူတည်း။

"ခင်ဗျား ဘာစကားပြောတာလဲ"

"လူစကား ပြောတာပေါ့ကွာ၊ မင်းကို တစ်ယောက်တည်း ဒီမှာလာကြိုးချည်ထားတတည်းက မင်း သိဖို့ကောင်းတယ်၊ မင်း ကြည့်ချင်ချင် မကြည့်ချင်ချင် မြို့စားလင်မယားကို ကြည့်ရမှာပဲကွ"

"သွားစမ်းဗျာ"

လင်စိကျွန်းသည် တဟားဟားအော်ရယ်ရင်း သူ့အနီးမှ ထွက်ခွာသွားသည်။

မြို့စားလျော်ချန်းသည် သူ့ဇနီးနှင့်အတူ ကန္တာရသားများအလယ်၌ ပေါ်လာသည်။

"ငါတို့ဇနီးမောင်နှံဟာ စစ်တိုက်ကောင်းတဲ့ ကန္တာရသားတွေကို ဂုဏ်ပြုတာပဲ၊ ဒီပွဲမှာ မင်းတို့ပျော်ပျော်ပါးပါးကြီး သောက်စားကြ၊ မင်းတို့အတွက် အားလုံး အပြည့်အစုံ စီစဉ်ထားတယ်၊ ဘာမှမပူနဲ့၊ စိတ်ကြိုက် စားကြသောက်ကြပေတော့"

မြို့စားလျော်ချန်း၏စကား ဆုံးသောအခါ ကန္တာရသားများသည် တဟေးဟေးနှင့် အော်ဟစ်ကြလေတော့သည်။ ဩဘာပေးခြင်းပေတည်း။

သောက်ကြ စားကြ၏။

မူးရူးရမ်းကားကြသည်။



ဤကား ကန္တာရသားတို့၏ အကျင့်ပင်ဖြစ်သည်။

ကန္တာရသားများ အရက်သောက်နေသကဲ့သို့ လျော်ချန်းနှင့် ဝါတန်းစုသည် အရက်သောက်နေကြ၏။

စီလူရိန့်ကတော့ လျော်ချန်း၏ဘေးတွင် ထိုင်နေသည်။ သူမသည် နန်းတွင်းသူတစ်ဦး ဝတ်စားထားသကဲ့သို့ ဝတ်ဆင်ထားသည်။

အလွန်လှပနေသည်။

လျော်ချန်းသည် အရက်တစ်ခွက် သောက်ပြီးသောအခါ ရေတစ်ခွက် လှမ်းယူလိုက်၏။

သူသည် ထိုသောက်ရေအား မော့ချလိုက်သည်။

သို့ရာတွင်....

စီလူရိန့်က ရေခွက်ကို ပုတ်ချလိုက်သဖြင့် သောက်ရေခွက် လွတ်ကျသွား၏။

ထိုရေများသည် ဝါတန်းစုအား အနည်းငယ်စဉ်သွားသည်။

လျော်ချန်းနှင့် ဝါတန်းစုတို့က စီလူရိန်အား လှမ်းကြည့်ကြ၏။

အဘယ်ကြောင့် ခွက်ကို ပုတ်ချရသနည်းဟူသော မေးခွန်းအကြည့်များနှင့် ဖြစ်ကြသည်။

စီလူရိန့်က....

"ကျွန်မလက်နဲ့ မတော်တဆ ထိသွားတာပဲ"

လျော်ချန်းနှင့်ဝါတန်းစုတို့မှာ လက်မခံချင် လက်ခံချင်ဖြင့် သူမ၏အကြောင်းပြချက်ကို လက်ခံလိုက်ရ၏။

ဤနေရာ၌ စီလူရိန်၏လက်နှင့် မတော်တဆထိခိုက်စရာဘာမျှမရှိပေ။

သူသည် ပထမရေခွက် စီလူရိန်၏လက်နှင့် ထိမိသွားသဖြင့် ဒုတိယရေခွက်ကို သောက်ရန် ကြိုးစားလိုက်ပြန်သည်။

"ခွမ်း"

ဒုတိယရေခွက်လည်း လွတ်ကျသွားပြန်၏။

ထိုရေခွက်မှ ရေအတော်များများ ဖိတ်စဉ်ပြီး ဝါတန်းစုအား သွားထိပြန်သည်။

"ကျွန်မလက်နဲ့ ထပ်ထိသွားပြန်ပြီ"

စီလူရိန်သည် ဘိုးသက်ပြင်းဝါတန်းစုကို ပြုံးပြီး ပြောလိုက်၏။

ယို့ရာတွင်....

သည်တစ်ကြိမ်တော့ ဘိုးသက်ပြင်းဝါတန်းစု၏ မျက်လုံးအစုံ၌ စဉ်းစားနေသော အရိပ်အယောင်များ ထွက်ပေါ်လာ၏။

လျော်ချန်းသည် ဇနီးဖြစ်သူ စီလူရိန်၏အပြုအမူကိုမကျေနပ်ပေ။

သို့သော်....



မည်သို့မျှတော့ မပြောပေ။

ပြောလျှင် ဝါတန်းစုက ဝင်ပြောမည်စိုးရိမ်၍ဖြစ်သည်။ သူသည် နောက်ထပ် ရေတစ်ခွက်ကို သောက်ရန် ဟန်ပြင်လိုက်လေ၏။

စီလူရိန်မှာ ရေခွက်ကို ပုတ်ချလိုက်သည်။

"မသောက်နဲ့"

ထိုသောက်ရေခွက်တွင် အသားအစအနများ ကပ်ပါလာ၏။

ရေများကိုကြည့်ပြီး အားလုံးက ပြောလိုက်၏။

"ဝေါ့....ဝေါ့"

လျော်ချန်းသည် အော့အန်ချင်သလို ဖြစ်သွား၏။

အားလုံးသည် ဝိုင်းကြည့်ရှုကြ၏။

"ဒါဟာ ရောဂါပိုးတွေရှိနေတဲ့ အသားတွေပဲ၊ ဘယ်သူတွေက ရေထဲထည့်ထားတာလဲ"

"ဒါ လုပ်ကြံမှုပဲ"

"ကြည့်ရတာ ရေတွင်းထဲကို ဒီအသားတုံးကြီး ထည့်ထားတာ ဖြစ်ရမယ်"

"မြို့စားကြီးကိုလုပ်ကြံတာပဲ"

"ဘယ်ဟုတ်မလဲ၊ ဒီရေကို သောက်တဲ့လူတိုင်းကို လုပ်ကြံတာ၊ ကန္တာရသားတွေ အားလုံး သောက်ကြတယ်လေ၊ အားလုံး ဒုက္ခဖြစ်အောင် လုပ်တာ"

"သောက်ရေတွင်းကို စစ်ဆေးကြ"

အော်သံဟစ်သံများ တစ်ယောက်တစ်ပေါက် ဆူညံနေစဉ် ကန္တာရသားများသည် သောက်ရေတွင်းကို ပြေး၍ စစ်ဆေးကြသည်။

"ဟုတ်တယ်....ဟုတ်တယ်၊ သောက်ရေတွင်း မသန့်တော့ဘူး၊ အသားတုံးကြီး ကျနေပြီ"

အသံများသည် ပွက်လောရိုက်သွားလေတော့၏။

★

## အခန်း (၄၆)

### အတွင်းရန်သူ ဖော်ထုတ်ပွဲ

ကန္တာရသားများသည် ရေတွင်းထဲမှ အသားပုပ်ကြီးကို ဆယ်ယူလိုက်ကြ၏။

အားလုံး နှာခေါင်းရှုံ့နေကြသည်။

ဘိုးသက်ပြင်း ဝါတန်ဆုအဖို့ စဉ်းစားရကိန်း ပေါက်နေလေပြီ။

သူတို့သည် အသားတုံးများကို ရှာဖွေပြီး အားလုံးကို ဖျက်ဆီး မီးရှို့ပစ်ကြသည်။

ယခုတော့ အသားတုံးတစ်တုံးသည် သောက်ရေတွင်းထဲ ကျနေလေပြီ။

ထို့ပြင် မြို့စား လျှော်ချန်း သောက်မည့် ရေများကို စီလူရိန်သည် သုံးကြိမ်တိတိ ပုတ်ထုတ်ပစ်၏။

ထိုပုတ်ထုတ်ပုံများကို မျက်စိထဲ မြင်ယောင်လာသည်။

ထိုစဉ် ငုပ်ကောင် လင်စီကျွန်းသည် ရေပုံးတစ်ပုံးကို ဆွဲ၍ အများရှေ့သို့ ထွက်လာလေ၏။

လင်စီကျွန်းက....

"မနေ့မနက်က သခင်မလေးကို ရေတွင်းနားမှာ တွေ့ရတယ်"

ဝါတန်းစုက....

"သခင်မလေးက ရေတွင်းနားကို ဘာလာလုပ်တာလဲ"

လင်စီကျွန်းက တိန်စွန်ချန်ကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

"သူ့ကို ပန်းသီးတစ်လုံး လာပေးတာလေ၊ အကျဉ်းသားကို ပန်းသီးတစ်လုံးလာပေးတာ၊ အဲဒါကို ကျုပ် မြင်လိုက်တယ်"

ဝါတန်းစုသည် တိန်စွန်ချန်အား ဟိန်းဟောက်မေးမြန်းလေ၏။

"ဟေ့ကောင်....ဟုတ်လား"

တိန်စွန်ချန်သည် လင်စီကျွန်းကိုကြည့်လိုက်၏။

လင်စီကျွန်းသည် သူ့ကိုပြုံးကြည့်နေ၏။

"မင်းဘာပြောမလဲ၊ မင်းတို့လုပ်တာတွေကို ငါ အကုန်မြင်တယ်"

ဟု ပြောနေသယောင်။



တိန်စွန်ချန်မှာ မည်သို့မျှ မငြင်းသာချေ။

သူကန်လိုက်သည့်ပန်းသီးကိုပင် လင်စီကျွန်း စားလိုက်သေးသည် မဟုတ်ပါလား။

ဝါတန်းစုသည် စားသောက်ပွဲရှိရာသို့ ပြန်သွားသည်။

လင်စီကျွန်းကလည်း ဝါတန်းစုနောက်သို့ လိုက်သွား၏။

လင်စီကျွန်းက....

"ကျုပ် ဘာသက်ပြင်းကို ပြောစရာရှိတယ်"

"ပြော"

"ပထမဦးဆုံး တိန်စွန်ချန်နဲ့အတူ မဟူရာဓားတိုကို တွေ့ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်၊ ဒီဓားဟာ ငါတို့ကန္တာရသားတစ်ယောက်ရဲ့ ဓားပဲ"

"အဲဒီဓားဟာ လျှော်ချန်းရဲ့ ဓားပဲ"

"မင်း ဘာကြောင့် တပ်အပ်ပြောနိုင်ရတာလဲ"

"ကျုပ်ကို သူ အဲဒီဓားနဲ့ ပစ်ဖူးတယ်လေ၊ ကန္တာရထဲမှာပေါ့"

ထိုစဉ်က ဝါအင်ကီးသည် ကန္တာရခေါင်းဆောင် ဖြစ်သည်။

ဝါအင်ကီးနှင့် လင်စီကျွန်းတို့သည် တတွဲတွဲဖြစ်နေသည်။

လျှော်ချန်းကလည်း ဓားစွမ်းထက်နေချိန်ဖြစ်၏။

လျှော်ချန်းကို သွားရောက်ရန်စရန် ဝါအင်ကီးက လင်စီကျွန်းအား တွန်းအားပေး၏။

ထိုစဉ်က လျှော်ချန်းက....

"မင်း ငါ့ကို ရန်မစနဲ့"

"ရန်စတာ ဘာဖြစ်သလဲကွ၊ မင်းလဲ ခွေးစွမ်းထက်နေတာပဲ၊ ငါနဲ့ ခွေးခွေးချင်းယှဉ်ပေါ့"

လျော်ချန်းသည် လှည့်ထွက်သွား၏။

အတော်ဝေးဝေးရောက်မှ ခွေးတို့နှင့် လှည့်ပင်၏။

ခွေးတို့သည် မျက်နှာနားမှ ကပ်သွားပြီး သူ့နောက်ရှိ သစ်ပင်၌ သွားစိုက်လေ၏။

ခွေးတိုကို အသေအချာကြည့်လိုက်၏။

သည်ခွေးကို ကောင်းစွာမှတ်မိသည်။

"အဲဒီခွေးကို သခင်မလေး ယူလာတာဖြစ်မှာပေါ့၊ သူ့ခင်ပွန်းက လျော်ချန်းလေ၊ လျော်ချန်းခဲ့ခွေးကို ယူလာတာဖြစ်မှာပေါ့၊ အဲဒီခွေးဟာ ခြေထောက်ပေါက်ပြီး အလိုလိုရောက်လာမှာတော့ မဟုတ်ဘူး၊ ဒီခွေးကို သခင်မလေး ယူလာတာ ဟုတ်မဟုတ် တိန်စွန်ချန်ကို မေးလိုက်ရင် ပေါ်လာမှာပါ"

ဝါတန်းစုသည် စားသောက်ဖွယ်ရာများထားသည့် စားပွဲများဆီသို့ လျှောက်နေသည့် သူ့ခြေလှမ်းများကို ရပ်လိုက်သည်။

"ဟုတ်တယ်၊ တိန်စွန်ချန်ကို ပြန်မေးရမယ်"

"ဒီကောင် အဖြစ်မှန်တွေကို သိပါတယ်၊ ဒီကောင်က မာနရှိတယ်၊ မာနကိုထိခိုက်ရင် အကုန်ပြောတာပဲ"

"ဟုတ်တယ်"



ဝါတန်းစုသည် တိန်စွန်ချန်ရှိရာသို့ လျှောက်သွားလေတော့သည်။

တိန်စွန်ချန်မှာ အင်အားဆုတ်ယုတ်သည့်အထဲ ချွေးပြန်နေလေပြီ။

"ဟေ့ကောင် .... မင်းဆီ စီလူရိန် ခွေး ယူ လာ တယ် မဟုတ်လား၊ မင်းကိုချည်နှောင်ထားတဲ့ကြိုးတွေကို ဒီခွေးနဲ့ ဖြတ်ပစ်ခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီခွေးနဲ့ကြိုးတွေကို ဖြတ်ပေးခဲ့တာပါ"

လင်စီကျွန်း၏မျက်နှာမှာ ဖြူးသွား၏။

ဝါတန်းစု၏ မျက်လုံးများမှာမူ ဒေါသအရိပ်အယောင် တောက်သွားသည်။

"တောက်.... အတွင်းရန်သူ မိန်းကလေးပဲ"

တိန်စွန်ချန်သည် မထူးတော့သည့်အတွက် အားလုံးပြောပြသည်။

"ကျုပ်ကိုတောင် ကန္တာရ သူရဲကောင်း လျော်ချန်းက ဆော်ထည့်သေးတယ်၊ ကျုပ်ပြေးရင် လွယ်တာပေါ့၊ ကျုပ် မပြေးခဲ့ဘူး၊ အဲဒီမှာတင် အဆော်ခံရတာပဲ"

ဝါတန်းစုသည် ဂုဏ်ပြုညစ်ခံပွဲ ကျင်းပပြုလုပ်သည့် နေရာသို့ ခြေလှမ်းကျဲကျဲဖြင့် ပြန်သွားလေ၏။

လင်စီကျွန်းသည် တိန်စွန်ချန်ကို လက်ပြနှုတ်ဆက်လျက် ပေါ့ပါးစွာ လိုက်ပါသွား၏။

တိန်စွန်ချန်မှာမူ ခေါင်းတယမ်းယမ်းနှင့် ကျန်ရစ်ခဲ့လေသည်။

ဝါတန်းစုနောက်တွင်လင်စီကျွန်း လိုက်ပါသွားရာ လျော်ချန်းအတွက် အန္တရာယ်ကြီးသွားပေသည်။

ဝါတန်းစုသည် ဝါအင်ကီး၏ဖခင်ဖြစ်နေသကဲ့သို့ လင်စီကျွန်းသည် ဝါအင်ကီး၏ လက်ဆွဲတပည့် ဖြစ်နေသည်။

ဂုဏ်ပြုစားသောက်ပွဲကြွင် ပိုးမွှား ရောဂါဘယများ ပါဝင်နေသည့် သောက်ရေအိုးများကို ရိုက်ခွဲထားသဖြင့် တစ်ကွင်းလုံး အိုးကွဲများဖြင့် ပြည့်နေသည်။

ဂုဏ်ပြုပွဲတွင် ကန္တာရသားများသည် ကိုယ့်အစုနှင့်ကိုယ် တီးတိုး ပြောဆိုနေ၏။

ကန္တာရသားများသည် ဒေါသဖြစ်နေသော်လည်း မည်သူ့အပေါ် ဒေါသဖြစ်ရမှန်းမသိပေ။

သူတို့သည် အချင်းချင်း တီးတိုးပြောနေကြ၏။

တစ်ခုသေချာသည်မှာ သောက်ရေတွင်းထဲသို့ အသားတုံးထည့်သည့် လူကိုတော့ သူတို့အမုန်းခြေပစ်ချင်နေသည်။

အရက်မသောက်ဘဲ ရေသောက်မိသူအချို့မှာ တဝေါ့ဝေါ့နှင့်ထိုးအန်နေသည်။ ယခုတိုင်အန်၍မဆုံးနိုင်ပေ။

ဓားသမားအချို့နှင့်အတူ ဝါတန်းစုသည် ရောက်ရှိလာလေ၏။

ဝါတန်းစု၏မျက်နှာမှာ ခက်ထန်နေသည်။ ဓားသမားများသည်း ဝါတန်းစု အမိန့်ပေးသည့်အတိုင်း ဆောင်ရွက်မည့်ဟန် ပေါ်နေ၏။

ဝါတန်းစုနှင့်အတူ ရန်သူတော် လင်စီကျွန်းကို တွေ့ရှိလိုက်သဖြင့် လျော်ချန်း၏စိတ်ထဲ ထင့်ခနဲဖြစ်သွား၏။



စီလူရိန်လည်း ကွက်ခနဲ မျက်နှာပျက်သွား၏။

ဝါတန်းစုသည် လျော်ချန်းတို့ကို တစ်ချက်မျှ စောင်းငဲ့ကြည့်ကာ ကန္တာရသားများဘက်သို့ မျက်နှာမူလိုက်လေသည်။

"ငါတို့ကန္တာရသားများ"

"ဟေး....ဟေး....ဟေး"

"ငါတို့ထဲမှာ အတွင်းလူရန်သူတစ်ဦးပေါ်နေတယ်၊ အဲဒီရန်သူကို ဖော်ထုတ်ရမယ်"

"ဟေး....ဟေး ဖော်ထုတ် ဖော်ထုတ်"

ကန္တာရသားများသည် ဆူညံစွာ အော်ဟစ်ကြွေးကြော်နေသည်။

ထို့နောက် ဝါတန်းစု၏စကားကို ငြိမ်သက်စွာ နားထောင်နေတော့သည်။

ဘိုးသက်ပြင်း ဝါတန်းစုသည် နောက်၌ ရပ်နေသည့် ကန္တာရသားများကို ရှေ့သို့တိုးလာသဖြင့် အစုအဝေးကြီးဖြစ်သွားတော့သည်။

"အခုပြောမယ့်စကားဟာ အရေးကြီးတယ်၊ တို့များရဲ့ရန်သူတွေဟာ မြို့ပြင်က ပတ်ရံနေကြတယ်၊ သူတို့ဟာ တို့ကိုအနိုင်မတိုက်နိုင်ဘူး၊ ဒီတော့ သူတို့ ဘာညစ်ပတ်မလဲ၊ ရောဂါဘယတွေပါတဲ့ အသားတုံးတွေကို မြို့ထဲပစ်ထည့်ကြတယ်....

"ဒါကိုလဲ တို့က သတိရှိရှိနဲ့ နိုင်နိုင်နင်းနင်း ကာကွယ်နိုင်တဲ့အခါကျတော့ အတွင်းရန်သူလူကတစ်ဆင့် သောက်ရေတွင်းထဲ ရောဂါတယတွေပါတဲ့အသားတုံးတစ်ခုကို ဝင်ထည့်တယ်၊ အဲဒီရန်သူကို မင်းတို့မသိချင်ကြဘူးလား"

"သိချင်တယ် သိချင်တယ်၊ ဘိုးသက်ပြင်း ဝါတန်းစုပြောပြပါ"

ကန္တာရသားများ၏ အော်ဟစ်သံကြီးသည် ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့၏။

★

## အခန်း (၄၇)

### တရားခံရှာခြင်း

ကန္တာရသားများသည် သွေးဆူလွယ်သူများဖြစ်၏။

သူတို့သည် လက်သီးတမြှောက်မြှောက်၊ ဓားတမြှောက်မြှောက်ဖြင့် ရန်သူများအား ဖော်ထုတ်ပေးရန် တောင်းဆိုနေကြသည်။

စီလူရိန်မှာမူ တိန်စွန်ချန်၏ မျက်နှာပြင်ကို မြင်ယောင်နေမိ၏။

အသားတုံးကြီး ရေထဲကန်ချလိုက်သည်ကို သူမကိုယ်တိုင်မြင်ခဲ့သည် မဟုတ်ပါလော။

မည်သူများ ဝါတန်းစုအား ပြောကြားလိုက်သနည်းဟု စီလူရှိန် တွေးတောနေသည်။

တိန်စွန်ချန့်အတွက် သူမ စိတ်မကောင်းဖြစ်မိ၏။

သူမကတော့ တိန့်စွန်ချန် ပြုလုပ်ပါသည်ဟု ထုတ်ဖော် မပြောဆိုပါချေ။

ဤသို့ ထုတ်ဖော်မပြောခြင်းမှာလည်း တိန်စွန်ချန့်အပေါ် သံယောဇဉ်ရှိ၍ ဖြစ်ပေသည်။

သူသည် ယခင်က သူမ၏ချစ်သူ ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလော။

ချစ်သူဟောင်းကိုတော့ ဒုက္ခမရောက်စေချင်ပေ။

ဝါတန်းစုသည် ခေါင်းမာသော ကန္တာရသားအဘိုးအို တစ်ဦးဖြစ်၍ ရန်သူအား ပြင်းပြင်းထန်ထန် အရေးယူမည် မှာ သေချာသည်။

တိုးသက်ပြင်း ဝါတန်းစုသည် လက်မြှောက်ပြီး ပြောလိုက်သည်။

“အေး....သူ့ကိုဖော်ထုတ်ရမယ်၊ မဖော်ထုတ်လို့ကို မဖြစ်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သိပ်အတင့်ရဲလာလို့ပဲ ဖြစ်တယ်”



ဝါတန်းစုမှာ စိတ်လှုပ်ရှားစွာအော်ဟစ်နေခြင်း မဟုတ်ပါ။

သူ့မျက်နှာသည် အေးစက်တည်ငြိမ် နေပါသည်။

သူသည် အတွင်းရန်သူကို ဖော်ထုတ်မည်ဟု သန္နိဋ္ဌာန်ချ ထားသကဲ့သို့ အမူအရာမျိုး ပေါ်နေပါသည်။

လင်စီကျွန်းကတော့ သူ့အနီး၌ ကျေနပ် အားရသော အပြုံးများဖြင့် လျှော်ချန်းတို့ ဇနီးမောင်နှံကို ကြည့်ရှုနေခဲ့ပါသည်။

သူ့အလှည့် ရောက်လာပြီဟု ကျေနပ်အားရနေခြင်းဖြစ်သည်။ တူဖြစ်သည့်အခါ ထုပြီး ပေဖြစ်သည့်အခါ ခံပေတော့ ဟူသည့် အပြုံးမျိုးဖြင့် ကြည့်နေခြင်း ဖြစ်ပါသည်။

“ကျုပ်တို့ရန်သူဘယ်သူလဲဆိုတာသာပြောပါ၊ ကျုပ်တို့ ချေမှုန်းပစ်ပါမယ်”

ကန္တာရသားများသည် တစ်ဦးချင်း ထအော်ကြလေ၏။ သူတို့၏ သွေးများသည် ပွက်ပွက်ဆူလာလေပြီ။

“ဘယ်သူလဲ၊ ရန်သူ ဘယ်သူလဲ”

“အတွင်းရန်သူ၊ အတွင်းရန်သူ ဘယ်သူလဲ၊ ဘယ်မှာလဲ....”

ကန္တာရသားများ စုပေါင်း အော်ဟစ်လိုက်သည့် အသံသည် ဘဝဂ်ညံသွားလေသည်။

ဝါတန်းစုက....

"မင်းတို့ သိချင်ကြသလား"

"သိချင်တယ်....သိချင်တယ်"

"တကယ်သိချင်သလား...."

"တကယ်သိချင်တယ်၊ တကယ်သိချင်တယ်"

"အေး....ငါပြောတော့မယ်၊ မင်းတို့ရန်သူဟာ မြို့စား ကတော် စီလူရိန်ဆိုတဲ့ မိန်းကလေးပဲကွယ့်"

"ဟယ်"

"ဟာ"

"ဟင်"

နေရာအနှံ့အပြားမှ အာမေဍိတ်သံများ ထွက်လာလေသည်။

စီလူရိန်မှာ အသက်ရှူ ရပ်သွားမတတ် ထိတ်လန့်သွားမိ၏။

"ရှင်...."



ဤသည်မှာ သူမ ပြောထွက်နိုင်သော စကားတစ်ခွန်းသာ ဖြစ်သည်။

သူမ၏ မျက်လုံးကလေးများမှာ ပြူးထွက် လာမတတ် ထိတ်လန့် အံ့သြနေမိလေ၏။

သူသည် ဘိုးသက်ပြင်း ဝါတန်းစုအား ငေးစိုက်ကြည့်နေမိသည်။

လျော်ချန်းမှာလည်း ကြားလိုက်ရသော စကားကို မယုံ ခဲ့ပေ။

သူ နားကြားများ မှားသလားဟု တွေးနေသည်။

သူသည် ဇနီးဖြစ်သူကို တစ်လှည့်၊ ဝါတန်းစုကိုတစ်လှည့် အံ့သြစွာ ကြည့်နေမိလေသည်။

ဘိုးသက်ပြင်း၏ဘေးနား၌ ဝိုင်းပတ်နေသော ကန္တာရသား ခရီးသမားများသည် စီလူရိန်အနားသို့ ခုန်ဝင်လာကြလေ၏။

"ဒီမိန်းကလေးကို ဖမ်းကြ"

ဘိုးသက်ပြင်းသည် လျော်ချန်းအားစိုက်ကြည့်ပြီး အမိန့် ပေးလိုက်၏။

လျော်ချန်းသည် ဘိုးသက်ပြင်းအား အတိုင်ပင်ခံ အကြံပေးအဖြစ် ခန့်ထားလိုက်မိခြင်းကို ပထမဆုံးအကြိမ်နောင်တရမိလေ၏။

တစ်မြို့လုံးကို အာဏာ စိုးပိုင်ထားသူ မြို့စားကတော်ကိုပင် ဘိုးသက်ပြင်းက ဖမ်းဆီးခိုင်းလေပြီ မဟုတ်ပါလား။

ဝါတန်းစု၏ အကြည့်မှာ ယခင်ကလို ရိုသေလေးစားသောအကြည့် မဟုတ်ပါချေ။

လုံးဝ ခြားနားသော အကြည့်မျိုး ဖြစ်လေ၏။

လျော်ချန်းသည် စီလူရိန်ကို ရင်ခွင်ထဲ ဆွဲသွင်းပြီး သူ၏လက်စွဲတော်ဓားကို ဆွဲထုတ်လိုက်သည်။

"ရှမ်း"

"မင်းတို့ ဖမ်းချင်ကြသလား၊ ဖမ်းဝံ့တဲ့လူ ထွက်ခဲ့ကြစမ်း"

လျော်ချန်း၏ခက်ထန်သောအသွင်အပြင်ကိုကြည့်ပြီး မည်သူမျှ ရှေ့မတက်ဝံ့ကြတော့ပေ။

"မတရားမစွပ်စွဲနဲ့ ဘဝါတန်းစု၊ သူဟာ ရန်သူရဲ့သမီးတစ်ဦးမှန်တယ်၊ ဒါပေမယ့် ဒီလိုယုတ်ညံ့တဲ့အပြုအမူမျိုးကိုလုံးဝ မလုပ်မှာသေချာတယ်"



သူသည် စီလူရိန်အား မယုံသော်လည်း ဤသို့သာပြောချလိုက်သည်။

ဝါတန်းစုက....

"ဒီမှာလျော်ချန်း၊မင်းဟာမိန်းမတက်ကိုလိုက်ပြီး ဘဝကိုမေ့နေတယ်၊ ဒီမိန်းမကို မယူမီကတည်းက ဘဝမမေ့ဖို့နဲ့ကန္တာရစိတ်ထား ထားရမယ်လို့ ငါအတန်တန်သတိပေးခဲ့တယ်၊ တို့တစ်တွေ ရန်သူရဲ့သမီးတစ်ဦးကို မင်းလက်ထဲထည့်ပေးတာဟာ လက်စားချေဖို့ကွ၊ကိုးကွယ်ဖို့မဟုတ်ဘူး....

"ခုတော့ တို့တွေဟာ မြွေပွေးခါးပိုက်ပိုက်နေရပြီကွယ့်၊ မင်းဟာ ကန္တာရသားလိုမကျင့်ဘူး၊ ကန္တာရသားတွေကိုဥပေက္ခာပြုထားတယ်၊ ဒီမိန်းမရဲ့ အငွေ့အသက်တွေကိုပဲရှူနေခဲ့တယ်"

ဘိုးသက်ပြင်းဝါတန်းစု၏ စွပ်စွဲချက်များကား ပြင်းထန်လှသည်။

လျော်ချန်းသည် ဘိုးသက်ပြင်းကို အတိုင်ပင်ခံခန့်ခဲ့သည်။ ထိုအတိုင်ပင်ခံသည် သူ့လည်ပင်းကိုစွပ်သောကြိုးကွင်းဖြစ်နေချေပြီ။

ဝါတန်းစုက ဆက်ပြောနေသည်။

"မင်းမိန်းမဟာ မင်းရဲ့ ဓားကိုယူတယ်၊ ပြီးတော့ သူ့လူတွေ လွတ်မြောက်အောင်ကူညီခဲ့တယ်၊ တစ်ဦးကတော့ ဘာကြောင့်မှန်းမသိဘူး မေ့နေလို့ ပြန်မိခဲ့တယ်၊ ရန်သူနှစ်ဦးကတော့ လွတ်မြောက်သွားခဲ့တယ်၊ တို့ကန္တာရသားတွေ သေကျေခဲ့ရတယ်၊ ဒါတွေကို မင်းသိတယ်၊ ဘာပြောမလဲ လျော်ချန်း"

လျော်ချန်းသည် ဘာမျှမပြောပေ၊ ဝါတန်းစုကိုသာ ခပ်စိန်းစိန်းစိုက်ကြည့်မိလေသည်။ သူသည် ဘာမဟုတ်သည့် မြို့စားလုပ်ခဲ့မိပြီတကား။

ဝါတန်းစုသည် သူ့အား မြို့စားဟု မခေါ်တော့ချေ၊ ကန္တာရသူရဲကောင်းဟု မခေါ်တော့ချေ၊ လျော်ချန်းဟုသာ ခေါ်နေခဲ့ချေပြီ။

"အတွင်းရန်သူကို ဖမ်း....ဖမ်း"

"မြွေပွေးမကို သတ်....သတ်"

"ဘုံရန်သူကို ထုတ်....ထုတ်"

ကန္တာရသားများက အော်ဟစ် ကြွေးကြော်နေကြလေသည်။ ဘိုးသက်ပြင်းက....

"ဘာပဲဖြစ်ဖြစ် မင်းကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ မင်းရဲ့မယားကိုတော့ တို့ကဖမ်းဆီးရမှာပဲ"



ဘိုးသက်ပြင်းက သွေးအေးအေးနှင့် ဆက်၍ ပြောနေလေသည်။

ကန္တာရသားသုံးဦးသည် တဖြည်းဖြည်းရှေ့သို့တိုးလာနေခြင်းဖြစ်သည်။ စီလူရိန်က ကြောက်လန့်တကြားဖြင့် ရှင်းလင်းပြသည်။

"ဒါ...ဒါ ကျွန်မလုပ်တာမဟုတ်ဘူးရှင့်၊ ကျွန်မလုပ်တာမဟုတ်ဘူး၊ တကယ်ပြောနေတာပါ"

သူမအသည် အလွန်တုန်လှုပ်ချောက်ချားနေသည်။

"ကဲ...မင်းမလုပ်ရင် ဘယ်သူလုပ်သလဲ၊ မင်းပြောမယ်မဟုတ်လား ပြောစမ်း"

ဘိုးသက်ပြင်းက မေးလေသည်။

သူမသည် တိန်စွန်ချန်ရှိရာ လှမ်းကြည့်မိသည်။

ထိုစဉ်တွင် လင်စီကျွန်းသည် ရှေ့တက်လာလေသည်။

"သူ လုပ်တာကို ကျုပ်ကိုယ်တိုင်မြင်တယ်၊ ဘာဖြစ်လို့ မလုပ်ဘူးလို့ပြောရတာလဲ၊ ကျုပ်ရဲ့မျက်စိနှစ်လုံးကို သက်သေအဖြစ်က ပျောက်အောင်လုပ်လို့မရပါဘူး၊ သူပန်းသီးတစ်လုံးပေးပြီး နှုတ်ပိတ်ထားတာပဲ၊ ဒီပန်းသီး ကျုပ်စားပစ်လိုက်တယ်၊ မင်းဘာပြောချင်သေးသလဲ"

စီလူရိန်မှာ အံ့အားသင့်ပြီး မည်သည့်စကားမှ မပြောနိုင်တော့ပေ၊ လင်စီကျွန်းသည် သူမအား ချောက်ချလေပြီ။

"ခွပ်"

"ဝုန်း"

လျော်ချန်းသည် ဓါးလက်ကိုင်ရိုးဖြင့် လင်စီကျွန်းမေးရိုးကို ထိထိမိမိရိုက်ချလိုက်သည်။ လင်စီကျွန်းမှာ ပစ်လဲကျသွားသည်။

"သူများမယားကို မဟားတရားလုပ်ချင်တဲ့ အကောင်၊ လုပ်လို့မရတော့ ချောက်တွန်းတယ်၊ ဒါဟာ မင်းရဲ့ ဉာဏ်အကုန်ပဲလား"

လျော်ချန်းသည် လက်ညှိုးငေါက်ငေါက်ထိုးပြီး လင်စီကျွန်းအား ပြောလေသည်။

လင်စီကျွန်းမှာ ပြင်းထန်သော ရိုက်ချက်ကြောင့် မြေပြင်သို့ ကျသွားရာ ကုန်းကွကွကြီး ထလာရလေ၏။ သူ့ပါးပြင်မှ သွေးများ ထွက်နေလေသည်။

လင်စီကျွန်းသည် နှုတ်ခမ်းမှသွေးများကို သုတ်လိုက်သည်။

"တက္ကာရသူရဲကောင်းကြီးဆိုပြီး မင်းမဂစော်ကားနဲ့၊ မင်းမယားက တို့တက္ကာရသားတွေရဲ့ ရန်သူကွ၊ သေကြေရမှာက တို့တက္ကာရသားတွေကွ၊ မင်းမယားထိတော့ မင်းက ဓါးထုတ်တယ်၊ တက္ကာရသားတွေ ရန်သူ့လက်ချက်နဲ့ သေကျေရတာတော့ မင်းက လက်ပိုက်ကြည့်နေတယ်၊ 'ဒါ... ခေါင်းဆောင်လား၊ မင်းက ခေါင်းဆောင်မဟုတ်ဘူး၊ မိန်းမကို ခေါင်းပေါ်ရွက်ထားတဲ့လူ၊ မင်းလဲ ငါတို့ရန်သူပဲ"



လင်စီကျွန်းသည် ပြောပြောဆိုဆို ဓါးကိုဆွဲထုတ်လိုက်သည်။

"ရွှမ်း"

"ကျွား...."

လင်စီကျွန်းသည် စတင်တိုက်ခိုက်တော့၏။

လျော်ချန်းမှာ ခုခံရတော့သည်။ ပါတန်းဗုသည် စီလူရိန်အား ဖမ်းဆီးထားလိုက်လေသည်။

★

## အခန်း (၄၈)

### မကျေနပ်သူ၏တိုက်ပွဲ

"ချွမ်း....ချွမ်း....ချွမ်း"

"ချန်း....ချလန်း....ချလန်း"

ကန္တာရသားများသည် လင်စီကျွန်းနှင့်အတူ ဝိုင်းဝန်း တိုက်ခိုက်ကြတော့သည်။

လင်စီကျွန်းနှင့် ကန္တာရဓားသမား ငါးယောက်တို့ ဝိုင်းဝန်း တိုက်ခိုက်ကြခြင်း ဖြစ်သည်။

ဂုဏ်ပြုဧည့်ခံပွဲပြုလုပ်နေသောမြေပြင်မှာ တိုက်ပွဲမြေပြင် ဖြစ်ရလေပြီ။



ကန္တာရသားများသည် သူတို့၏မြို့စားကို ပြန်လည်တိုက်ခိုက်နေကြသည်။

အဓိကအားပေးအားမြှောက်ပြု၍ သွေးခဲ့သူမှာ ဝါတန်းစုပင်ဖြစ်နေလေပြီ။

ဧည့်ခံပွဲမြေပြင်ကား သွေးမြေပြင် ဖြစ်နေလေပြီ။

ထိုပွဲကိုကြည့်၍ ဟားတိုက်ရယ်နေသူက တိန်စွန်ချန်ပင် ဖြစ်ပါလေ၏။

"ဟား....ဟား....ဟား၊ ကန္တာရသားတွေ ဂုဏ်ပြုတဲ့ပွဲတဲ့၊ အခုတော့ ကန္တာရသားအချင်းချင်း တိုက်နေတဲ့ပွဲ ဖြစ်နေပါလား"

သူသည် လက်များကိုသံကြိုးအချည်နှောင် ခံနေရသော်လည်း ပါးစပ်မှ အော်ဟစ်ခွင့်ရနေသည်။

သူသည် ပြောပြီးဟားတိုက်ရယ်မောနေလေ၏။

တိန်စွန်ချန်သည် ဤသို့တစ်ကြိမ်မျှ မရယ်မောဖူးပေ။

သူ ရယ်မောနေသည်မှာလည်း အကြောင်းမဲ့ မဟုတ်ချေ။ အင်မတန်စည်းလုံးညီညွတ်သော ကန္တာရသားများသည် ယခုအခါ စည်းလုံးမှုပြိုကွဲပြီး တိုက်ခိုက်နေကြပြီ မဟုတ်ပါလော။

"ဟား....ဟား....ဟား"

"ဟား....ဟား....ဟား"

ကန္တာရသားများနှင့် ဈော်ချန်းတို့ကား အပြင်းအထန် တိုက်ခိုက်နေကြလေ၏။

ကန္တာရဓားသမားငါးယောက်တို့မှာ တစ်ဦးချင်းတွင် ဈော်ချန်းအား မယှဉ်ပြိုင်နိုင်သဖြင့် သတိထား၍ တိုက်ခိုက်နေရသည်။

လင်စိကျွန်းမှာ ဈော်ချန်းအားရန်လိုနေသူဖြစ်ရာ အခွင့်အရေးရခိုက်တွင် ကန္တာရသားများအားလှုံ့ဆော်ပြီး ပြိုင်ပွဲကျင်းပလိုက်ခြင်းဖြစ်သည်။ သူ့အကြံ အောင်မြင်ပြီမဟုတ်ပါလော။

"သူချားမိန်းမကို ကြာခိုချင်တဲ့ ကောင်ကများ၊ မင်းသူတော်ကောင်း လုပ်မနေနဲ့၊ ငါ့ကို သေစေချင်နေတယ် မဟုတ်လား"

ဈော်ချန်းက လင်စိကျွန်းအား ဖိပြောလေ၏။

"ချွမ်..."

"ချဇန်း....ချလန်း"

"ကန္တာရဓားသမားမဟုတ်တော့ဘူးကွ၊ မင်းဟာကန္တာရ မယားဖြစ်နေပြီ"

လင်စိကျွန်းသည် ဈော်ချန်း၏ ဓားချက်အား ခုခံရင်း နှုတ်လှန်သို၏။



အခြားကန္တာရဓားသမားများ၏ဓားချက်များဝင်ရောက်လာသဖြင့် ဈော်ချန်းသည် ခုံစားပွဲများ လွတ်သည့်နေရာသို့ ခုန်ဝင်လိုက်လေ၏။

သို့မှသာ လွတ်လွတ်လပ်လပ် စိတ်ကြိုက် တိုက်နိုင်မည် မဟုတ်ပါလော။

ကန္တာရဓားသမားများသည် အရဲကိုး၍ ဇွတ်မတိုးရဲကြချေ။

လင်စိကျွန်းသည် ဓားသိုင်းပညာကို အဆက်မပြတ် လေ့ကျင့်နေသဖြင့် ဤသို့အကြိတ်အနယ် တိုက်နေနိုင်ခြင်း ဖြစ်လေသည်။

ဈော်ချန်းသည် သမားရိုးကျ ဓားကွက်ဖြင့်သာ ခုခံတိုက်ခိုက်နေသည်။ ယခု ဓားကွက်ပြောင်းလဲရန် ဆုံးဖြတ်လိုက်သည်။

ထိုဓားကွက်ကား 'ကန္တာရမုန်တိုင်း' ဓားကွက်ပေတည်း။

ဓားချက်များမှာ ကန္တာရတွင် တိုက်ခိုက်လေ့ရှိသည့် မုန်တိုင်းသဖွယ် ထိတ်လန့်စရာ ကောင်းလှသည်။ အလွန်ကြမ်းတမ်းသည့် ဓားချက်များ ဖြစ်၏။

ဈော်ချန်းသည် မုန်တိုင်းဓားကွက်များ စတင်အသုံးပြုတော့သည်။

"ဝှစ်....ဝှစ်"

"ဝှီး...."

"ရွှမ်း....ရွှမ်း....ရွှမ်း"

လင်စိကျွန်းသည် ထိုခါးချက်များကို တားဆီးခုခံနိုင်၏။

သို့သော်....

လျော်ချန်း၏ ခါးချက်များက နှစ်ဆအင်အားထည့်ပြီး တိုက်ခိုက်လာသည်။

"ဝှီး....ဝှီး....ဝှီး"

"အ....အ"

လင်စိကျွန်းမှာ ခါးချက်များကို မတားဆီးနိုင်တော့ချေ။ ခါးချက်များက လျင်မြန်လှသဖြင့် ခါးနှင့်မခုခံနိုင်တော့ဘဲ ရှောင်တိမ်းခြင်းသာ ပြုလုပ်နေရတော့၏။

လျော်ချန်း၏ ကန္တာရမုန်တိုင်း ခါးချက်များမှာ အလွန် လျင်မြန်လှသည် မဟုတ်ပါလား။

လင်စိကျွန်း မျက်လုံးပြူးနေရလေပြီ။ သူ့တစ်ကိုယ်လုံး ချွေးပြန်နေသည်။

အခြားကန္တာရ ခါးသမားတို့ကား အနားသို့ပင် မကပ် နိုင်ကြတော့ချေ။

"မသေချင်ရင် ရှောင်ကြ၊ ရှားကြ"



လျော်ချန်းသည် မာန်သွင်းအော်ဟစ်ရင်း တချွမ်းချွမ်း နှင့် တိုက်ခိုက်သည်။

ကန္တာရသားများမှာ မုန်တိုင်းခါးကွက်များကို မည်သို့မျှ မယှဉ်နိုင်ချေ။

အားလုံး နောက်ဆုတ် ရှောင်တိမ်းရ၏။

"ဟား....ဟား....ဟား.... ကြာခိုချင်တဲ့ကောင်၊ မင်းနဲ့ တစ်ယောက်ချင်းတိုက်ချင်တာနဲ့ အတော်ပဲ၊ မင်းက ငါ့ကို တိုက်ချင်နေတယ်မဟုတ်လား၊ တိုက်လေ၊ အခုတိုက်ပါလား၊ ဘာကြောင့် ရှောင်တိမ်းနေရတာလဲ"

"ရွှီး"

"ဝှီး"

"ဝှစ်"

လင်စိကျွန်းမှာ ဘာမျှပြန်မပြောနိုင်ပေ။

နောက်သို့ တဆုတ်တည်း ဆုတ်နေရသည်။

လျော်ချန်းသည် ခါးကွက်များကို အဆက်မပြတ် ထုတ် လွှတ်နေတော့သည်။

သူ့ဒေါသသည် ပေါက်ကွဲထွက်သွားလေပြီ။

နောက်ဆုံး လင်စိကျွန်းသည် ခါးခုတ်သံကို မကြားရ တော့ဘဲ လေတိုးသံကိုသာ ကြားရသကဲ့သို့ ဖြစ်နေသည်။

လင်စိကျွန်းသည် နောက်ဆုတ် ရှောင်ရင်း ရှောင်ရင်း မြေပြင်သို့ ခြေချော် လဲကျသွားလေ၏။

"သူများမယား ကြာခိုချင်တဲ့ကောင်"

"ရှမ်း"

ဓားချက်သည် လေထဲ ဝေ့သွား၏။

ထိုဓားချက်၌ လင်စီကျွန်း၏ အသက်သည် ပါသွား၏။

"ဟာ...."

ဝိုင်းကြည့်နေသော ကန္တာရသား အားလုံး အံ့သြသွားသည်။

လင်စီကျွန်း ဓားသိုင်းလေ့ကျင့်နေသည်ကိုလည်း သူတို့သိ၏။

မည်မျှ ဓားသိုင်းကျင့်စေ၊ လျှော်ချိန်းကို မမီကြောင်း သိရှိသွားကြသည်။

လင်စီကျွန်းကား သွေးအိုင်ထဲ၌ သေပွဲဝင်သွားလေပြီ။

လင်စီကျွန်းကား ဇာတ်တစ်ဇာတ် သိမ်းသွားရှာလေပြီ။

ကန္တာရ ဓားသမားများမှာ မည်သူမျှ ရှေ့မတိုးဝံ့ကြတော့ချေ။

ဝါတန်းစုသည် တိုက်ပွဲမြင်ကွင်းကို ကောင်းစွာမြင်သည်၊ ကန္တာရဓားသမားများ ရှေ့မတိုးနိုင်ဘဲ ရပ်တန့်ကုန်သည်ကိုလည်း မြင်နေရသည်။

လျှော်ချိန်းကို သူ မချုပ်ကိုင်နိုင်ပြီလော။

သူသည် ရှက်ခြည်းမှင် လှုပ်ရှားမှုဘစ်ခုကို မြှုလုပ်လိုက်သည်။



ကန္တာရဓားသမားများ ဖမ်းဆီးထားသည့် စီလူရိန်အနီးသို့ ခုန်ဝင်သွားကာ လည်ပင်းကို ဓားဖြင့်သောက်အားလိုက်ခြင်းပေတည်း။

သူအည့်ပွဲ၌ သေချာသွားအောင် စီလူရိန်၏ဆံပင်ကိုဆွဲ၍ အော်ဟစ်လိုက်လေတော့သည်။

သူ့အသံမှာ လေတွင် ပျံ့လွင့်သွားသည်။

ဝါတန်းစု၏ အော်ဟစ်သံသည် ကျယ်လောင်စွာ ပျံ့လွင့်သွား၏။

★

## အခန်း (၄၉)

### ထူ့အဆုံးအဖြတ်

"ဟော့....လျော်ချန်း၊ မင်း ဘယ်လောက် ဓားစွမ်းထက်နေနေ မင်းဓားစွမ်းကို ငါမကြည့်ချင်ဘူးကွယ်၊ ငါကြည့်ချင်တာက ဟောဒီ မိန်းကလေးရဲ့ လည်ချောင်းက သွေးပေါက်ပေါက်ကျလာခြင်းပဲ၊ အဲဒီအခါမှာ ငါတို့ ကန္တာရသားတွေ အားလုံး လည်ချောင်းသွေးနဲ့ ခြေဆေးကြမယ်၊ ဟဲ-ဟဲ...."

ဝါတန်းစုသည် ပြောရင်း စီလူရိန်၏ ဆံပင်ကို ကြမ်းတမ်းစွာ ဆွဲလိုက်ရာ စီလူရိန်မှာ နာကျင်စွာ အော်ဟစ်လေသည်။



"အား....အား...."

မိန်းကလေး၏အသံ ပေါ်ထွက်လာသဖြင့် လျော်ချန်းသည် ချက်ချင်းပင် လှမ်းကြည့်မိသည်။

စီလူရိန်ခမျာ ဝါကန်းစု၏ လက်တွင်း၌ အချပ်ကလေးတစ်ရှပ်နှယ် ခေါင်းကလေးမော့ကာ အချုပ်အနှောင် ခံနေရသည်။

လည်ပင်းထက်တွင်လည်း ဓားတစ်လက် တင်ထားသည်။

စီလူရိန်သည် ကြောက်လန့်နေသည်။

သူမ၏မျက်လုံးများကိုကြည့်ပြီး မည်မျှ ကြောက်လန့်နေကြောင်း လျော်ချန်း သိသည်။

ဝါတန်းစုက ခြိမ်းခြောက်လိုက်၏။

"လျော်ချန်း၊ သူ့လည်ပင်းက သွေးမထွက်စေချင်ဘူးမဟုတ်လား၊ ဒါဆိုရင် မင်းလက်ထဲက ဓားကို ချလိုက်စမ်း၊ ဓားကို မချလို့ကတော့ ငါ့အဆိုးမဆိုနဲ့၊ စီလူရိန် လည်ပင်းအပြတ်ပဲ"

လျော်ချန်းမှာ ငိုင်နေမိသည်။

သူ ဘာလုပ်ရမည်နည်း။

ဓားကို ချလိုက်ရမည်လော။

"အ....အ....လျော်....လျော်"

စီလူရိန်၏အသံကလေး ထွက်ပေါ်လာပြန်သည်။

လျော်ချန်း၏အတွေးများမှာ လွတ်လပ်တော့ဘဲ တွန့်ခနဲ ဖြစ်သွားရသည်။

လျော်ချန်း တင်းမခံနိုင်တော့။

စီလူရိန်ကို ချစ်သည်မဟုတ်ပါလော။

သူသည် စီလူရိန်ကလေးအား မေးသည့် အကြည့်ဖြင့် ကြည့်ကာ လက်ထဲမှဓားကို ချပစ်လိုက်ရတော့၏။

"ဘုတ်"

"အေး...ဒီလိုမှပေါ့"

ဘိုးသက်ပြင်းက လျော်ချန်း ပစ်ချသောဓားကို ကန္တာရသား တစ်ဦးအား ကောက်ယူစေ၏။

"သူ့ကို ဖမ်းကြ"

ဘိုးသက်ပြင်းက အမိန့်ပေးလိုက်၏။

ထိုအခါ ကန္တာရသားတို့သည် လျော်ချန်းကို ဝိုင်းဝန်း ဖမ်းဆီး တုပ်နှောင်ကြလေတော့၏။

လျော်ချန်းအား ကန္တာရသားဆယ်ယောက်မှ ဝိုင်းဝန်း ဖမ်းဆီးကြရသည်။

"ကဲ...သူတို့ကို မြို့ရေတွင်းဆီ ခေါ်ခဲ့ကြ"



စီလူရိန်ကို ချုပ်နှောင်ထားသူများနှင့် လျော်ချန်းကို ချုပ်နှောင်ထားသူများသည် ရေတွင်းဆီသို့ ဆွဲခေါ်လာခဲ့ကြ၏။

ဘိုးသက်ပြင်းက ရှေ့မှသွားသည်။

ကန္တာရသားများက လျော်ချန်းနှင့် စီလူရိန်တို့ကို ဖမ်းဆီးခေါ်ဆောင်လျက် နောက်မှလိုက်ကြသည်။

ဘိုးသက်ပြင်းသည် သောက်ရေတွင်းဆီသို့ ရောက်သောအခါ ရပ်တန့်လိုက်၏။

"ဟော့...ရေတွင်းထဲက စက်သီးကြိုးတစ်စကို ယူလိုက်စမ်း"

ကန္တာရသားတစ်ယောက်သည် ကြိုးတစ်စကိုယူလိုက်၏။

"ယူပြီးပါပြီ ဘသက်ပြင်း"

"အေး...ယူပြီးရင် လျော်ချန်းကို တစ်စချည်စမ်း"

ကန္တာရသားများသည် ဘိုးသက်ပြင်း၏အမိန့်အတိုင်း ကြိုးစဖြင့် ချည်နှောင်လိုက်၏။

"အဲဒီမိန်းကလေးက သူ့ယောကျ်ားကို ဒီရေသောက်မှာ သိမ်စိုးရိမ်တာကွ၊ ရေသောက်မယ်လုပ်လိုက် ပုတ်ချလိုက်နဲ့ သုံးကြိမ်သုံးခါတောင် လုပ်ခဲ့တယ်"

လျော်ချန်းသည် အဖြစ်အပျက်များ ဆက်တိုက်ဖြစ်နေသဖြင့် ထိုအကြောင်းကို မတွေးမိပေ။

ယခုကျမှ စီလူရိန် ပုတ်ချခြင်းအကြောင်းကို တွေးမိတော့သည်။

"ဩော်....ဤမိန်းကလေးသည် ငါ့ကို အချစ်ကြီးသော မိန်းကလေးပါတကား"

ဘိုးသက်ပြင်းက....

"သူပုတ်ချကောင်းလွန်းလို့ ငါ့ကိုတောင် ရေလာစဉ်တယ်၊ သူကသူ့ယောက်ျား ရောဂါဘယရမှာ သိပ်ကြောက်တယ်မဟုတ်လား၊ ငါကသူ့ယောက်ျားကို အဲဒီရေထဲနှစ်မယ်၊ ဒီလောက်ကြောက်တဲ့မိန်းမကို ပိုကြောက်အောင် ငါလုပ်ပြလိုက်မယ်"

ဘိုးသက်ပြင်း၏စိတ်ကူးကို ကန္တာရသားများက အော်ဟစ်အားပေးကြသည်။

"ဟေး....ဟေး....ဟေး"

"ဘသက်ပြင်းရဲ့အကြံ ကောင်းတယ်"

"ရောဂါမရလဲ ရေနစ်သေမှာပဲ၊ သတ်ပစ်"

ကန္တာရသားများသည် တစ်ယောက်တစ်ပေါက် အော်ဟစ်ကြလေ၏။



"ရေထဲချလိုက်ကြ"

ဘိုးသက်ပြင်း၏ အမိန့်ပေးသံဆုံးသောအခါ သူတို့သည် လျော်ချန်ကို ရေတွင်းထဲသို့ တဖြည်းဖြည်းချကြလေသည်။

"မလုပ်ပါနဲ့.... မလုပ်ပါနဲ့၊ သူဟာ ရှင်တို့ရဲ့ခေါင်းဆောင်မဟုတ်လား၊ ခေါင်းဆောင်ကို ဒီလိုမလုပ်သင့်ပါဘူး"

ကန္တာရသားတစ်ဦးက....

"သူဟာ ခေါင်းဆောင်မဟုတ်ဘူး၊ ခေါင်းရှောင်.... ခေါင်းရှောင်၊ သူဟာ ကန္တာရသားတွေအတွက် ခေါင်းမရှောင်ပြီး မယားကိုသာ ကိုးကွယ်နေတဲ့လူ၊ မလိုချင်ဘူး၊ သတ်သာပစ်လိုက်"

ဘိုးသက်ပြင်း၏တပည့်တစ်ဦးက အော်လေ၏။

သူတို့သည် လျော်ချန်း၏ကိုယ်တစ်ပိုင်း ရေထဲနစ်စေပြီး တစ်ပိုင်းကိုဖော်ထား၏။

စက်သီးကြိုးတန်း၌ ကြိုးကိုရစ်ထားလိုက်ပြီး ကျန်ကြိုးတစ်စဖြင့် စီလူရိန်ကို တုပ်နှောင်သည်။

"ဟား....ဟား....ဟား....သိပ်ချစ်တဲ့လင်မယားကို ဒီလိုထားမှ သဘာဝကျမှာပေါ့ကွ"

သူတို့သည် တိန်စွန်ချန်ကိုလည်း ခေါ်လာကြရာ ထိုအဖြစ်အပျက်များကို တိန်စွန်ချန် အလုံးစုံတွေ့မြင်ရလေ၏။

"တောက်"

တိန်စွန်ချန်၏ တက်ခေါက်သံကြောင့် ကန္တာရသား အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ဘိုးသက်ပြင်းက လှည့်ကြည့်ပြီး....

"ဟေ့....စော်စော်ကားကား မင်းက ဘာဖြစ်လို့ တက် ခေါက်ရတာလဲ"

တိန်စွန်ချန်က မဲ့ရွဲ့ကာပြောလေ၏။

"ဘာဖြစ်လို့ မေးနေရသေးလား၊ ကိုယ့်ကိစ္စ ကိုယ်ပြန် ကြည့်ဦး၊ ကိုယ်လုပ်တာဟာ လူဆန်ရဲ့လားလို့၊ ထွီ"

တိန်စွန်ချန်သည် ပြောရာမှ ထွီဟု လုပ်လိုက်ပြန်သည်။

ဘိုးသက်ပြင်းက ရယ်၏။

"မင်းက ကောင်မလေးကို ဒဏ်ခတ်ထားလို့ မကြည့်နိုင် ဘူး မဟုတ်လား"

"မကြည့်ရက်တာမဟုတ်ဘူး၊ သူ့မှာ လုံးဝအပြစ်မရှိ ဘူးဗျ"

တိန်စွန်ချန်သည် ဘိုးသက်ပြင်းအား ပြန်ပက်သည်။

ယခုအဖြစ်အပျက်မှာလည်း ကန္တာရသားလင်စိကျွန်းက အတည်ပြု ဝင်ပြောသဖြင့် အပြစ်အားလုံး စီလူရိန်လုပ်သလို ဖြစ်ပြီး စီလူရိန်ကို အပြစ်ပေးခြင်းဖြစ်သည်။



တိန်စွန်ချန်သည် စီလူရိန်၏ကောင်းကွက်များကို လျစ် လျူမပြုနိုင်ပေ။

သူမသည် ပန်းသီးလာကျွေးသည်။ ကြိုးများကို ဖြတ် တောက်ပေးသည်။

ကျောက်ခေါးရှင်နှင့် ခေါးနှစ်လက်တို့ကို လွှတ်မြောက် စေသည်။

ဤကောင်းကွက်များကို သူ မေ့ပစ်၍ဖြစ်ပါမည်လား။

တကယ်တော့ စီလူရိန်မှာ စစ်နိုင်သူထံ သုံ့ပန်းအဖြစ် ရောက်ရှိနေသော ပန်းကလေးသာဖြစ်သည်။ စစ်နိုင်သူ ပြုသမျှ နုရမည်သာဖြစ်သည်။

ထို့ကြောင့်....

လျော်ချန်းက ဇနီးအဖြစ် တော်ကောက်ခြင်းကို သူ့ အနေဖြင့် ခွင့်လွှတ်ရမည်သာဖြစ်သည်။

သူသည် ယခုမှ စီလူရိန်အတွက် တစိမ့်စိမ့် တွေးပြီး တသိမ့်သိမ့် စိတ်မကောင်း ဖြစ်နေမိသည်။

ယခု သူမသည် ဒဏ်ပေးခံနေရလေပြီ။

နောက်ဆုံး သူမကို သတ်ပစ်ကြမည်သာ ဖြစ်သည်။

"သူ့မှာ အပြစ်မရှိဘူးဆိုရင် အပြစ်ရှိတဲ့လူကိုမင်းသိလို့ ပေါ့၊ ဘယ်သူလဲ"

ဘိုးသက်ပြင်းက မေးမြန်းလေသည်။

တိန်စွန်ချန်က....

"ကျုပ်သိတယ်"

"ဟော....မင်းသိတယ်၊ သူ ဘယ်သူလဲ"

"ကျုပ်ပဲ"

ဘိုးသက်ပြင်းသည် တိန်စွန်ချန်၏ ပေါးကို ရိုက်ချလိုက်လေသည်။

"ဖြောင်း"

"အေး....မင်းတို့တွေ ဘယ်သူလုပ်လုပ်၊ မင်းတို့အားလုံး ကန္တာရသားတွေရဲ့ ရန်သူချည်းပဲ"

တိန်စွန်ချန်မှာ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာသည်။

ရေတွင်းထဲမှ လျော်ချန်းကလည်း အော်ဟစ်နေသည်။

ဘိုးသက်ပြင်းက....

"သူတို့လင်မယားကြားမှာ မင်းက ဒိုင်လုပ်စရာမလိုဘူး၊ သူတို့ရဲ့ သေခြင်းတရားကို သူတို့ဘာသာ ဆုံးဖြတ်လိမ့်မယ်၊ ရောဂါဝင်ပြီး သေမလား၊ ကြိုးပြတ်ပြီး ရေနစ်သေမလား ဆိုတာ စောင့်ကြည့်ပါ၊ အေး....မင်းကဘော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဝင်သေမနေနဲ့ဦး၊ မင်းသေချင်ရင် မင်းအဖေမြို့စား



ကြီးကို စောင့်လိုက်ဦး၊ သူတို့ရောက်လာပြီးမှ သေ၊ ဟုတ်ပြီလား၊ ဟဲ-ဟဲ-ဟဲ"

ဘိုးသက်ပြင်းသည် တဟဲဟဲနှင့် ရယ်လေသည်။

တိန်စွန်ချန်မှာ သည်းမခံနိုင်တော့ပေ။

"ထွီ"

သူသည် ဘိုးသက်ပြင်း၏ မျက်နှာကို တံတွေးဖြင့် လှမ်းထွေးလိုက်သည်။

ဘိုးသက်ပြင်းမှာ မည်သို့မျှ မျှော်လင့်မထားသဖြင့် တံတွေးမှာ မျက်နှာပေါ်သို့ ကျရောက်လာသည်။

"ဖြောင်း"

"ဖြောင်း"

သူသည် တိန်စွန်ချန်ကို လက်ပြန်ရိုက်ချလိုက်သည်။

တိန်စွန်ချန်၏ပါးစောင်များမှ သွေးများ ထပ်မံယိုစီးကျလာလေသည်။

"နောက်တစ်ခါ ဒီလိုရိုင်းစိုင်းရင် မင်းလျှာကို ဖြတ်ပစ်မယ်၊ ငါ့ကို မလုပ်ဘူးမထင်နဲ့"

ဘိုးသက်ပြင်းသည် ရေတွင်းထဲမှ လျော်ချန်းကို လှမ်းပြောသည်။

"ဟော....လျော်ချန်း၊ မင်း ရောဂါဝင်ပြီး သေမလား၊ အအေးမိပြီး သေမလား၊ တစ်ခုခုနဲ့တော့ သေမှာပဲ၊ အေး-

မင်းသေ့ရင်တော့ ငါတို့ ကောင်းကောင်း မြေမြှုပ်သဂြိုဟ်မယ်"

သူက ဆက်ပြောသည်။

"မင်းမိန်းမကိုတော့ မင်း မမျှော်လင့်နဲ့၊ ငါတို့ကသူ့ကို အသားတုံးလုပ်ပြီး အမြင်က တပ်တွေဆီကို ပြန်ပစ်မှာ"

"ဟေး-ဟေး-ဟေး....မှန်တယ်....မှန်တယ်"

ကန္တာရသားများသည် ဆူညံစွာ အော်ဟစ်ကြလေ၏။

★

## အခန်း (၅၀)

### အကျဉ်းသားသုံးဦး

ဝါဘန်းစုသည် လျော်ချန်းကို ရေတွင်းထဲဘွင် လည်းကောင်း၊ စီလူရိန်ကို ရေတွင်းပေါင်ပေါ်၌ လည်းကောင်း၊ တိန်စွန်ချန်ကို ရေတွင်းနှင့် အဝေးကွာဝေးသော တိုင်တစ်တိုင်တွင် ချည်နှောင်ထား၍လည်းကောင်း ထားရှိခဲ့ကြလေသည်။

စီလူရိန်နှင့် တိန်စွန်ချင်တို့ စကားပြောခွင့်ရနေကြလေသည်။

"ရှင်က ဘာဖြစ်လို့ ဝန်ခံတာသဲ"

"မင်းအဖြစ်ကို မကြည့်ရက်ဘူးလေ"

"ခုကော ဘာထူးသလဲ၊ ဝန်ခံလဲ ဘာမှမထူးဘူး၊ ဝန်မခံလဲ ဘာမှမထူးဘူး"

"ထူးလာမလားလို့ ဝန်ခံတာပေါ့၊ မင်းကို လွှတ်ရင်လဲ အမြတ်ပဲလေ"

"မလွှတ်ပါဘူး၊ သူတို့က ကျွန်မတို့ကို ရန်သူတွေအဖြစ် သတ်မှတ်ထားတာပဲ၊ ကျွန်မမေးပါရစေဦး၊ ရှင် ကျွန်မကို စိတ်မနာဘူးလားဟင်"

"အစတုန်းကတော့နာတယ်၊ နောက်တော့လဲမနာတော့ပါဘူး"

"ဟာ....ဘာဖြစ်လို့လဲ ဟင်"

"အမြဲတမ်း ငါက ငါ့ဘက်က တွေးနေတာ၊ မင်းဘက်က ပြန်တွေးမိတော့လဲ မင်းကို ခွင့်လွှတ်ရတာပဲ"

"ကျေးဇူးပါပဲ တိန်စွန်ချန်ရယ်"

"ငါလဲ မင်းကို ကျေးဇူးတင်ပါတယ်"

"ဘာကြောင့် ကျေးဇူးတင်တာလဲဟင်"

"စေတနာထားဖော်ရလို့ပါ"

စီလူရိန်မှာ ပြုံးမိလေ၏။



"ကျွန်မအကြောင်း ရှင့်ကို ပြောပြချင်တယ်၊ ဒါမှ စိတ်ရှင်းသွားမှာ"

"ပြောမနေပါနဲ့တော့လေ၊ အဖြစ်တွေက လွန်ကုန်ပြီပဲ၊ အတိတ်ကိုပြန်ယူချင်လို့ မရတော့ဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ရှင့်အပေါ် ကျွန်မ သစ္စာဖောက်သလို ဖြစ်နေတယ်မဟုတ်လား"

တိန်စွန်ချန်သည် သက်ပြင်းချလိုက်၏။

"အင်း....အခုကတော့ ငါလဲ ဒီလိုတွေးပြီး နာကြည်းနေမိတာပဲလေ"

"ခုကော"

"အခုတော့ မနာကြည်းတော့ပါဘူး၊ ကံကြမ္မာကိုပဲ အပြစ်ပုံချရတော့မှာပဲ"

စီလူရိန်က ဝန်ခံသည်။

"ကျွန်မလဲ သစ္စာမဖောက်ချင်ပါဘူး၊ ဒါပေမယ့် ဘယ်တတ်နိုင်မလဲရှင်၊ သူတို့လက်ခုပ်ထဲက ရေပဲ၊ သွန်လိုသွန် မှောက်လိုမှောက် လုပ်နိုင်တာပေါ့....

"ကျွန်မကို အရုပ်တစ်ရုပ်လို သဘောထားကြတာပဲ၊ သူတို့က ကျွန်မကို လျှော်ချွန်းရဲ့အခန်းထဲမှာ ပိတ်လှောင်ပေးထားတယ်ရှင့်"

"တော်ပါတော့၊ ပြောမနေပါနဲ့တော့၊ ဒီအဖြစ်တွေကို ငါ နားလည်ပါတယ်"

"ဒါပေမယ့် ကျွန်မ ဝန်ခံပါတယ်ရှင်၊ သူနဲ့ညားပြီးတော့ သူ့အပေါ် သံယောဇဉ်ဖြစ်မိပါတယ်၊ သူ့ကို မခွဲနိုင်ခဲ့ပါဘူး၊ အထူးသဖြင့် သူက ကျွန်မအပေါ် ထားတဲ့ သဘောထားကို ကျွန်မ ကျေးဇူးတင်ရပါတယ်....

"သူဟာ ကျွန်မကို တန်ဖိုးထားပါတယ်၊ တခြားကန္တာရသားတွေလို ကျွန်မကို လက်စားချေဖို့ ပစ္စည်းတစ်ခုလို သဘောမထားပါဘူး၊ တကယ့်မေတ္တာအကြင်နာနဲ့ လက်ထပ်ခဲ့တာပါ၊ ခုကြည့်လေ၊ ကျွန်မကြောင့် သူလဲ ဒုက္ခရောက်ရှာပါပြီ"

"မင်းလဲ ငါ့ကြောင့် ဒုက္ခရောက်ရတာပဲ"

"အဲဒီလိုမဟုတ်ပါဘူး၊ သူတို့က ကျွန်မအပေါ် အရင်ကတည်းက ကြည့်မရခဲ့ကြတာပါ၊ ကျွန်မအပေါ် ရန်လိုနေကြတာ၊ လျော်ချန်းက ကျွန်မကို ကြင်ကြင်နာနာဆက်ဆံတာကို သူတို့ မရှုဆိတ်ကြဘူး"

"ဟိုအဘိုးကြီးက အဆိုးဆုံးပဲ"



"ဟုတ်တယ်၊ အဲဒါ လျော်ချန်း မှားသွားတာပါ၊ သူ့ကို ဖဟုသုတကြွယ်ဝတဲ့လူကြီးဆိုပြီး အတိုင်ပင်ခံ ခန့်လိုက်တာ လျော်ချန်း အမှားပေါ့....

"သူက အာဏာကို သူတစ်ဦးတည်းယူပြီး လျော်ချန်းကို တောင် အခု သတ်မိန့်ပေးနေပြီမဟုတ်လား၊ မြို့စားရာထူး ယူထားတဲ့ လျော်ချန်းမှာ ဘာအာဏာရှိသလဲ၊ ဘာအာဏာမှ မရှိဘူး၊ အခုမှ မှားမှန်းသိပေမယ့် လွန်သွားပြီလေ၊ အခု တိစ္ဆမှာ သူ မွေသွားတာပဲ"

"သူတင်မဟုတ်ဘူး၊ နောက်တစ်ယောက်ရှိသေးတယ်"

တိန်စွန်ချန်သည် လင်စီကျွန်းကို ရည်ရွယ်ပြီး ပြောခြင်းဖြစ်သည်။

"ဘယ်သူပါလိမ့်"

"လင်စီကျွန်းဆိုတဲ့လူလေ၊ အဘိုးကြီးက မီးတောက်၊ လင်စီကျွန်းက မီးစာ၊ မီးတောက်တွေ့တော့ ထပြီး မီးတောက်တော့တာပဲ၊ သူက မင်းအပေါ် အမြင်ပုံကျအောင် လုပ်သွားတယ်"

"ဪ....လျော်ချန်း သတ်လိုက်တဲ့လူလား၊ ဟုတ်တယ်၊ သူက ကျွန်မကို တစ်ဖက်သတ် ကြိုက်နေတဲ့လူပဲ၊ သူက

လျော်ချန်းသတ်ခဲ့တဲ့ ကန္တာရခေါင်းဆောင်ရဲ့ တပည့်၊ ဒီတော့ လျော်ချန်းကို မကျေနပ်ဘူးပေါ့၊ လျော်ချန်းသတ်ခဲ့တဲ့ ကန္တာရခေါင်းဆောင် ဝါအင်ကီးဆိုတာ အခုကိစ္စကို မွှေနေတဲ့ အဘိုးကြီးရဲ့သားပေါ့"

"ဟား...ဟား...ဟား"

တိန်စွန်ချန်က ရယ်လိုက်၏။

"ဟုတ်ပြီ...ဟုတ်ပြီ၊ သူက အခုမှ လျော်ချန်းကို လက်စားချေနေတာကိုး"

"အဲဒီလိုတော့မဟုတ်ပါဘူး၊ သူ့သားကို လျော်ချန်းသတ်တော့ အဘိုးကြီးက အဲဒီတုန်းက လျော်ချန်းဘက်က ရှိတယ်လို့ပြောတယ်၊ ခုဟာကတော့ ကျွန်မကြောင့် အဘိုးကြီးနဲ့ သူနဲ့ ကွဲသွားတာ၊ အဘိုးကြီးက ကျွန်မကို မုန်းတယ်"

"ငါ့ကိုလဲ သူ ကြည့်လို့မရဘူးနဲ့တူပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါနဲ့ကြုံတဲ့အခါတိုင်း ငါ့ကို ပါးရိုက်တာပဲ"

"ဟုတ်မယ်မထင်ပါဘူး၊ ရှင်က သူ့ကို လူပုံအလယ်မှာ သွားတိုက်လို့ပါ"

"အင်း...ထားပါတော့လေ".



"ဘာပဲဖြစ်ဖြစ် ရှင့်အနေနဲ့ ကျွန်မကို နားလည်ပေးပါနော်၊ ဒါမှ ကျွန်မ အသေဖြောင့်မှာ"

"မပူပါနဲ့၊ ငါ နားလည်ပါတယ်၊ ငါဟာ ငါ့ဘဝကို ပြန်လည်သုံးသပ်ပြီးပါပြီ"

ထိုစဉ် ရေတွင်းထဲမှအော်သံကို သူတို့ ကြားလိုက်ကြရလေသည်။

"ဟေ့...စီလူရိန်၊ မင်း ဘယ်သူနဲ့ စကားပြောနေတာလဲ"

"ကျွန်မ တိန်စွန်ချန်နဲ့ စကားပြောနေတာပါ"

"မပြောနဲ့၊ ခုချက်ချင်းရပ်လိုက်"

တိန်စွန်ချန်နှင့် စီလူရိန်တို့သည် ပြုံးမိကြသေး၏။

အဘယ်ကြောင့်ဆိုသော် သူတို့သုံးဦးစလုံးမှာ သေလူများဖြစ်နေသည်။

ထိုသေလူများသည် တစ်ဦးကိုတစ်ဦး မုန်းတီးမှုနှင့် အာဃာတများ အဘယ်ကြောင့် ထားရမည်နည်း။

လျော်ချန်းသည် သေရမည့်ဆဲဆဲ၌ ယနေ့လိုမုန်းတီးမှုဖြင့် ထားဆီးနေခဲ့လေသည်။

"ကျွန်မတို့ စကားပြောရုံ ပြောတာပေါ့ရှင်၊ ကျွန်မတို့ကို ကြိုးတွေနဲ့တုပ်ထားတာရှင့်၊ ဘာမှလုပ်လို့လဲ ရတာမဟုတ်ပါဘူး"

သူမက ပြန်လည် စောဒကတက်လိုက်မိ၏။

"ဘာပဲလုပ်လုပ် မလုပ်လုပ်၊ မပြောနဲ့ဆို မပြောနဲ့ပေါ့"

"ကောင်းပါပြီရှင်၊ မပြောတော့ပါဘူး"

သူမက လျှော့ချန်းကြားအောင် ခပ်ကျယ်ကျယ်ပြောလိုက်ရသည်။

သူမက တိန်စွန်ချန်ကို ခပ်တိုးတိုးပြောသည်။

"အဲဒါပဲကြည့်တော့ သိပ်သဝန်တိုတာ၊ ကန္တာရသားတွေ မိန်းမကို ဂရုမစိုက်ကြဘူးလို့ဆိုတယ်၊ လျှော့ချန်းကတော့ ဒီလိုမဟုတ်ပါဘူး၊ မိန်းမကို ဂရုစိုက်တယ်"

"အင်း....ချစ်တာဖြစ်မှာပေါ့လေ"

တိန်စွန်ချန်ကလည်း ခပ်တိုးတိုးပင် ပြောသည်။

"ဟုတ်တယ် ဟုတ်တယ်၊ သူ့ဟာသူချည်းပဲ နေတုန်းက ကန္တာရသားတွေအားလုံး ကြည်ညိုလေးစားကြတယ်၊ အခု



ကျတော့ဒီလိုမဟုတ်တော့ဘူး၊ ကျွန်မနဲ့ညားပြီးတော့အားလုံး အချိုးပြောင်းသွားတယ်၊ သူ့မှာ ရန်သူတွေ များနေပါပြီရှင်"

သူတို့သည် အတန်ကြာသည်အထိ စကားမပြောမိကြတော့ပေ။

တိတ်ဆိတ်သွားသည်။

အတန်ကြာမှ တိန်စွန်ချန်က....

"မင်းအဖေနဲ့ ငါ့အဖေလဲ စစ်တပ်ကြီးတွေနဲ့ လာပြီးမှ တိုက်လို့လဲမရ၊ မြို့ထဲလဲမဝင်နိုင်၊ သားသမီးတွေလဲ အဖမ်းခံရ၊ သူတို့ သိမ်မွေ့တ်ဆင်းရဲနေကြမှာပဲ"

စီလူရီန် မျက်ရည်လည်လာသည်။

"ရှင်က ယောက်ျားလေးပါ၊ ယောက်ျားလေးဆိုတော့ ဒေါင်ကျကျ၊ မြားကျကျ သိပ်စိတ်မပူတတ်ကြပါဘူး၊ ကျွန်မ အဖေက ကျွန်မအတွက် သိပ်စိတ်ပူမှာပါ"

"မထူးပါဘူး၊ မိန်းကလေးလဲ သေနိုင်တာပဲ၊ယောက်ျားလေးလဲ သေနိုင်တာပဲ၊ အဆုံးစွန်ကတော့ သေကြရမှာပဲ"

"မဟုတ်ဘူးလေ၊ကျောက်ဓားရှင်နဲ့ဓားနှစ်လက်တို့ လွတ်သွားကြတယ်မဟုတ်လား၊ သူတို့နှစ်ယောက်က ကျွန်မရဲ့

အခြေအနေကို ပြန်ပြောမှာပေါ့၊ လျော်ချန်းက ကျွန်မကို ကြင်ကြင်နာနာ ပေါင်းသင်းတယ်ဆိုတာတော့ သူတို့မသိနိုင်ပါဘူး၊ ရန်သူကဇနီးအဖြစ်ကောက်ယူထားတဲ့အကြောင်း လောက်ပဲ အဖေ့ကို ပြန်ပြောကြမှာ"

"အင်း...ဒါတော့မှန်တယ်၊ မင်းအဖေ စိတ်ဆင်းရဲမှာ အမှန်ပဲ၊ သမီးဆိုတော့ စိုးရိမ်မှာပေါ့လေ"

"ရှင့်အဖေကတော့ ရှင်သေပြီလို့ ထင်မလားမသိဘူး"

"အင်း...ထင်ချင်ထင်မှာပေါ့၊ သူတို့ကလဲ ကန္တာရသားတွေကို အနိုင်မတိုက်တော့ ဒုက္ခရောက်နေကြမှာပေါ့"

စီလူရိန်က ရှင်းပြ၏။

"သူတို့ကလူကြမ်းတွေပဲ၊ တော်ရုံတန်ရုံ ဘယ်တိုက်နိုင်မလဲ၊ သူတို့ရဲ့နေပုံထိုင်ပုံ၊ စားပုံသောက်ပုံတွေဟာ အတော်ကြမ်းတမ်းတာ"

တိန်စွန်ချန်သည် သူမစကားကို ထောက်ခံ၏။

"ဟုတ်မယ် ဟုတ်မယ်၊ သူတို့တိုက်တာ ဘယ်နှစ်ကြိမ်ရှိပြီလဲ၊ လာတိုက်တာ သူတို့တစ်ကြိမ်မှ မနိုင်ဘူး၊ အစီအစဉ်ကလဲ ညံ့သကိုး"



"သူတို့ကလူကြမ်းတွေပါ၊ ဖေဖေကဒါကိုသိလို့ ယီမင်ကို သွားတိုက်တော့ ခေါ်သွားတာပေါ့၊ ယီမင်သားတွေ မခုခံနိုင်ဘူးဆိုတာ ဖေဖေသိနေတယ်"

"ဟင်း..."

တိန်စွန်ချန်သည် သက်ပြင်းချပြီး ခေါင်းယမ်းလေသည်။

"ရှင်က ဘာကို ခေါင်းယမ်းနေတာလဲ"

"မင်းအဖေအကြောင်း စဉ်းစားနေတာပါ"

"ဖေဖေ ဘာဖြစ်လို့လဲ"

"မင်းအဖေ ယီမင်ကိုသွားတိုက်တော့ ယီမင်ကိုတော့ ရပါရဲ့၊ မြို့ကိုပေးလိုက်ရတယ်၊ သမီးတောင် အဆစ်ပေးလိုက်ရသေးတယ်၊ ဟား....ဟား....ဟား"

"ဘာလဲ၊ ရှင်က ပျော်နေတယ်လား"

"ပျော်တာမဟုတ်ဘူး၊ အဖြစ်က ရယ်စရာမကောင်းဘူးလား၊ မင်းပဲစဉ်းစားကြည့်လေ၊ မြွေပါလဲဆုံး သားလဲဆုံးဆိုတာမျိုး ဖြစ်မနေဘူးလ[illegible]၊ ဪ....လောဘ၊ လောဘ"

"ဘာလောဘလဲ"

"သူများမြို့ကိုလိုချင်တဲ့လောဘပေါ့၊ သူများမြို့ကိုလိုချင်လို့ သူ့ဆီ အပြစ်ရောက်ရတာ၊ ငါတို့ အဆစ်ပါသွားတာပဲ၊

မင်းကိုချစ်လို့ ဟန်ဝမ်ကိုလာတယ်၊ ဟန်ဝမ်မှာအကျဉ်းသား ဖြစ်ရတာပဲ"

ထိုစဉ်....

နေရိပ်ကျသွားသဖြင့် လေတဖြူးဖြူး တိုက်လာသည်။ အအေးဓာတ်ပိုလာသည်။ တိန်စွန်ချန်နှင့်စီလူရိန်တို့ အေးစိမ့်လာသည်။

ရေတွင်းထဲမှ လျှော်ချန်းက ပိုခံရပေမည်။

"အင်း....ဒီည မိုးများရွာမလားမသိဘူး"

"ဟုတ်တယ်၊ ကောင်းကင်မှာ မိုးသားတွေ တက်လာနေတယ်"

"ရွာရင်ကော"

"ကျွန်မတို့ သုံးယောက်လုံး ဒုက္ခရောက်တော့ မှာပေါ့ရှင်"

စီလူရိန်က တိုးညင်းစွာ ပြောလိုက်မိလေ၏။

* * *



မိုးသက်လေများက အဆက်မပြတ် တိုက် ခတ် နေ လေသည်။

မိုးသက်လေများပင်မက မိုးတိမ်များကလည်း တရိပ်ရိပ် တက်လာသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မိုးရိပ်များ လွှမ်းခြုံလာလေသည်။

မိုးတိမ်ရိပ်များ တစ်ခဲနက်တက်လာခြင်း၊ နေဝင်သွားခြင်းကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး မည်းမှောင်လာလေသည်။

ထိုအမှောင်ကို အကာအကွယ်ယူလျက် လူရိပ်တစ်ရိပ် မြို့ရိုးအနီးသို့ ချဉ်းကပ်လာ၏။

မြို့တံခါးစောင့် ကန္တာရသားတစ်ဦးသည်၊ ထိုလူရိပ်ကို ရိပ်ခနဲ မြင်လိုက်ရသဖြင့် လှမ်းအော် မေးလိုက်လေ၏။

"ဟေ့....ဘယ်သူလဲကွ"

"ငါပါဟ"

ဤသို့ ငါပါဟ ဟု ပြော၍ခရချေ။

တံခါးစောင့် တပ်သားချင်း ဖြစ်လျှင် လျှို့ဝှက် အမှတ်အသားကို ပြောရမည်။

မပြောနိုင်လျှင် ရန်သူသာလျှင် ဖြစ်ရပေတော့မည်။

"ဘယ်က ငါလဲ၊ ရပ်စမ်း"

ကန္တာရတပ်သား တစ်ယောက်သည် ဓားကိုဆွဲ၍ တက်လိုက်သွား၏။

ထိုလူရိပ်ကား လျင်မြန်လှသည်။

မြို့ရိုးပေါ် ရောက်သွားပေပြီ။

အောက်မှ ကန္တာရ ဓားသမားသည် အခြေအနေကို စောင့်ကြည့်နေလေ၏။

အပေါ်သို့ အဖော်တစ်ဦး တက်လိုက်သွားပြီ မဟုတ်ပါလား။

"အင့်"

မြို့ရိုးပေါ်မှ မပီမသ ညည်းညူသံတစ်သံကို ကြားလိုက်သဖြင့် အောက်မှစောင့်နေသူသည် အပြေးကလေး တက်သွားမိလေ၏။

စုံစမ်းရပေမည်။

မြို့ရိုးပေါ်ရောက်သွားသောအခါ လဲကျနေသည့် ကန္တာရသား တစ်ဦးကို တွေ့ရလေသည်။



"ဟာ"

သူသည် ကန္တာရသားကို ပြေးပွေ့လိုက်၏။

"ငါ့ကို ဓားနဲ့ထိုးသွားပြီ"

"ဒီကောင်ကော"

"လွတ်သွားလေက်ပြီပေါ့"

သူသည် ကမန်းကတန်း ကြည့်လိုက်၏။ မြို့ရိုးပေါ်မှ ကြိုးတစ်ချောင်း တန်းလန်းကျနေသည်။

သူသည် မြို့ပြင်ဘက်သို့ ကြည့်လိုက်သောအခါ လူတစ်ယောက်သည် အပြင်ရှိ စစ်စခန်းများသို့ တစ်ဟုန်ထိုး ပြေးသွားလျက် ရှိနေသည်။

ထိုသူသည် စစ်စခန်းများနှင့် နီး၍နီး၍သွားပေပြီ။

သူတို့၏ ပေါ့ဆမှုကြောင့် ရန်သူတစ်ဦး လွတ်သွားလေပြီ....။

"တောက်"

ကန္တာရသားသည် တက်ခေါက်လိုက်လေ၏။

* * *

စစ်စခန်းများဘက်၌မူ....

"ဟော.... ကျောက်ဓားရှင် ပြန်လာပြီ၊ သူ မြို့ထဲကို ရောက်အောင် ဝင်နိုင်တယ်၊ ရအောင် ပြန်ထွက်နိုင်တယ်"

စစ်သည်တော်တစ်ယောက်က အော်လိုက်၏။ ကျောက်ဓားရှင်အား ကျင်ကျွမ်းမြို့စားကြီး၊ ဟန်ဝမ်မြို့စားနှင့် သူတို့၏လူယုံ လက်သောက်များက ဝိုင်းဝန်းကြိုဆိုနေကြသည်။

သူတို့သည် ကျောက်ဓားရှင်ကိုဝိုင်းလိုက်ကြ၏၊ ကျောက်ဓားရှင်ထံမှ သတင်းစကားများကို ကြားရတော့မည်မဟုတ်ပါလား။

ကျောက်ဓားရှင်က....

"မြို့ထဲမှာ အခြေအနေကတော့ ရှုပ်ထွေးကုန်ပြီခင်ဗျ"

ကျောက်ဓားရှင်က အားတက်သရောပြောလိုက်၏။ ကျင်ကျွမ်းမြို့စားကြီးစားက....

"ဆိုစမ်းပါဦး၊ ဘာတွေများ ရှုပ်နေလို့ လဲကွ"

ကျောက်ဓားရှင်က ဆက်လက်ပြောပြလေ၏။

"ကျွန်တော်တို့ညကပစ်ချခဲ့တဲ့ အသားတုံးတွေကိုကြည့်ပြီး ကန္တာရသားတွေ သဘောပေါက်ကြတယ်ခင်ဗျ၊ ပစ်တဲ့ အသားတုံးတွေလဲ အားလုံး မြို့ထဲရောက်တာပဲ"

"ကန္တာရသားဘွေ ဒေါင်ချာစိုင်းသွားမှာပေါ့ကွာ"

"ဟာ....စိုင်းတာပေါ့၊ အားလုံး အလုပ်ရှုပ်ကုန်တာပဲ၊ အသားတုံးတွေကို လက်နဲ့မကိုင်ရဲဘူး၊ အားလုံးမီးရှို့ကြ



တယ်၊ နောက်ပြီး မြို့ထဲမှာ လိုက်လံနှိုးဆော်ရတာပဲ၊ တော်တော့်ကို အလုပ်ရှုပ်သွားကြတယ်"

"ဒါပဲလား"

"ဘယ်ဒါတင်ကမလဲ၊ အသားတုံးတစ်လုံးက ရေတွင်းထဲ ကျသွားတယ်၊ အဲဒီမှာ ပွက်လောရိုက်ကုန်တာပဲ"

"ဘယ်လိုများ ဖြစ်တာလဲ"

"အသားတုံး ရေထဲရောက်သွားတော့ ရေထဲမှာ ရောဂါဘယဘွေ ပြန့်ကုန်ပြီလို့ သူတို့တွေးကြတာပေါ့၊ အဲဒါဟာ စီလူရိန်လက်ချက်လို့ သူတို့က ဝိုင်စွဲကြတယ်၊ ဒါကြောင့် စီလူရိန်ကိုဖမ်းတယ်"

"သူ့ယောက်ျားက ဒီအတိုင်းကြည့်နေတာပဲလား"

"ဘယ်ကြည့်မလဲ ခုခံတိုက်ခိုက်တာပေါ့၊ အဲဒီမှာ စီလူရိန်ကို ဓားစာခံလုပ်ပြီး ကန္တာရသူရဲကောင်းကို လက်နက်ချစေလိုက်တယ်၊ အဲဒီနောက်တော့ ကန္တာရသူရဲကောင်းရော စီလူရိန်ရော တိန်စွန်ချန်ရော အဖမ်းခံရတော့တာပဲ၊ အားလုံးအကျဉ်းသားတွေ ဖြစ်နေကြပြီ"

ကျောက်ဓားရှင်က ဆက်ပြော၏။

"လျော်ချန်းကိုတော့ ကြိုးချည်ပြီး ရေတွင်းထဲချထားတယ်၊ စီလူရိန်နဲ့ တိန်စွန်ချန်ကိုတော့ ရေတွင်းအနီးမှာ ချုပ်နှောင်ထားတယ်"

"ဟင်....ဒါဖြင့်....ဒါဖြင့် ကျုပ်သားမသေသေးဘူးပေါ့"

ကျင်ကျွမ်းမြို့စားကြီးက ပြောလိုက်၏။

"ဟုတ်တယ် မသေသေးပါဘူး၊ ကောင်းကောင်းမွန်မွန်ပဲ တွေ့ရပါတယ်"

"ဒါ....သတင်းကောင်းပဲ"

"ဟုတ်တယ်၊ သတင်းကောင်းပဲ"

"သတင်းကောင်း မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ကန္တာရသားတွေရဲ့ စိတ်ဟာ အစိုးမရဘူး ခင်ဗျ၊ သူတို့ဟာ ချက်ချင်း သတ်နိုင်တယ်၊ ရာသီဥတုကလဲ ဆိုးရွားနေတယ်"

ထိုအခါ မြို့စားကြီးနှစ်ဦး ခေါင်းချင်းရိုက်ပြီး တိုင်ပင်ကြတော့၏၊ ကျင်ကျွမ်းမြို့စားကြီးသည် စစ်ရေးအတွေ့အကြုံရှိသူဖြစ်သည်။

"ဒီည မိုးလေပြင်းထန်နိုင်တယ်၊ မိုးလေပြင်းထန်ရင် ကန္တာရသားတွေဟာ မိုးလေကိုကြောက်ကြတယ်၊ ဒီတော့ ကျုပ်တို့မြို့ရိုးနားကိုကပ်နိုင်မယ်၊ အခက်အခဲအတားအဆီး နည်းမယ်၊ သူတို့မြို့ထဲမှာလဲ ပြဿနာတွေ ဖြစ်နေတော့ ကျုပ်တို့ကို သိပ်ဂရုစိုက်နိုင်မှာမဟုတ်ဘူး"

"ဟုတ်တယ်၊ ကျင်ကျွမ်းမြို့စားကြီးပြောတာကို ကျုပ် လက်ခံတယ်"



"နောက်ပြီး ကန္တာရသူရဲကောင်း လျှော်ချန်းကို သူတို့ ဖမ်းထားကြတယ်၊ ကန္တာရသူရဲကောင်းမတိုက်နိုင်တာဟာ ကျုပ်တို့ အတွက် တစ်ပန်းသာတယ်ဗျ၊ အခြေအနေကို စောင့်ကြည့်မယ်၊ ဒီည မိုးလေပြင်းထန်မယ်ဆိုရင် မြို့ရိုးနားကပ်နေမယ်၊ မြို့ရိုးကို ခိုတက်မယ်၊ ဝင်တိုက်မယ်၊ မကောင်းဘူးလား"

ကျင်ကျွမ်းမြို့စားကြီးက စိတ်ခေတ်တက်ကြွစွာပြော၏၊ ဟန်ဝမ်မြို့စားကြီးက စိတ်တက်ကြွစွာ ထောက်ခံသည်။

စီတန်ကုံးက....

"ဟုတ်တယ်ဗျ၊ ဒီညအခြေအနေကြည့်ရတာ မိုးနဲ့လေ အတော်လေးချမယ်လို့ထင်ရတယ်၊ ရာသီဥတုကတော့ ကျုပ်တို့ဘက်ကရှိနေပြီ၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်တို့ဟာ ဒီအကြိမ်မှာ အားကုန်အစွမ်းကုန်တိုက်ကြမယ်၊ ဒီတစ်ခါ မနိုင်ရင်တော့ ကျုပ်တို့ ဘယ်တော့မှ နိုင်တော့မှာ မဟုတ်ဘူး၊ တရကြမ်းကိုတိုက်မှဖြစ်မယ်"

မြို့စားကြီးစီကုံးက ပြောသည်။

"မြို့ရိုးပေါ် လှေကားနဲ့တက်တာနဲ့ မြို့တံခါးကိုသစ်တုံးနဲ့ ထိုးဖောက်တာကို တစ်ပြိုင်နက်လုပ်ရမယ်"

"ကောင်းပြီ၊ အချိန်ကို ဘယ်လိုသတ်မှတ်မလဲ"

"အချိန်မသတ်မှတ်နဲ့၊ အကောင်းဆုံးကတော့ ခုကတည်းက မြို့ရိုးအခြေကို တပ်သားတွေ မှောင်ခိုပြီး ကပ်ကြမယ်၊ မိုးလေပြင်းထန်လာတာနဲ့ မြို့ရိုးပေါ် စတက်ကြတာပေါ့"

"အကောင်းဆုံးပဲ၊ ဒီညဟာ လမိုက်ညပဲ"

"ကဲ....ကိုယ့်တစ်ကိုယ် စုကြရအောင်"

ကျင်ကျွမ်း မြို့စားကြီးနှင့် ဟန်ဝမ် မြို့စားကြီးတို့သည် တပ်သားများကို စုစည်းရန် ထွက်ခွာသွားကြ၏၊ မိုးပေါက်များသည် တဖြည်းဖြည်းရွာသွန်းစပြုလေပြီ၊ မကြာမီ ညတိုက်ပွဲကြီးတစ်ပွဲ စတင်ပေတော့မည်။

★

## အခန်း (၅၁)

### မိုးကြိုး ကွင်းသူ

လေအဝေ့၌ မိုးပေါက်ကလေးများ ပါလာ၏။

ကောင်းကင်ထက်၌လည်း မိုးသားများ မည်းမှောင်လာသည်။

တိန်စွန်ချန်က စတင်စကားပြောလိုက်လေ၏။

"ဟော....မိုးစက်မိုးပေါက်ကလေးတွေတောင် ကျလာပြီဟေ့၊ ဒီညတော့ မိုးက သဲကြီးမဲကြီး ရွာမယ့်ပုံပဲ"

စီလူရိန်ကတော့ ကောင်းကင်ကြီးကိုသာ မော့ကြည့်နေသည်။

တိမ်တောင်တိမ်လိပ် တိမ်စိုင် တိမ်မည်းကြီးများသည် မည်းမှောင်နေသည်။

အမည်းရောင်တောင်ကြီးတစ်လုံးနှယ် ဖြစ်ပေါ်နေသည်။

"အင်း... ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသလိုပါပဲ လား"

တိန်စွန်ချန်က ညည်းညည်းညူညူ ပြောလိုက်သည်။

တိန်စွန်ချန်၏စကားကြောင့် စီလူရိန်မှာ ဝမ်းနည်းသွားသည်။

သူပြောသလိုပင် သူမအဖြစ်က ကံဆိုးလွန်းလှသည်။

သူမသည် မြို့စားကတော်ဖြစ်သည်ကို မဏ္ဍပ်တိုင် တက်ဖြချင်သည်။

ထိုသို့တက်ဖြနိုင်ရန်အတွက် ကန္တာရသားများကို ညှော်ခံပွဲ ပြုလုပ်ပေးသည်။

ထိုအခါကျမှ ပြဿနာပေါ်ပြီး လျော်ချန်းရော သူမပါ အကြမ်းဖက်ခံ အဖမ်းခံနေရတော့သည်။

သည်ကြားထဲ မိုးက ဒုက္ခပေးပြန်သည်။

ဤမိုးထဲ၌ သူမတို့ ကြွက်စုတ်ကလေးလို နေရတော့မည်လော။



အဖအားမိ၍ သေဆုံးခပေတော့မည်။

လျော်ချန်းသည်လည်း ရေတွင်းထဲ၌ ဘာဖြစ်နေသည်ကို မသိတော့ပေ။

စီလူရိန်သည် မျက်ရည်များကျလာ၏။

"ဟင့်....ဟင့်....ဟင့်"

"မင်းငိုနေသလားဟင်"

တိန်စွန်ချန်သည် အမှောင်ထဲ၌ လှမ်း၍မေးလိုက်လေသည်။

"ဟုတ်တယ်၊ ကျွန်မ ဝမ်းနည်းပြီး ငိုမိတယ်"

"မငိုနဲ့လေ၊ ဒါပေမယ့် မိုးကောင်းကင်ကြီးငိုတာကို တော့ မိမယ်မထင်ပါဘူး၊ မင်းမျက်ရည်စက်တွေက ရေတွက် လို့ရတယ်၊ ကောင်းကင်ကြီးရဲ့ မိုးရေစက်တွေကိုတော့ ရေ တွက်လို့မရနိုင်ဘူး"

"ကျွန်မ စိတ်မကောင်းလို့ပါရှင်"

"ငါလဲ မင်းစိတ်ပြောင်းအောင် ပြောတာပါ၊ ဖြစ်သမျှ အကြောင်း အကောင်းချည်းပေါ့ စီလူရိန်ရယ်"

တိန်စွန်ချန်သည် စီလူရိန် အလွန်အားငယ်နေသည်ကို သိ၏။

ထို့ကြောင့်....

သူမ စိတ်ပြောင်းအောင် အားပေးနှစ်သိမ့်နေရခြင်း ဖြစ်ပါသည်။

"ဖြောက်...."

"ဖြောက်....ဖြောက်"

"ဖြောက်....ဖြောက်....ဖြောက်"

တဖြည်းဖြည်းနှင့် မိုးစက်တို့သည် ပြင်းထန်စွာကျရောက်လာလေတော့သည်။ မည်မျှ မိုးသည်းထန်သနည်း၊ ဆိုသော် အသားများပင် ကျိန်းစပ်လာ၏။

မိုးသံကလည်း ဆူညံ၊ ကောင်းကင်မှ လျှပ်ပန်း လျှပ်နွယ်များကလည်း လင်းခနဲ လက်ခနဲ ဖြစ်နေရာ လွန်စွာကြောက်စရာ ကောင်းနေတော့သည်။

လွန်စွာ မိုးသည်းထန်သော ညပါပေ။

တစ်မြို့လုံး မိုးရေနှင့်မျောသွားမည်ဟု ထင်ရသည်။

စီလူရိန်က အော်ပြောသည်။

"မိုးကြိုး ပစ်မယ်ထင်တယ်"

တိန်စွန်ချန်ကလည်း ပြန်အော်ပြောသည်။

"ဟုတ်တယ်....ကြောက်စရာပဲ၊ တအုန်းအုန်းနဲ့ မြည်နေတာ နားကွဲစရာတောင်ကောင်းတယ်"



"ကျွန်မ ကြောက်တယ်ရှင်...."

"ခုမှတော့ ကြောက်မနေနဲ့တော့၊ ကြောက်လို့လဲ မရတော့ဘူး၊ တို့ကိုကြိုးနဲ့ တုပ်ထားတာပဲလေ"

"ဂျိမ်း....ဂျလိမ်း....ဂျိမ်း"

ကောင်းကင်ကြီးသည် ပြာခနဲ ဖြစ်သွားသည်။ လင်းခနဲလက်သော အလင်းတန်းကြီးသည် အောက်သို့ ဆင်းလာလေသည်။

"အမယ်လေး"

စီလူရိန်သည် မေ့မြောသွား လေသည်။

တိန်စွန်ချန်မှာ ဆံပင်များ ထောင်သွားသည်။ လျှပ်စစ်တန်းကြီးသည် တိန်စွန်ချန်ထံသို့ ဦးတည် ဆင်းသက်လာ၏။

တိန်စွန်ချန်မှာ ကြက်သေသေသွားသည်။

သူသည် ထိုလျှပ်စစ်တန်းကြီးကို ရှောင်ရန်လည်း သတိမရတော့ချေ။

ဝင်းလက်သော လျှပ်စစ်တန်းကြီးသည် သူ့ထံသို့သာ စိုက်ဆင်းလာနေသည်။

ထိုမြင်ကွင်းကို စီလူရိန်မမြင်တွေ့ရတော့ချေ။

မြင်တွေ့ရလျှင် သူမ၏ဘဝ၌ အဆန်းဆုံး မြင်ကွင်းကို တွေ့မြင်ရမည်ဖြစ်သည်။

ယခုတော့....

သူမ မေ့မြောနေသဖြင့် ထူးဆန်းသောမြင်ကွင်းကို မတွေ့ရတော့ပေ။

လျှပ်စစ်တန်းကြီးသည် မီးလုံးကြီးတစ်လုံး ထွက်လာပြီး တိန်စွန်ချန်ဆီသို့ သွားလေ၏။

"ဝုန်း"

ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာသော်လည်း တိန်စွန်ချန်မှာ ထိုအသံကြီးကို မကြားပေ။

ကျဆင်းလာသော မီးလုံးကြီးသည် သူ၏လက်များဆီသို့ ဖျတ်ခနဲ ဝင်ရောက်သွားသည်။

တိန်စွန်ချန်၏လက်များ ပူလောင်သွား၏။

သူ၏လက်များ ငရဲမီးထဲသို့ လက်နှိုက်ရသလို ပူလောင်သွားလေတော့သည်။

"အား"

တိန်စွန်ချန်သည် မြေပေါ် ပုံလဲကျသွားလေ၏။

သူ့လက်မောင်းများ ပြုတ်ထွက်သွားပြီ ဟု ထင်လိုက်မိသည်။ သူသည် သည်းထန်သော မိုးရေထဲ၌ လဲကျနေ၏။ အေးစက်သော မိုးရေစက်များသည် သူ့ကို အပူဒဏ်မှ သက်သာရာ ရစေတော့သည်။



"ဟင်"

သူသည် လက်နှစ်ဖက်ကို မြှောက်လိုက်၏။

"ချွမ်....ချွမ်....ချွမ်"

သံကြိုးများသည် ပြတ်ပြီး တချွမ်ချွမ်မြည်နေ၏။ သူသည် တိုင်၌ ချည်လျက်မဟုတ်တော့ပေ။

တိုင်တခြား လူတခြား ဖြစ်နေပေပြီ။

"ငါ့လက်က သံကြိုးတွေကို မိုးကြိုး ပစ်လိုက်တာများ လား"

မှန်ပါသည်။

မိုးကြိုးပစ်သွားပါသည်။

မိုးကြိုးသည် လူကိုမပစ်ပါ၊ သံကြိုးကိုသာ ပစ်သွားပါသည်။

"ချွမ်... ချွမ်....ချွမ်"

သူ့လက်နှစ်ဖက်သည် သံကြိုးစများ ရှိနေသေးသော်လည်း လွတ်လပ်စွာ လှုပ်ရှား၍ ရနေချေပြီ။ ထို့ကြောင့် သူအော်လိုက်၏။

"စီလူရိန်၊ ငါ...ငါ့သံကြိုးတွေ ပြတ်သွားပြီကွ၊ ငါ အနှောင်အဖွဲ့က လွတ်ပြီကွ၊ ငါလွတ်ပြီကွ၊ ငါကန္တာရ သားတွေကို တိုက်နိုင်ပြီ"

သူသည် အမှောင်ထဲ၌ အော်ဟစ်နေသည်။ သူ့ အော်သံသည် လေထဲမိုးထဲ၌ ပျောက်ကွယ်နေသည်။

ဤမျှ သည်းထန်သော မိုးလေအကြား၌ မည်သည့်ကန္တာရသားမျှ သူ့အားစောင့်မကြည့်ပါချေ။

တိန်စွန်ချန်သည် ဝမ်းသာအားရ စီလူရိန်ထံသို့ ပြေးလေသည်။

"ဟေ့....စီလူရိန်၊ စီလူရိန်"

ထူးသံ မကြားရတော့ပေ။

လျှပ်ပြက်လင်းလိုက်သောအလင်းရောင်ကြောင့် မေ့မြောနေသော စီလူရိန်ကို တွေ့လိုက်ရသည်။

"ခြော်....စီလူရိန် ကြောက်ပြီး သတိမေ့သွားတာကိုး၊ သေများသွားသလား မသိဘူး"

တိန်စွန်ချန်သည် စီလူရိန်အား တုပ်နှောင် ထားသောကြိုးများကို ဖြေပေးပြီး ပါးကိုပုတ်နှိုးလေ၏။

"စီလူရိန်၊ စီလူရိန်...."

လေးငါးဆယ်ကြိမ်မျှ ပုတ်နှိုးလိုက်သောအခါ စီလူရိန်သတိရလာလေသည်။ သူသည် စီလူရိန်အား လက်မြှောက်ပြလေသည်။

"ဟင်....ရှင် ဘယ်လိုလွတ်လာလဲ"



"ငါ့ကို မိုးကြိုးပစ်သွားတာ"

"ဘယ်လို"

"အင်မတန် ထူးဆန်းတာပဲ၊ ငါ့ကိုယ်ကိုတော့ မိုးကြိုးမပစ်ပါဘူး၊ သံကြိုးတွေကိုပဲ မိုးကြိုးပစ်သွားတာ၊ ငါလဲပစ်လဲကျသွားတာပဲ၊ ငါသတိရလို့ ကြည့်လိုက်တော့ ငါ့အနှောင်အဖွဲ့က လွတ်နေတာ တွေ့ရတာပဲ"

"ဟင်....ဟုတ်လား"

"မင်း မျက်မြင်ပဲလေ၊ ငါလွတ်မြောက်လို့ မင်းရဲ့အနှောင်အဖွဲ့တောင် ဖြေပြီးပြီ"

"အို....ဟုတ်ပါရဲ့၊ ကျွန်မလဲ အနှောင်အဖွဲ့ကလွတ်သွားပြီနော်"

"ဟုတ်တယ်၊ ငါတို့ပြေးကြမယ်၊ ဒီအချိန်မှာ ဘယ်ကန္တာရသားမှမရှိဘူး၊ သူတို့ ဒီလိုအချိန်မျိုးကို အင်မတန်ကြောက်တယ်၊ ခေါင်းမြီးခြုံ အိပ်နေကြပြီလား မသိဘူး၊ တော်ရုံတန်ရုံမိုးကိုတောင် သူတို့ကြောက်ကြတာပဲ၊ ဒီလိုမိုးမျိုးတော့ ပြောစရာမရှိတော့ဘူး"

"အို...."

တိန်စွန်ချန်သည် သူ၏လက်ကို ဆွဲ၍ပြေးရန် ဟန်ပြင်လေသည်။

"ဘယ်ကို ပြေးမှာလဲ"

စီလူရိန်၏အမေးကြောင့် တိန်စွန်ချန် ကြောင်အအ ဖြစ်သွားသည်။

"ဘယ်ကိုပြေးမှာလဲ၊ ဟုတ်လား"

တိန်စွန်ချန်က ပြန်မေးလေ၏။

"ငါ့အဖေနဲ့မင်းအဖေဟာ အပြင်မှာ စစ်တပ်ကြီးနဲ့ ဝိုင်းထားတယ်လေ၊ အဲဒီစစ်တပ်ကြီးဆီကို ပြေးရမှာပေါ့"

"မြို့ရိုးရှိတယ်၊ အစောင့်တွေရှိတယ်၊ ဘယ်လိုပြေးနိုင်မှာလဲ"

"ကြိုးရှိတယ်လေ၊ အခု မင်းကိုတုပ်နှောင်ထားတဲ့ ကြိုးကို ငါတို့ယူသွားကြမှာပေါ့၊ ဒီကြိုးကိုအသုံးပြုပြီး ငါတို့ မြို့ရိုးက လျှောဆင်းကြမှာပေါ့၊ အစောင့်ဆိုတာ တစ်ယောက်မှ ရှိမယ်မထင်ဘူး"

"ဒါပေမယ့် ကျွန်မတစ်ယောက်တည်းတော့ မပြေးနိုင်ဘူး"

"ဘာ .... မင်းတစ်ယောက်တည်း မပြေးလို့ ဘယ်နှစ်ယောက် ပြေးဦးမှာလဲ"

"သူလေ၊သူ့,သူရှိသေးတယ်၊သူ့ ကိုထားခဲ့လို့ မဖြစ်ဘူး"

တိန်စွန်ချန် တွေဝေနေသည်။



"လျော်ချန်းကို ပြောတာလား"

"ဟုတ်တယ်"

"သူက ကိုရန်သူပဲ"

တိန်စွန်ချန်မှာ နှုတ်မှတစ်လုံးချင်း ပြောမိလေ၏။

မှန်သည်။

ရန်သူအား အဘယ်ကဲ့သို့ ကယ်တင်နိုင်ပါမည်နည်း။

စီလူရိန်က ကြေကွဲစွာပြောသည်။

"ဒါပေမယ့် ကျွန်မယောကျ်ားလေ၊ ကျွန်မယောကျ်ား သူဟာ ကျွန်မအပေါ်မှာ စေတနာထားခဲ့တဲ့သူပါ"

သူမသည် တိန်စွန်ချန်အား တောင်းပန်သောအကြည့်ဖြင့် ကြည့်လေ၏။

တိန်စွန်ချန်မှာ မျက်နှာပေါ်မှစီးကျနေသော မိုးရေများကို လုံးဝမသပ်ချမိပေ။

အဝေးသို့သာ ကြည့်နေ၏။ လျော်ချန်းကိုသယ်ဖို့ အခက်အခဲကြီး ဖြစ်နေသည်။

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ရှင်သာမကယ်ရင်တော့ သူ သေမှာပဲ"

တိန်စွန်ချန်သည် ခေါင်းငိုက်စိုက်ကျသွားလေ၏။သူသည် စီလူရိန်၏ တောင်းပန်စကားကို လျစ်လျူမပြုနိုင်ပေ။

"ကောင်းပြီလေ"

သူတို့သည် ရေတွင်းပေါင်ပေါ်မှနေ၍ လျော်ချန်း၏ ခန္ဓာကိုယ်ကြီးအား ဆွဲတင်ရတော့၏။ တိန်စွန်ချန်က စီလူရိန်အား သတိပေး၏။

"သတိထားဦး၊ တော်ကြာရေတွင်းထဲပြုတ်ကျလို့ မင်းကို ပြန်ကယ်နေရဦးမယ်"

လျော်ချန်းအား ဆွဲတင်နေသည်မှာ အတော်ကြာသည်။ လျော်ချန်းမှာ ကန္တာရသားပီပီ ကိုယ်ခန္ဓာကြီးထွားကြံ့ခိုင်သဖြင့် သူတို့ အတော်ဆွဲတင်ယူကြရသည်။

အပေါ်သို့ရောက်သောအခါ ချည်နှောင်ထားသောကြိုးများကို ဖြေပေးကြသည်။

လျော်ချန်းက....

"မင်းတို့ ဘယ်လိုလွတ်လာကြသလဲ"

"ကျုပ်သံကြိုးကို မိုးကြိုးပစ်လို့"

"အို....ဘုရားကယ်တာပဲ"

လျော်ချန်းက ရေရွတ်လိုက်၏။

စီလူရိန်က....

"ကျွန်မကိုလဲ သူပဲကယ်တာပဲ၊ မိုးကြိုးပစ်တုန်းက ကျွန်မ သတိလစ်နေတော့ သူ့ကို မိုးကြိုးပစ်တာကို မမြင်လိုက်ဘူး"

တိန်စွန်ချန်က....



"ဘာရပ်နေတာလဲ၊ ကျုပ်တို့ ပြေးကြမယ်"

"ဟုတ်တယ်"

စီလူရိန်ကလည်း ထောက်ခံ၏။

ထိုစဉ်....

"ရန်သူ....ရန်သူတွေ ဝင်လာပြီ"

ကန္တာရသား စစ်သည်များ၏ အော်ဟစ်သံသည် မိုးသံလေသံကြားမှ ကြားလိုက်ရတော့သည်။

★

## အခန်း (၅၂)

### သူ့လမ်း ကိုယ့်လမ်း

"ရန်သူတွေဝင်လာပြီဆိုပါလား"

ဈော်ချန်းသည် ခေါင်းမော့ ကြည့်ရင်း ရေရွတ်လိုက်လေသည်။

တိန်စွန်ချန်နှင့် စီလူရိန်တို့မှာ တစ်ဦးကိုတစ်ဦး ကြည့်မိလိုက်သည်။

တိန်စွန်ချန်၏မျက်နှာမှာ ဝင်းပကြည်လင်သွားသည်။

သူ့ဖခင်၏ တပ်သားများ ဝင်ရောက်လာပြီ မဟုတ်ပါလား။



ဈော်ချန်းကမူ စိုးရိမ်ပူပန်သောမျက်နှာဖြင့် မြို့တံခါးဘက်ဆီသို့ လှမ်းကြည့်နေသည်။

"ကဲ....ကျုပ်ကတော့ မြို့တံခါးဘက်သွားရမယ်၊ ဟိုမှာ ရန်သူတွေ ဝင်လာပြီတဲ့"

ဈော်ချန်းက ပြောလိုက်သောအခါ စီလူရိန်က ကမန်းကတန်း တားဆီးလေ၏။

"အို....မသွားနဲ့....မသွားနဲ့"

"ဘာဖြစ်လို့မသွားရမှာလဲ၊ ဟိုမှာ ရန်သူတွေဝင်နေပြီ"

"ရှင်ဘယ်လိုလုပ်သွားလို့ဖြစ်မှာလဲ၊ ရှင့်ကိုသစ္စာဖောက်ဆိုပြီး ရေတွင်းထဲမှာကြိုးချည်ထားခဲ့တာ၊ သူတို့က ရှင့်ကိုသေအောင် လုပ်ထားပစ်ခဲ့တာ၊ အခု ရှင့်ကိုတွေ့ရင် ခွင့်လွှတ်မယ်ထင်သလား၊ သူတို့က ရှင့်ကို သတ်ကြလိမ့်မယ်"

စီလူရိန်က ဈော်ချန်း၏လက်ကို ဆွဲထားလေ၏။

ဈော်ချန်းက စီလူရိန်၏ လက်ကလေးကို ဆွဲဖယ်လိုက်သည်။

"သူတို့က ငါ့ကို မသတ်ပါဘူး"

"အို....ရှင်ဘယ်လိုလုပ်သိသလဲ"

"ဘယ်သတ်မလဲ၊ ငါက ကန္တာရသားတစ်ဦးပဲ၊ ငါ့မှာ ရန်သူတွေကို ခုခံဖို့တာဝန်ရှိတယ်၊ ကန္တာရသားတစ်ဦး

ဖြစ်တဲ့အတွက် သွေးထဲမှာ တာဝန်ရှိနေတယ်၊ ဒါကိုလဲ တခြား ကန္တာရသားတွေက သိကြပါတယ်"

"ဟင့်အင်း.... ကျွန်မတော့ မထင်ဘူး၊ ဝါတန်းစုဟာ ရှင့်ကို မုန်းနေတာ၊ ရှင့်ကိုသတ်ဖို့ အမိန့်ပေးလိမ့်မယ်"

"ငါ့ကို ဘယ်သူမှ မသတ်နိုင်ပါဘူး၊ သတ်နိုင်တာက ရန်သူတွေပဲရှိလိမ့်မယ်၊ ဒါကြောင့် ငါ ရန်သူတွေကို တိုက်ရမယ် စီလူရိန်"

လျော်ချန်းသည် ဖြည်းညင်းစွာ ပြောပြပြီး သူမ၏ လက်ကလေးကို ညင်သာစွာ ဖယ်လိုက်၏။

"ရှင့်ကို သူတို့ သတ်လိမ့်မယ်၊ ဟင့်-ဟင့်-ဟင့်"

"ငါသွားပါရစေ စီလူရိန်ရယ်၊ ငါဟာ ကန္တာရ ဓားသမား တစ်ယောက်ပါ၊ ကန္တာရဓားသမားတစ်ယောက်ဟာ တိုက်ပွဲကိုပဲ အမြဲမျှော်လင့်တယ်၊ သူ့ဓားကို အလကား သံချေးတက်မခံဘူး၊ တိုက်ပွဲဟာ သူ့ရဲ့အသက်ပဲ၊ ဒီတော့ ငါဟာ ကိုယ့်အန္တရာယ်မရအောင်ဆိုပြီး ဒီတိုက်ပွဲကို ဥပေက္ခာမပြုနိုင်ပါဘူး၊ သူတို့သတ်လို့ သေကောင်းသေမယ်၊ ဒါပေမယ့် အလကားတော့ မသေဘူး၊ တိုက်ပြီးမှ သေရလိမ့်မယ်"

လျော်ချန်းသည် ရှင်းပြနေ၏။

လျော်ချန်းသည် စီလူရိန်၏ဆံပင်များကို ပွတ်သပ်ပေးသည်။



ထို့နောက် သူသည် မိုးရေထဲ ထွက်သွားလေ၏။

စီလူရိန်မှာ လိုက်ဆွဲသည်။

တိန်စွန်ချန်မှာ မနေသာတော့သဖြင့် စီလူရိန်အား လှမ်းဆွဲထားရလေတော့သည်။

"သူသွားချင်တာသွားပါစေ စီလူရိန်ရယ်၊ သူလဲ သဲကန္တာရသားတစ်ဦးပဲ၊ သူတို့ချင်းတော့ သိကြမှာပေါ့၊ ငါ့စိတ်ထင် သူတို့ချင်းတော့ သတ်ကြမယ် မထင်ပါဘူး၊ သူတို့ရင်ဆိုင်ရမယ့် ရန်သူတွေက ရောက်လာပြီမဟုတ်လား"

"သူကသာ သူတို့အတွက် ကာကွယ်ချင်နေတာပါ၊ သူတို့ကတော့ သူ့ကို သတ်ချင်နေကြတာ"

စီလူရိန်က ထိုသို့ရှင်းပြနေစဉ် လျော်ချန်းကား ရန်သူများအားတိုက်ခိုက်ရန် မိုးရေထဲ ထွက်ခွာသွားပေပြီ။

စီလူရိန်မှာ ငိုကြွေးနေရှာလေပြီ။

ဘားမရသူကလည်း ထွက်သွားလေပြီ။

အတန်ကြာမှတိန်စွန်ချန်သည် သူ၏ပခုံးလေးကို ညင်သာစွာ ဖက်ပြီး ဆွဲခေါ်သည်။

"ကဲ....တို့လဲ ဒီလိုရပ်နေလို့မဖြစ်သေးဘူး၊ ကန္တာရသားတွေ ငါတို့ကို အတွင်းရန်သူတွေလို့ သတ်မှတ်ထားတာ၊ တွေ့ရာသချိုင်း ဓားမဆိုင်း သတ်ကြမှာ၊ ကန္တာရသား အုပ်

စုနဲ့ တွေ့ရင် ငါလဲ ခုခံနိုင်မှာ မဟုတ်ဘူး၊ ငါတို့ သွားကြမယ်၊ ဒီကောင်တွေကိုရှောင်ထားမှ"

"ဘယ်ကိုသွားမှာလဲဟင်"

"ဟ....ငါတို့တပ်တွေရှိတဲ့နေရာကို သွားရမှာပေါ့၊ မြို့တံခါးက တပ်တွေဝင်နေကြပြီလေ၊ အဲဒီတပ်တွေဆီ ပြေးရမှာပေါ့"

"ဟင့်အင်း၊ အဲဒီဘက်ကို မပြေးချင်ဘူး"

"ဟ....ဘာဖြစ်လို့မပြေးချင်ရတာလဲ"

"အဲဒီနေရာမှာ ကန္တာရသားတွေ အများကြီး ရောက်နေမှာပေါ့၊ သူတို့က ရင်ဆိုင်တိုက်ခိုက်ဖို့ ပြေးသွားတာပဲဥစ္စာ"

"ဒါဖြင့် ဘယ်သွားကြမလဲ"

"စံတော်အိမ်ကို"

"ဟာ....မင်းအယူအဆတွေ မှားနေပြီ၊ အဲဒီမှာ ကန္တာရသားတွေ ရှိနေမှာပေါ့"

"ခုလောက်ဆို မရှိတော့ပါဘူး"

"သေချာလို့ချည်လား"

"ဟုတ်တယ် သေချာတယ်လေ၊ သူတို့က ကန္တာရသားတွေပဲ၊ အမြဲတမ်း တိုက်ပွဲခေါ်သံပဲ နားစွင့်နေကြတာ၊



တော်ရုံတန်ရုံတိုက်ပွဲဖြစ်ရင်တောင် စံ တော် အိမ် နား မှာ ဘယ်ကန္တာရသားမှ မနေကြတော့ဘူး"

တိန်စွန်ချန်သည် ခေါင်းညိတ်နေ၏၊ စီလူရိန်က ဆက်ပြောသည်။

"နောက်ပြီး ဒီနေရာက ကျွန်မတို့လွတ်သွားတယ်ဆိုတာ သိရင် သူတို့လိုက်ရှာကြမှာပဲ၊ မြို့ထဲမှာပဲ ရှိမယ်ဆိုတာ သူတို့တွေးနိုင်ကြမှာပါ၊ တစ်နေရာမဟုတ်တစ်နေရာ လိုက်ရှာရင် ကျွန်မတို့ကိုတွေ့သွားနိုင်တယ်၊ စံတော်အိမ်ဆိုတာ သူတို့ မထင်မှတ်တဲ့နေရာပဲ၊ ခုလိုမိုးရွာနေတော့ ပိုတောင်ကောင်းသေး၊ စံတော်အိမ်ထဲကိုဝင်ရတာ အန္တရာယ်မရှိနိုင်ဘူး၊ ဒါကြောင့် စံတော်အိမ်ကိုပြန်ခိုချင်တာ"

"ဒီလိုဆိုရင်လဲ သွားကြတာပေါ့"

ဤသို့ဖြင့် တိန်စွန်ချန်နှင့် စီလူရိန်တို့သည် မိုးသည်းထဲ၌ ခပ်သုတ်သုတ်လျှောက်လာကြလေ၏။

"ဟော....မြင်းခွာသံတွေကြားရတယ်"

* * *

တိန်စွန်ချန်သည် သိုင်းပညာ အတော်အတန် ပေါက်မြောက်သူဖြစ်၍ နားပါးသည်။ ကန္တာရသားများဖြစ်သည်ကို တိန်စွန်ချန် နားလည်ပြီးဖြစ်သည်။ ထို့ကြောင့် သူသည် စီလူရိန်ကို လမ်းဘေးသစ်ပင်များအကွယ်သို့ ဆွဲပြေးလေသည်။

စီလူရိန်မှာ ဒရောသောပါး ပါသွားသည်။

"ကန္တာရတပ်သားတွေလားဟင်"

စီလူရိန်က ပြေးရင်းမေးသည်။

"ဟုတ်တယ်၊ဒီကောင်တွေမှ မြင်းစီးနိုင်တာပဲ၊ ဒီဟန်ဝမ်မြို့ထဲက မြင်းအားလုံးကို ဒီကောင်တွေ သိမ်းထားတာ"

တိန်စွန်ချန်နှင့် စီလူရိန်တို့သည် သစ်ပင်များအကွယ်၌ ပုနေကြသည်။ မိုးမှာ လွန်စွာသည်းထန်သဖြင့် ကန္တာရသားများသည် ဘေးဘီကို ဂရုမစိုက်နိုင်ပေ၊ ရှေ့သို့ တရကြမ်း စိုင်းနှင်သွားကြသည်။

"အဲဒီကန္တာရသားတွေဟာ စံတော်အိမ်က အစောင့်တွေပဲဖြစ်မယ်"

စီလူရိန်ကပြောသည်။ တိန်စွန်ချန်နှင့် စီလူရိန်တို့သည် စံတော်အိမ်ဆီသို့ ခပ်သုတ်သုတ်ပြေးလာပြန်၏၊ လမ်းခရီး၌ မည်သည့်ကန္တာရသားမျှ မတွေ့တော့ချေ။



မကြာမီ သူတို့ နှစ်ယောက်သည် စံတော်အိမ်ဆီသို့ ရောက်လာကြ၏။

"နေဦး၊ အရမ်းမဝင်နဲ့၊ငါကြည့်ဦးမယ်"

တိန်စွန်ချန်သည် ခြံစည်းရိုးကပေါ့ပါးစွာခုန်ဝင်သွားပြီး သူခိုးတစ်ယောက်နှယ် ယိုက်လံကြည့်ရှုလေ၏။ စီလူရိန်ပြောသည့်အတိုင်းပင်ဖြစ်သည်။ မည်သည့်ကန္တာရသားမျှ ရှိမနေတော့ချေ။

★

## အခန်း (၅၃)

### နောက်ဆုံး တိုက်ပွဲခေါ

ကျောင်ကျွမ်း မြို့စားကြီး၏ ရဲမက်တော်များနှင့် ဟန်ဝမ် မြို့စားကြီး၏ ရဲမက်တော်များသည် မြို့ရိုးအခြေနှင့် မြို့တံခါးဝသို့ အောင်မြင်စွာ ချဉ်းကပ်လာနိုင်ကြသည်။

သူတို့ ချဉ်းကပ်လာချိန်မှာ ကောင်းကင်တစ်ခုလုံး မည်းမှောင်ကာ ကောင်းကင်တစ်ခုလုံးမှ မိုးသည်းထန်စွာ ရွာသွန်းချနေသဖြင့် မည်သူမျှလည်း သူတို့ကို ကြည့်မနေနိုင်ကြချေ။

ကျောင်ကျွမ်းနှင့် ဟန်ဝမ် စစ်သည်တော်များ လက်တွဲ၍ မြို့ရိုးအခြေသို့ ချဉ်းကပ်ခဲ့ကြရသည်။



လက်မတွဲလျှင် ခြေလှမ်းပေါ်းလှမ်း အကွာမှလူကို သဲသဲကွဲကွဲ မမြင်ကြ၍ ဖြစ်လေသည်။

သစ်လုံးသမားများကလည်း မြို့တံခါးရှေ့သို့ အောင်မြင်စွာ ရောက်ရှိလာကြသည်။

မြို့ရိုးအထက်နှင့် မြို့တံခါးဝမှ မည်သည့်အသံဗလံကိုမျှ မကြားရချေ။

မိုးသံလေသံသာ တဝုန်းဝုန်းနှင့် ကြားနေရသည်။

သူတို့ ပထမ စီစဉ်ထားစဉ်က လှေကား ထောင်တက်သည်နှင့် တစ်ပြိုင်နက် မြို့တံခါးကို သစ်လုံးနှင့် တိုက်ဖွင့်ရန် ဖြစ်သည်။

သို့သော်....

တကယ်တမ်း တိုက်သောအခါ လှေကား ထောင်တက်မည့် တပ်ဖိုလ်များနှင့် သစ်လုံးနှင့်တိုက်မည့် တပ်ဖိုလ်များ ညှိနှိုင်းကြသည်။

သူတို့ လှေကားထောင်၍တက်မည်။

ထိုအခါ တံခါးကို သစ်လုံးနှင့်တိုက်၍ မဖွင့်ကြနှင့်ဦး၊ သူတို့ကို တိုက်ခိုက်သူများ မရှိပါက မြို့တံခါးကို အတွင်းမှ ဖွင့်ပေးမည်ဟု ညှိနှိုင်းကြခြင်း ဖြစ်သည်။

"ကောင်းပြီ၊ ကျုပ်တို့ သစ်လုံးတွေနဲ့ မတိုက်သေးဘူး၊ ခင်ဗျားတို့ အဖွင့်ကို စောင့်မယ်"

သစ်လုံးတပ်ဗိုလ်က ပြောလိုက်၏။

ထိုအခါ ကျင်ကျွမ်းစစ်သည်များသည် လှေကားများကို ထောင်ကာ မိုးသည်းသည်း၌ တွယ်တက်ကြလေတော့သည်။

သူတို့သည် တထိတ်ထိတ်နှင့် တွယ်တက်ကြရခြင်းဖြစ်၏။ ချော်ရည်ပူများ လောင်းချ လာလေမလား၊ ရေနွေးပူများ လောင်းချလာလေမလား၊ ကျောက်တုံးကျောက်ခဲများ ကျလာလေမလား ဟူ၍ တထိတ်ထိတ်ဖြင့် တွယ်တက်ကြရခြင်း ဖြစ်သည်။

သူတို့ မြို့ရိုးပေါ်သို့သာ ရောက်သွားကြသည်။

မည်သည့် ချော်ရည်ပူ မျှမလာ၊ မည်သည့် ရေနွေးပူမျှ မလာ၊ မည်သည့်ကျောက်တုံးမျှ မလာဘဲ ဖြစ်နေသည်။

မြို့ရိုးစောင့် ကန္တာရသားများသည်လည်း တစ်ဦးမှ မရှိဘဲ ဖြစ်နေသည်။

ဖြစ်ပုံမှာ မြို့ရိုးစောင့် ကန္တာရသားများမှာ မြို့တံခါးစောင့်များနှင့် ရောနှောကာ သွားအိပ်နေကြခြင်းဖြစ်တော့သည်။

သူတို့သည် ဤသို့သည်းထန်စွာ ရွာသွန်းသော မိုးကို မမြင်ဖူးကြချေ။

ကြောက်ရွံ့ကြ၏။

သူတို့အားလုံး ကွေး၍ အိပ်နေကြသည်။



မြို့ရိုးကို စီးမိကြသော ကျင်ကျွမ်း စစ်သည်များမှာ မြို့တံခါးအောက်၌ အိပ်နေကြသော ကန္တာရသား များကို အပြင်းအထန် ထိုးနှက် တိုက်ခိုက်ကြလေသည်။

မိုးအေးအေးနှင့်အိပ်နေမိကြသော ကန္တာရသားများမှာ အားလုံးလိုလို ကျင်ကျွမ်း စစ်သည်များ၏ ထိုးနှက်တိုက်ခိုက်ခြင်းကို ခံကြရရှာသည်။

အားလုံးနီးပါး သေဆုံးကြသည်။

ကန္တာရသားများမှာ မိုးဒဏ် လေဒဏ်ကြောင့် လည်းကောင်း၊ အချင်းချင်း ပြိုကွဲသွားသည့် ဒဏ်ကြောင့် လည်းကောင်း ဤသို့ အသတ်ဖြတ် ခံရခြင်းဖြစ်သည်။

ကျင်ကျွမ်း စစ်သည်များကို ပထမ အကြိမ်နှင့် ဒုတိယ အကြိမ်ကကဲ့သို့ တိုက်ခိုက် မဖြိုခွဲနိုင်တော့ပေ။

မိုးလေနှင့် လျှပ်စီးများကလည်း ကျင်ကျွမ်းနှင့် ဟန်ဝမ် စစ်သည်များကို အကာအကွယ်ပေးသလို ဖြစ်နေသည်။

အကူအညီပေးသလို ဖြစ်နေသည်။

ကျင်ကျွမ်းစစ်သည်များသည် မြို့တံခါးစောင့်နှင့် မြို့ရိုးစောင့် ကန္တာရသားများကို သတ်ဖြတ် ပြီးသောအခါ မြို့တံခါးကို ဖွင့်ပေးလိုက်ကြ၏။

မြို့တံခါးကို သစ်လုံးနှင့် မတိုက်ရတော့ချေ။

ကျင်ကျွမ်း စစ်သည်များနှင့် ဟန်ဝမ် စစ်သည်များသည် အလုံးအရင်းနှင့် မြို့တွင်းသို့ ဝင်နိုင်ကြသည်။

မြို့ပြင်ပမှ စစ်သည်များမှာ အလုံးအရင်းနှင့် ဝင်ရောက်လာသဖြင့် နည်းနည်းနှင့် ကျဲကျဲဝိုင်းထားရသော ကန္တာရသားများမှာ မခုခံနိုင်ကြတော့ပေ။

မိုးသည်းထန်စွာ ရွာနေခြင်းကလည်း ကန္တာရသားများ ချက်ချင်း စုရုံးရန် အခက်အခဲ ဖြစ်စေပါစေသည်။

မိုးသံလေသံကို ထွင်းဖောက် အော်ဟစ်ရန် မည်သည့်လူသားမျှ မစွမ်းနိုင်ပေ။

ကန္တာရ စစ်သည်များမှာ အစွမ်းအစ ရှိပါသော်လည်း တစ်ယောက်နှင့် လေးယောက်မျှ တိုက်ကြရသဖြင့် နောက်ဆုံး သေဆုံးကြရသည်။

ဝါတန်းစု၏ လေးသည်တော်အုပ်စုမှာ မှောင်ကြီး မည်းကြီး၌ သူတို့၏ လေးမြှားကို မည်သို့မျှ အသုံး မချနိုင်တော့ပေ။

လေးငါး ခယ်လှမ်းမျှသာ လူလုံးကွဲမြင်နိုင်သဖြင့် လေးမြှားကို မည်ကဲ့သို့ အသုံး ချနိုင်ပါအံ့နည်း။

ကျင်ကျွမ်းစစ်သည်နှင့် ဟန်ဝမ်စစ်သည်များကား မည်းမည်းမြင်သမျှ လိုက်လံ ထိုးခုတ်ကြ၏။

ကန္တာရသားများမှာ ဖိလာသည့် အင်အားကို မခုခံနိုင်ချေ။ တဆုတ်တည်း ဆုတ်ပေးနေရသည်။

ထိုအချိန်တွင်....

လျော်ချန်းသည် မြို့ထိပ်သို့ ရောက်ရှိလာလေပြီ။



နေရာတိုင်းတွင် ကန္တာရ စစ်သည်များ အရှုံးပေး နေရသည်ကို တွေ့ရသည်။

လျော်ချန်းကို တွေ့လိုက်ရသောအခါ ဝါတန်းစုသည် အလွန်အံ့သြသွား၏။

အဘယ်ကြောင့်ဆိုသော်....

သူသည် ကန္တာရသားတစ်ဦးအား လျော်ချန်းကို ရေတွင်းမှဆယ်ပြီး ခေါ်ခဲ့ရန် အမိန့်ပေးလိုက်သည်မှာ မကြာသေးသောကြောင့်ဖြစ်သည်။

ထိုမျှ အချိန်တိုကလေးအတွင်း ကန္တာရတပ်သားများမှာ လျော်ချန်းအား လုံးဝခေါ်နိုင်ခဲ့မည်မဟုတ်ချေ။

သည့်လိုတိုက်ပွဲတွင် လျော်ချန်းသည် မည်မျှအစွမ်းထက်သည်ကို ဝါတန်းစု သိသည်။

လျော်ချန်းတစ်ယောက်တည်းသည် ကန္တာရစားသမားဆယ်ယောက်မျှနှင့် ညီမျှအောင် တိုက်ခိုက်နိုင်စွမ်းရှိသည်။

"မြို့စားကို ခုပဲ ကျုပ် အခေါ်ခိုင်းလိုက်တယ်၊ ကျုပ် လွှတ်လိုက်တဲ့တပ်သားနဲ့ မြို့စား မတွေ့ဘူးနဲ့ တူတယ်"

ဝါတန်းစုသည် အခေါ်အဝေါ်ပြောင်းသွားပြန်သည်။

လျော်ချန်းက....

"ကျုပ်တာသာ ကျုပ် လာခဲ့တာပဲ"

ဝါတန်းစုသည် သူ့အမှားကို ဝန်ခံလေ၏။

"ကျုပ် မှားပါတယ်၊ ခွင့်လွှတ်ပါ၊ ဟျော်ချန်းဟာ ကန္တာရသားပီသပါပေတယ်"

သူတို့ ဤသို့စကားပြောနေစဉ် ကန္တာရသားများမှာ ဆက်တိုက်ခံနေရပေပြီ။

သူတို့သည် ကျင်ကျွမ်းနှင့် ဟန်ဝမ်စစ်သည်များကို လုံးဝ မလှန်နိုင်တော့ပေ။

ထိုစဉ်....

ကျင်ကျွမ်းစစ်သည်တစ်ဦး အမှောင်ထဲမှ ဘွားခနဲ ထွက်ပေါ်လာလေ၏။

သူသည် ဝါတန်းစုကို နောက်မှဝင်ပိုင်းသည်။

"နောက်မှာ ရန်သူ"

ဟျော်ချန်းသည် အော်ဟစ်သတိပေးလိုက်ပြီး လူကလည်း လွှားခနဲခုန်ကာ ကျင်ကျွမ်းစစ်သည်၏လက်ကို မိမိရရဖမ်းဆွဲပြီး လိမ်ချိုးလိုက်၏။

"ကျွတ်....ကျွတ်"

"အား"

"အား"

ရန်သူမှာ ကျိုးသွားသောလက်ကိုကိုင်ပြီး ညည်းညူနေရှာ၏။

ဝါတန်းစုကမူ လက်ကျိုးသွားသော စစ်သည်၏ရင်ဝသို့ ဓားကို ထိုးသွင်းလိုက်၏။



"အား"

ကျင်ကျွမ်းစစ်သည်တော်မှာ နေရာတွင်ပင် သေဆုံးသွားလေသည်။

အဖြစ်အပျက်၏တရားခံမှာ ဝါတန်းစုပင်ဖြစ်သည်။

ဝါတန်းစုသည် ဤရက်များအတွင်း ဟျော်ချန်းတို့ဇနီးမောင်နှံကိုသာ အပြစ်ပေးရန် စိတ်ဘူးနေသည်။

ခေါင်းထဲတွင် ပြင်ပမှရန်သူများမှာ ပျောက်နေသည်။

ရန်သူများကလည်း ငြိမ်သက်နေကြသည် မဟုတ်ပါလား။

သူသည် မြို့ရိုးများကို မစစ်ဆေးခဲ့ပေ။ မြို့ရိုးပေါ်မှ စစ်သည်များကိုလည်း မစစ်ဆေးခဲ့ပေ။

ထိုအချက်ကပင် ရန်သူတို့ရရှိသွားသော အခွင့်အရေးတစ်ရပ်ဖြစ်နေသည်။

သူ၏ လေးသည်တော်တပ်၊ ချော်ပူလောင်းတပ်၊ ရေနွေးပူလောင်းတပ်၊ ကျောက်တုံးကျောယ်ခဲပစ်တပ်များမှာလည်း မိုးသည်းထန်စွာရွာနေသဖြင့် သူ့တာဝန်နှင့်သူ မယူနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ဤတပ်များကို စစ်ဆေးကြီးကြပ်သူမှာလည်း ဝါတန်းစုပင်။

ဤတပ်များ၏ ချွတ်ယွင်းမှု လစ်ဟာမှုကြောင့် ရန်သူစစ်သည်များ မြို့ကိုစီးမိခြင်းဖြစ်သည်။

ဝါတန်းစုမှာ တာဝန်အရှိဆုံး မဟုတ်ပါလား။

ဟန်ဝမ်တစ်မြို့လုံး၌ရှိသောကန္တာရတပ်သားတို့မှာ တစ်ရာကျော်ခန့်သာရှိသည်။

ယခုကဲ့သို့ တစ်ဖက်မှ အလုံးအရင်းနှင့်ဖိတိုက်သောအခါ မခုခံနိုင်တော့ချေ။

လျော်ချန်းနှင့် ဝါတန်းစုအပါအဝင် မြို့ထိပ်၌ခုခံနေကြသော ကန္တာရသားတို့မှာ စုစုပေါင်း လေးဆယ်ခန့်သာရှိသည်။

ကျင်ကျွမ်းနှင့် ဟန်စမ်စစ်သည်များမှာ စုစုပေါင်း လေးရာခန့်ရှိသည်။

အင်အားက အလွန်ကွာခြားလှသည်။

ကန္တာရသားများအဖို့ ဤပွဲတွင် အောင်ပန်းဆင်နိုင်ရန် အလွန်ခဲယဉ်းသွားပေပြီ။

ကန္တာရဓားသမားများမှာ ကံအတော်ဆိုးလှ၏။

သူတို့လူများ ပြုတ်ပြုတ်ပြုန်းကုန်တော့မှ မိုးလည်း စဲသွား၏။

အလွန်သည်းထန်စွာ ရွာသွန်းနေသောမိုးသည် ဖွဲဖွဲသာ ရွာတော့၏။

အမှောင်ထုကတော့ ကြီးစိုးမြဲပင်။

"ဝှီး....ဝှီး...ဝှီး"

အမှောင်ထဲမှ ဓားငွေ့သံကြားလိုက်ရသဖြင့် လျော်ချန်းနှင့် ဘိုးသက်ပြင်းတို့ အမှောင်ထဲသို့ လှမ်းကြည့်လိုက်သည်။ အမှောင်ထဲမှ ထွက်ပေါ်လာသူကား ဟန်ဝမ်မြို့စားစီတန်ကုံး ဖြစ်နေလေ၏။



စီတန်ကုံးသည် လျော်ချန်းမှန်းသိသည်နှင့် တရကြမ်း ဝင်တိုက်တော့သည်။

လျော်ချန်းသည် ဓားနှင့်ကာဆီးရင်း....

"ခင်ဗျားကို ကျုပ် မတိုက်ချင်ဘူး၊ ခင်ဗျား ကျုပ်ကို ရှောင်ပါ"

"ငါက မင်းကို တိုက်ချင်သကွ"

စီတန်ကုံးသည် အတင်းဝင်ရောက် ထိုးခုတ်လေ၏။

လျော်ချန်းသည် စီတန်ကုံးကို လုံးဝမတိုက်ခိုက်ပေ။ ရှောင်တိမ်းခုခံရုံသာ ရှောင်တိမ်းခုခံသည်။

★

## အခန်း (၅၄)

### သစ္စာရှိသူ ကျဆုံးခန်း

ဘိုးသက်ပြင်းက....

"တဲ...ဖယ်ပေးစမ်း လျော်ချန်း၊ မင်းက ယောက္ခမ ဖြစ်နေတဲ့အတွက် မတိုက်ပေမယ့် မင်းယောက္ခမကတော့ မတိုက်ဘဲနေမှာမဟုတ်ဘူး၊ တိုက်နေမှာပဲ၊ မင်းအစား ငါ ဝင်တိုက်မယ်၊ ဒါမှ ပွဲက လက်ညီသွားမှာ"

လျော်ချန်းသည် သူ့ကြောင့် စီလူရိန်၏ဖခင် အသက် မဆုံးရှုံးစေချင်ပေ။

စီတန်ကုံး၏အသက် ဆုံးရှုံးသွားလျှင် စီလူရိန်က ပြော၍ ဆုံးတော့မည်မဟုတ်ချေ။



ထို့ကြောင့် သူ့အနေနှင့် လက်ရှောင်လိုခြင်း ဖြစ်သည်။

ဤသည်ကို ဘိုးသက်ပြင်းက ရိပ်မိလေသည်။

ဒါကြောင့် သူက လျော်ချန်းအစား အစားထိုး ဝင်ရောက်ခြင်း ဖြစ်၏။

ဘိုးသက်ပြင်းက....

"သမက်က ညှာတာကို ညှာမှန်းမသိတဲ့ ယောက္ခမကို ကျုပ်တိုက်မယ်၊ လာစမ်း"

ဝါးရေနားရေမျှား ကွန့်နေသည့် အဘိုးကြီးတစ်ဦးက သူ့အား ဤသို့ ပြောရဝံ့ပါမည်လောဟု စီတန်ကုံး ဒေါသဖြစ်သွားလေသည်။

"လူကတော့သေခါနီးနေပြီ၊ လူငယ်တွေကြားထဲ ဝင်ပါချင်နေတဲ့ အဘိုးကြီး သေပန်းပွင့်ချင်နေပြီ သေချင်တဲ့အဘိုးကြီးကို ကျုပ်သတ်ပေးမယ်၊ တဲ-တဲ၊ တဲ....လာ"

"အေး...ငါတလဲ ဒီပုံမျိုးကြိုက်တာ၊ လာစမ်းပါသေး၊ တစ်ပွဲတစ်လမ်း အကဲစမ်းကြည့်ရတာပေါ့"

ဘိုးသက်ပြင်း ဝါးတန်းစုကြ ဓားချက်နှစ်ချက် ထုတ်လိုက်သည်။

"ရွမ်း....ရွမ်း"

"ဝှီး....ဝှီး"

စီတန်ကုံးသည် ခုတ်ဟန်ပြပြီး ဝင်ထိုးလိုက်၏။

ဓားသွားသည် လေကိုခွဲပြီး ဝင်သွားသည်။

သို့သော်...

ဝါတန်းစုကို ဤသို့ စမ်း၍ မရချေ။

ဝါတန်းစုသည် ထိုဓားကို ရိုက်ဖယ်ပစ်လိုက်လေ၏။

"အောင်မယ်....သေချင်နေတဲ့ အဘိုးကြီးက အလာကြီးပါလား၊ တိုက်ပုံခိုက်ပုံကလဲ မဆိုးပါလား"

"ဟား....ဟား....ဟား.... ကန္တာရသားတွေကို အထင်မသေးနဲ့၊ ကလေးကအစ အဘိုးကြီးအဆုံး အကုန်လုံး ဓားရေး ကျွမ်းတယ်ကွ"

"အေးလေ....အဲဒီဓားရေးကျွမ်းမှုဟာ ကိုယ့်အသက်ကို ခုခံကာကွယ်နိုင်လောက်အောင် ရှိရဲ့လားလို့တော့ ကျုပ်ဆန်းစစ်ကြည့်ဦးမယ်"

"ဟား....ဟား....ဟား.... ဆန်းစစ်ရင်းနဲ့ အသက် သေသွားတဲ့ လူတွေကို ကျုပ်တစ်ပုံကြီးတွေ့ဖူးတယ်၊ ခင်ဗျားလဲကြုံးစားပေတော့"

"အောင်မယ်.... သေချင်စော်နံနေတဲ့ အဘိုးကြီးကမျာ်း, ဒါလောက်တောင် အာကျယ်တဲ့ အဘိုးကြီး သေပေတော့"



မြို့စားကြီးစီတန်ကုံးသည် ပြင်းထန်စွာ ထိုးနှက်တိုက်ခိုက်သည်။

ဟန်ဝမ်မြို့စားကြီးမှာ သိုင်းပညာရှင်တစ်ယောက်ဖြစ်ရာ ဝါတန်းစုအဖို့ မည်သို့မျှလွယ်လွယ်ကူကူအနိုင်ရဖို့အကြောင်း မရှိပေ။

သူသည်အရွယ်လွန်အဘိုးကြီးတစ်ဦးဖြစ်နေသည့်အတွက် မဟုတ်ပါလား။

သို့သော်....

အကြိတ်အနယ်တော့ ခုခံနိုင်သေးသည်။

လျော်ချန်းကမူ ဝါဘန်းစုအား ယုံကြည်စိတ်ချမှုအပြည့် ရှိသည်။

ဤအဘိုးကြီးသည် ဘိုးသက်ပြင်းဆိုသည့် နာမည်နှင့် လိုက်အောင် အသက်ပြင်းသည့် အဘိုးကြီးဖြစ်သည်ဟု သူ ယုံ၏။

ထို့ကြောင့် သူသည် အခြားရန်သူတစ်ဦးကို လှည့်၍ ရင်ဆိုင်လိုက်သည်။

"ဝှီး"

ဓားချက်တစ်ချက်သည် သူ့ဦးခေါင်းပေါ်သို့ လျှင်မြန်စွာ ကျလာလေ၏။

သူသည် ကိုယ်ကို တစောင်းလှည့်၍ ခေါင်းငုံ့ရှောင်တိမ်းမေးလိုက်ရသည်။

ဓားသည် မျက်နှာအနီးမှ ကပ်ထွက်သွားသည်။

ထိုဓားကား ကျောက်ဓားရှင်၏ ဓားပေတည်း။

ကျောက်ဓားရှင်သည် အလွန်အံ့ဩသွား၏။

သူသည် လျော်ချန်းကို ရေတွင်းထဲချထားသည်ကို သိရှိခဲ့သည်။ ယခု အပြင်၌ လူကိုယ်တိုင် တွေ့နေရပေပြီ။

"ဘာဖြစ်လို့အလစ်တိုက်ရတာလဲကျောက်ဓားရှင်ရယ်"

လျော်ချန်းက ပြောလိုက်၏။

ကျောက်ဓားရှင်မှာ ဒုက္ခရောက်သွားသည်။

ဤတိုက်ပွဲ၌ သူ ရင်မဆိုင်ချင်ဆုံးပုဂ္ဂိုလ်မှာ လျော်ချန်းပင် ဖြစ်သည်။

လျော်ချန်း၏ ဓားရေးကောင်းပုံကို သူ ရှေးယခင်ကပင်မြင်တွေ့ခဲ့သည် မဟုတ်ပါလော။

သူတို့အား ယိမင်များက အုပ်စုနှင့် တိုက်သည့် အခါကိုသူသတိရမိသည်။

သူနှင့်အတူ ထိုစဉ်က မြို့စားကြီး စီတန်ကုံးနှင့် ဓားနှစ်လက်တို့ ပါရှိကြသည်။



သူတို့ အခရေးနိမ့်လုဆဲဖြစ်သည့် လျော်ချန်းနှင့် ကန္တာရဓားသမားတစ်စု ရောက်ရှိလာပြီး သူတို့ကို ကူညီခဲ့သည်။

ထိုစဉ်ကတည်းက လျော်ချန်း၏ ဓားရေး ကျွမ်းကျင်ပုံကိုသိရှိခဲ့သည်။

သူ ကန္တာရဓားသမားကို ရင်မဆိုင်လိုခြင်းမှာ ဓားရေး၌ လျော်ချန်း ကျွမ်းကျင်သည်ကို သိရသည့်အတွက်ကြောင့် မဟုတ်ပေ။

သူ့၌ ရောဂါရှိနေသေးသည်။

ထို့ကြောင့် လျော်ချန်းကို ယှဉ်ပြိုင်နိုင်ရန် ခက်ခဲလှ၏။

သူ ထင်သည့်အတိုင်း လျော်ချန်း၏။ ကန္တာရ မုန်တိုင်းဓားကွက်က လွန်စွာလျင်မြန် ပြင်းထန်လှသည်။

ဓားချက်နှစ်ချက် လှုပ်ရှားမိသည့်အခါ၌ ကျောက်ဓားရှင်မှာ ပခုံးစွန်း၌ ဒဏ်ရာတစ်ချက် ရရှိသွားတော့သည်။

လျော်ချန်းသည် ကျောက်ဓားရှင်ကို မတွေ့ရတော့ပေ။ ကန္တာရတပ်သားများသည် ဘယ်ရောက်ကုန်ပြီလဲ။

သူသည် ကျောက်ဓားရှင်ကို အားစိုက် တိုက်ခိုက်တော့သည်။

"ဝှစ် ဝှစ်"
"အား...."

ကျော်ချန်း၏ခေါင်း၌ သွေးများစွန်းသွားသည်။

ကျောက်ခေါင်းရှင်မှာ ရောဂါသည်တဝဖြင့် အသက် ရှင်သန်ခွင့် မရတော့ချေ။

အသက်ဆုံးရှုံးသွားလေပြီ။

ခေါင်းနှစ်လက်သည် ကျောက်ခေါင်းရှင် ကျဆုံးသွားသည်ကို မြင်သည်နှင့် ကျော်ချန်းရှိရာသို့ ခုန်ဝင်လာလေ၏။

ခေါင်းနှစ်လက်သည် ကျော်ချန်းအား တရကြမ်း တိုက်ခိုက်တော့သည်။

ကျောက်ခေါင်းရှင်၏ သွေးသောက် ရဲဘော် မဟုတ်ပါလား။

ကျော်ချန်းသည် ခေါင်းနှစ်လက်ကို ပို၍ ဂရုစိုက်ခြင်း မရှိပေ။

ခေါင်းနှစ်လက်သည် ကျောက်ခေါင်းရှင်လောက်ပင် သိုင်းပညာ မထက်မြက်ချေ။

သို့သော်....

ကျောက်ခေါင်းရှင်နှင့် ခေါင်းနှစ်လက်တို့မှာ သေအတူ ရှင်မကွာ ရဲဘော်ရဲဘက်များ ဖြစ်ကြ၏။



ခေါင်းနှစ်လက်သည် အစွမ်းကုန် ခေါင်းပညာများကို ထုတ်သုံးသည်။

"ဝှစ်"

"အား"

သို့သော် ခေါင်းနှစ်လက်သည် ကျော်ချန်းအား မည်သို့မျှ မယှဉ်နိုင်ချေ။ နောက်ဆုံး ကျော်ချန်းလက်ချက်ဖြင့် သေဆုံးသွားရလေသည်။

ကျော်ချန်းသည် ခေါင်းနှစ်လက်၏ ကိုယ်ထဲမှ သူ၏ခေါင်းကို ဆတ်ခနဲ ဆွဲနုတ်လိုက်၏။

ခေါင်းနှစ်လက်၏ သေဆုံးနေသော ခန္ဓာကိုယ်ကြီးကို ခြေထောက်ဖြင့် ကန်ထုတ်ပစ်လိုက်ရသည်။

ကျောက်ခေါင်းရှင်နှင့်ခေါင်းနှစ်လက်တို့သည် ဟန်ဝမ်မြို့စားကြီး၏ လူယုံတော်လည်းဖြစ်၊ သက်တော်စောင့်များလည်း ဖြစ်ကြသည်။

သူတို့သည် ဟန်ဝမ်မြို့စားကြီးအပေါ် လွန်စွာ သစ္စာရှိကြသည်။

သစ္စာရှိသဖြင့် ဟန်ဝမ်နှင့် ကျင်ကျွမ်းတပ်များတို့၏ တုံ့ပြန်ရမည် နည်းကိုပင် အကြံပေးခဲ့ကြသေးသည် မဟုတ်ပါလား။

သူတို့၌ အနာစက်များပြည့်ပြီး ရောဂါရှိနေကြသည်။ ထိုရောဂါဖြင့် အသက်မထွက်ကြချေ။

လျှော်ချွန်း၏ ဓားချက်ဖြင့် အသက်ထွက်ကြရ၏။

မည်သို့ပင်ဖြစ်စေ ဟန်ဝမ် မြို့စားကြီး အတွက် လက်ဆောင်း နှစ်ဖက်ပြုတ်သည်ကတော့ အမှန်ပင် ဖြစ်ပေတော့လေ၏။

★

## အခန်း (၅၅)

### ဘိုးသက်ဖြင်း၏ နိဂုံး

"ဟေး-ဟေး-ဟေး...."

"ချီတက်ကြဟေ့....ချီတက်ကြ"

"ကန္တာရသားတွေ ပြေးပြီ....ပြေးပြီ"

အော်ဟစ်သံကြီးသည် မိုးသံ လေသံကို ထွင်းဖောက်ထွက်ပေါ်လာလေ၏။

ကျင်ကျွမ်းမြို့စားကြီးနှင့် သူ၏တပ်သားများသည် ထပ်မံဝင်ရောက်လာသည်။

မြို့ထဲ၌ ဟန်ဝမ်နှင့် ကျင်ကျွမ်း စစ်သည်တော်များသာ ပျံ့နှံ့နေတော့၏။

သူတို့သည် ရှိရှိသမျှသော ရဲမက်တော်များကိုစုစည်းပြီး မြို့တွင်း၌ အပြီးသတ် တိုက်ပွဲများ ဆင်နွှဲရန် ဝင်လာခြင်းဖြစ်သည်။

မိုးက စောစောကလို သဲကြီးမဲကြီး မရွာတော့ချေ။

ဖြိုးဖြိုးဖြောက်ဖြောက်သာ ရွာတော့သည်။ စောစောကလို ကန္တာရသားများ အော်ဟစ်သံနှင့် ကျင်ကျွမ်းစစ်သားများ အော်ဟစ်သံတို့ ဆူညံမနေတော့ချေ။

ကျင်ကျွမ်းစစ်သားများ၏ အော်သံကသာ မိုးလုံးဟိန်းနေသည်။

ဒဏ်ရာရသူများ၏ ညည်းညူသံများကလည်း ပေါ်ထွက်နေသည်။ တိုအနီးအနားတစ်ဝိုက်၌ မိုးရေများလည်း သွေးခြင်းခြင်းနီလျက် ရှိနေသည်။

လျော်ချန်းမှာ ကျောက်ခါးရှင်နှင့် ခါးနှစ်လက်အား သတ်ပြီး၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ နေရာတကာ၌ ကျင်ကျွမ်းစစ်သည်များနှင့် ဟန်ဝမ် စစ်သည်များကိုသာ တွေ့မြင်နေရသည်။

သူသည် ကန္တာရသားများ ရှုံးပြီကို သိလိုက်လေ၏။ သို့သော်....



သူ့ကိုယ်ထဲ၌ ကန္တာရသွေးသည် ကျန်ရှိ နေသေးသည်။ ထို့ကြောင့် သူသည် တိုက်ခိုက်ရပေဦးမည်။

သူသည် ကျင်ကျွမ်းစစ်သည်များနှင့်ဟန်ဝမ်စစ်သည်များကြားသို့ ခါးကိုဝှေ့ယမ်းပြီး ပြေးဝင်သွားသည်။

ထိုအခါ စစ်သည်များ၏ အီး, အား အော်ဟစ် သံသည် ဆူညံသွားလေသည်။

အချိန်ကြာလာသည်နှင့်အမျှ လျော်ချန်း၏လက်မှာ သွေးစေးများဖြင့် စေးထန်းလာသည်။

နောက်ဆုံး ခါးကိုပင် မမြှောက်နိုင်တော့ချေ။ သူ လက်အံသေလာပြီ။

သူ ထိုးခုတ်တိုက်ခိုက်နေသူ များကား မကုန်တော့ပေ။ တစ်ယောက်လဲကျသွားလျှင် နောက်တစ်ယောက် တက်လာနေသည်။ ရန်သူက များသည်ထက်များလာနေသည်။ လူအင်အားက မကုန်တော့သလို ဖြစ်နေသည်။

ထိုစဉ် လူတစ်ဦး ပြိုလဲကျလာသဖြင့် သူသည် ဆီး၍ပွေ့ဖက်လိုက်ရသည်။

ထိုသူကား....

ပြင်းထန်စွာ ဒဏ်ရာရရှိသဖြင့် ပြိုလဲကျလာသည့် ဝါတန်းစုပင်တည်း။

"ကျုပ်...ကျုပ်ကို ခွင့်လွှတ်ပါ ကန္တာရသူရဲကောင်းလျော်ချန်း"

"ကျုပ် ဘယ်သူ့ကိုမှ စိတ်မဆိုးပါဘူး ဘိုးသက်ပြင်း ရယ်"

"မဟုတ်ဘူး လျော်ချန်း၊ မဟုတ်ဘူး၊ ကျုပ်အထင် လွဲမှားမှုဟာ ကျုပ်တို့ကန္တာရသားတွေအတွက် နိဂုံးကမ္ပတ် အဆုံးသတ်စေခဲ့တာပဲ....

"ကျုပ်ဟာ မင်းတို့ဇနီးမောင်နှံကို အပြစ်ဒဏ်ပေးဖို့ပဲ စိတ်ကူးခဲ့တယ်၊ မြို့ရဲ့လုံခြုံရေးကို ဘာမှမကြည့်ရှု မကြီးကြပ် ခဲ့ဘူး၊ အဲဒီမှာ ရန်သူတွေ အခွင့်အရေး ရသွားတာပဲ"

"ဒီလိုလဲ ဟုတ်မယ်မထင်ပါဘူး၊ မိုးကြိုးလေကြိုးကျနေ တာကို အကာအကွယ်ယူပြီး ရန်သူတွေ ဖောက်ဝင်လာတာ လို့ ထင်ပါတယ်၊ ဘိုးသက်ပြင်း ဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့"

"မင်း ကျုပ် စိတ်သက်သာရာရအောင် မပြောပါနဲ့၊ အမှားဟာ အမှားပါပဲ၊ အမှန်မဟုတ်ပါဘူး၊ မင်းဟာ ကန္တာရသားတွေကို ဦးဆောင်ထူထောင်နိုင်တဲ့သူပါ၊မင်းမှာ ကန္တာရသားတွေကို ဆက်လက်ဦးဆောင်ဖို့ တာဝန်တွေရှိနေ ပါတယ်"

လျော်ချန်း မချိပြုံး ပြုံးလိုက်၏။

"ဘိုးသက်ပြင်း၊ ကန္တာရသားတွေဟာ အရှုံးကြီး ရှုံးခဲ့ ပါပြီ"

ကန္တာရသားများ ပြုတ်ပြုတ်ပြုန်းသွားသည်ကို မပြော လိုသဖြင့် အလိမ္မာဖက်၍ ပြောဆိုလိုက်ခြင်းဖြစ်ပါသည်။



ဝါတာန်းခုသည် မချိတရိပြုံးသည်။

"ကျုပ်သိပါတယ်၊ ကန္တာရသားတွေ ပြုတ်ပြုတ်ပြုန်း သွားပြီဟုတ်လား၊ အဲဒါ ကျုပ်အမှားကြောင့်....ကျုပ် အမှားကြောင့်"

"အဲဒီလိုလဲ ကိုယ့်စိတ်ကို မနှိပ်စက်ပါနဲ့လေ"

"ဒီမှာ လျော်ချန်း၊ လျော်ချန်းအနေနဲ့ ဒီမှာ အသေခံဖို့ အကြောင်း မရှိတော့ပါဘူး၊ ဒီတိုက်ပွဲက ပြေးထွက်သွားပါ တော့....

"ကန္တာရသူ့ရဲ့ကောင်းဟာ တစ်ဦးတည်းကျန်တဲ့ ကန္တာရ သားဖြစ်ပါလိမ့်မယ်၊ ကန္တာရသူ့ရဲ့ကောင်း ဒီကပြေးထွက် သွားခြင်းဟာ အညံ့ခံအရှုံးပေးခြင်း မဟုတ်ပါဘူး၊ ရှေ့နှစ် လှမ်းတိုးဖို့အတွက် နောက်ကို ခြေတစ်လှမ်းဆုတ်ခြင်းပဲ ဖြစ် ပါတယ်၊ ဒါဟာ အရှုံးမဟုတ်ပါဘူး၊ ခေတ္တအားယူခြင်း ပါ"

ဘိုးသက်ပြင်း ဝါတာန်းခုသည် မောပန်းသော်လည်း ဆက် လက်ပြောဆိုနေသည်။

သူ့နောက်ဆုံးအချိန်ကို သိဟန်တူသည်။

"ကျုပ်တိုက်မယ်၊ ကန္တာရသားအားလုံးအတွက် အသေ ခံတိုက်မယ်"

ဘိုးသက်ပြင်း ဝါတာန်းခုသည် အနည်းငယ်မှိန်းနေပြီးမှ....

"ကန္တာရသူ့ရဲ့ကောင်း၊ မင်း...မင်း ဒီမြို့က ပြေး....ပြေး ပေတော့၊ ငါ့ကို ခွင့်လွှတ်ပါ"

ဘိုးသက်ပြင်း ဝါတန်းစုသည် သည်တစ်ကြိမ်တွင်တော့ အသက်မပြင်းနိုင်တော့ပေ။

ကန္တာရသားပီသစွာ တိုက်ပွဲကျဆုံးသွားလေ၏။

လျော်ချန်းသည် စိတ်မကောင်းရုံမှအပ ဘာမျှမတတ်နိုင်တော့ပေ။

ဝါတန်းစုပြောသလို အမှားသည် ဖြစ်နိုင်၏။

မြို့၏လုံခြုံရေး စီမံကွပ်ကဲမှုအရပ်ရပ်ကို ဝါတန်းစုကို လွှဲအပ်ထားရာ ဝါတန်းစုအနေဖြင့်သာ မြို့လုံခြုံရေးကို ကြီးကြပ်ရမည်ဖြစ်သည်။

ယခု ရန်သူများ အတားအဆီးမရှိ ဒလဟောဝင်လာရာ ဝါတန်းစု၏ ချွတ်ယွင်းချက်ပင်ဖြစ်ပေမည်။

လျော်ချန်းသည် ဝါတန်းစု၏အလောင်းကို မြေပြင်သို့ ချလိုက်၏။

"ဘသက်ပြင်း....ဘသက်ပြင်းကို ခွင့်လွှတ်ပါတယ်၊ လူဆိုတာ အမှားရှိတတ်စမြဲပဲ၊ နောက်ပြီး ဘသက်ပြင်းမှာကြား ခဲ့တဲ့ အမျိုးကိုစောင့်ရှောက်ဖို့လဲ ကျုပ် တာဝန်ယူပါတယ်၊ အသက်နဲ့ကိုယ်ခန္ဓာ မြဲနေသရွေ့ ကျုပ်တို့ရဲ့ ကန္တာရသားတွေကို စောင့်ရှောက်ပါ့မယ်"

သူသည် ထရပ်ပြီး တီးတိုးပြောလိုက်လေ၏။



ထိုစဉ်....

မိုးရေထဲ၌ တခွပ်ခွပ်ပြေးလာသော မြင်းခွာသံများကို ကြားလိုက်ရလေ၏။

မြင်းတစ်စီးသည် လျော်ချန်းရှိရာသို့ အပြင်းစီးလာနေသည်။

လျော်ချန်း၏ပုံမှာ ကန္တာရသားမှန်း သိသာထင်ရှားလှ လေရာ သူ့ဆီသို့သာ ဦးတည်နှင်လာသည်။

"မင်းက တစ်ယောက်တည်း ဘာလုပ်နေတာလဲ၊ ကျင်ကျွမ်းတွေ ဟန်ပဝမ်တွေ ဘာလုပ်နေကြတာလဲ၊ ဒီမှာ ကန္တာရသားတစ်ယောက် ရပ်နေတာ မမြင်ဘူးလား၊ တော်ကဲ....ငါပဲ သုတ်သင်လိုက်တော့မယ်"

"ဗြိုး"

ထိုလူသည် မြင်းပေါ်မှ ဓားချက်တစ်ချက် ခုတ်လိုက်၏။ ဓားချက်ကို ငုံ့ရှောင်လိုက်ရာ ခေါင်းပေါ်မှ သိသိကလေး ကပ်လွဲသွား၏။

လျော်ချန်းသည် ဓားကိုရှောင်လိုက်သည်နှင့် တစ်ပြိုင်နက် မြင်းဇက်ကြိုးကိုလှမ်းဆွဲပြီး အပေါ်မှဓားသမားကို ဆွဲချလိုက်၏။

"အား"

ဓားသမားမှာ မြင်းပေါ်မှ လိမ့်ကျသွား၏။

ထိုလူကို လျော်ချန်းခုတ်ချလျှင် သေနိုင်သည်။

သို့သော်....

လျော်ချန်းသည် ထိုလူကို မည်သို့မျှ အန္တရာယ်မပေးချေ။ မြင်းကိုသာ အရယူသွားသည်။

မြင်းကိုစီးပြီး အပြင်သို့ ထွက်သွားလေတော့သည်။

မြင်းစီးသမားမှာ အံ့အားသင့်သွားလေ၏။ သူသည် ငေးမောရင်း ကျန်ရစ်ခဲ့သည်။

★

## အခန်း (၃၆)

### ရှုံးနိမ့်မှု

ကန္တာရသူရဲကောင်း လျော်ချန်းသည် စံတော်အိမ်ဆီသို့ ကို အပြင်းနှင်လေ၏၊ သူသည် ကန္တာရသားများကို တင်ဖို့ လမ်းမမြင်တော့ကြောင်း သိလိုက်ရလေ ယခုစံတော်အိမ်ဆီသို့ မြင်းကိုအပြင်းနှင်နေခြင်းမှာ စီလူ ကို ခေါ်ဆောင်ရန် ဖြစ်သည်။

မျက်လုံးထဲတွင် စီလူရိန်ကိုသာ မြင်ယောင်နေသည်။ တော်အိမ်၌ ရှိနေပြီဟုသာ အထင်ရှိသည်။ တကယ်တော့ ရောက်နေသည်ကို မသိပေ။

ဟန်ဝမ်မြို့၌ကန္တာရသားဟူ၍ သူတစ်ဦးတည်း ရှိတော့မည်ဟု ထင်သည်။ အခြားကန္တာရသားများကား အားလုံး သုတ်သင်ခံရတော့မည်ဟု ထင်နေသည်။

မှန်သည်။ တကယ်တော့ သူ့အထင်မှန်သည်။ ယခုအခါ ကျင်ကျွမ်းစစ်သည်တော်များနှင့် ဟန်ဝမ် စစ်သည်တော်များသည် ကန္တာရသားများကို ပိုက်စိပ်တိုက်၍ ရှာနေပြီ။

ကန္တာရသားများကို တွေ့ရာ သချိုင်း ဓားမဆိုင်း သုတ်သင်နေပေပြီ၊ သူသည် အတတ်နိုင်ဆုံး ကန္တာရသားများအတွက် အကာအကွယ်ပေးခဲ့ပြီး ဖြစ်သည်။

ထိုသို့ကာကွယ်ရန်အတွက် ချစ်သော ဇနီးသည်အား မျက်နှာလွှဲခဲ့သည်။

သူချစ်သောဇနီးသည် အတန်တန် တောင်းပန်နေသည့်ကြားမှကန္တာရသားများအတွက် ကာကွယ်ရန်ထွက်ခဲ့သည်။ ယခုကာကွယ်ခဲ့ပြီးဖြစ်သည်။ ကန္တာရသားများလည်း ပျက်စီးခဲ့ရပြီ။

ထို့ကြောင့် အရေးအကြီးဆုံး စီလူရိန်ကိုပြန်တွေ့လိုခြင်းဖြစ်၏၊ ဇနီးသည်ကိုခေါ်ပြီး ကန္တာရဒေသသို့ ထက် ပွက် ထွက်ပြေးရတော့မည်။ ဤကား သူ့စိတ်ကူး။

သူသည် စီလူရိန်ရှိနေမည်ဟုထင်နေသော စံတော်အိမ်ဆီသို့သာ မြင်းကိုအပြင်းနှင်နေသည်။



လမ်းခရီး၌ ကျင်ကျွမ်းစစ်သည်များနှင့် ဟန်ဝမ်စစ်သည်များကို တွေ့နေရသည်။ ရင်မဆိုင်တော့ချေ။ စံတော်အိမ်သို့သာ ဦးတည်ပြီး စိုင်းနှင်လာသည်။

"ခွပ်....ခွပ်....ခွပ်"

"ခွပ်....ခွပ်....ခွပ်"

မြင်းခွာသံမှာ မိုးသံတဖြောက်ဖြောက်ကြား၌ ထွက်ပေါ်နေခဲ့၏။

မကြာမီ လျော်ချန်းသည် စံတော်အိမ်ဆီသို့ ရောက်ရှိလာ၏။ စံတော်အိမ်ဆီသို့ လှမ်းကြည့်လိုက်ရာ မီးရောင်ကို မြင်တွေ့ရသဖြင့် ဝမ်းသာသွား၏။

"အင်း....ငါထင်တဲ့အတိုင်းပဲ ငါ့ကို စောင့်နေရှာတယ်၊ အင်း-မြန်မြန်ဝင်မှ"

အစောင့်မရှိသည့် စံတော်အိမ်ဝင်းအတွင်းသို့ လွှားခနဲ ခုန်ဝင်သွား၏။

"ကျုပ်ပြန်လာပြီ စီလူရိန်ရေ"

နှုတ်မှအသံထွက်သွားမိ၏၊ အမြင်စကြံလမ်းမှ လျှောက်ဝင်သွား၏၊ သူ့အခန်းသို့ရောက်သောအခါ လျော်ချန်း အံ့အားသင့်သွားသည်။

အဘယ်ကြောင့်ဆိုသော် ခုံတစ်လုံးတွင် ဓားတစ်လက်ဖြင့် ထိုင်စောင့်နေသော တိန်စွန်ချန်ကို တွေ့လိုက်ရသောကြောင့်တည်း။

တိန်စွန်ချန်ရှိရာသို့ လျင်မြန်စွာ လျှောက်လာလေ၏။ အပြေးတစ်ပိုင်းလျှောက်လာခြင်းဟု ခေါ်ဆိုရပေမည်။

သူသည် တိန်စွန်ချန်အား အငမ်းမရ မေးလိုက်လေသည်။

"စီလူရိန်ကော"

"အခန်းထဲမှာ"

တိန်စွန်ချန်၏ ပြောသံကြောင့် လျော်ချန်း သက်ပြင်းချမိသည်။ စီလူရိန် ဤစံတော်အိမ်၌ ရှိမနေမည်ကို စိုးရိမ်ခဲ့သည် မဟုတ်ပါလော။

စိုးရိမ်မှုမှာ အလကားဖြစ်နေသည်။ အခန်းတံခါးဖွင့်ရန် လက်လှမ်းလိုက်၏။

လက်လှမ်းလိုက်သည်နှင့် ဓားကလက်အကြားသို့ရောက်လာ၏။ တိန်စွန်ချန်၏ ဓားဖြစ်သည်။ လျော်ချန်းသည် တိန်စွန်ချန်ကို ကြည့်လေသည်။ ဘာသဘောနှင့် တားသနည်းဟူသည့်အကြည့်ဖြင့် မေးလိုက်၏။ တိန်စွန်ချန်က....

"ဒါဟာ ခင်ဗျားရဲ့ အိပ်ခန်းမဟုတ်တော့ဘူး လျော်ချန်းရဲ့"

"အေး-ငါ့အခန်းမဟုတ်တဲ့ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် ငါ့မိန်းမကတော့ အခန်းထဲမှာရှိနေတယ်"

တိန်စွန်ချန်က လေးနက်စွာ ပြောလေ၏၊ သူသည် ဟန်ဆောင်၍ပြောနေခြင်း မဟုတ်ပေ။

"မှန်တယ်၊ ဒါပေမယ့် ကျုပ်ဟာမိတ်ဆွေကောင်းတစ်ယောက်ပါ၊ ကျုပ်ရဲ့နှမကို ကန္တာရထဲမှာ ခြေသလုံးအိမ်တိုင်ဖြစ်မှာကိုတော့ ကျုပ်ခွင့်မပြုနိုင်ပါဘူး၊ နောက်ပြီး ကျုပ်နှမဟာ ကန္တာရသူ မဟုတ်ပါဘူး၊ ကန္တာရထဲမှာ



နှစ်ရှည်လများ မနေနိုင်ပါဘူး၊ ကျုပ်နှမကို သောင်ပြင်မှာ လွှတ်တဲ့ခွေးလိုဖြစ်မှာကိုတော့ ကျုပ်ကြည့်မနေနိုင်ပါဘူး၊ ကျုပ်ကာကွယ်ရမှာပါ"

လျော်ချန်းသည် ထောင်းခနဲဒေါသထွက်သွား၏၊ တိန်စွန်ချန်သည် သူ့ကိုရေတွင်းထဲမှ ဆယ်ပြီး အသက်ကယ်တင်ဖူးသည်။

* * *

ထို ကျေးဇူးကို ထောက်ထားပြီး ဒေါသကို မျိုသိပ်ထားလိုက်ရသည်။

"ဒါငါ့အိမ်ထောင်ရေး ကိစ္စပါ၊ မင်းရဲ့အိမ်ထောင်ရေး မဟုတ်ပါဘူး၊ မင်းဝင်ပြီး အဆုံးအဖြတ်ပေးစရာ မလိုပါဘူးကွ"

"ဟာ....ဒါတော့ ခင်ဗျားမှားနေပြီ၊ ပိုးဖလံဆိုတာမီးကို တိုးတဲ့အမျိုးပဲ၊ ဒီပိုးဖလံကို ကယ်တင်ချင်ရင် သူ့ကို မီးနဲ့ဝေးရာကို ပို့ပေးရတယ်ဗျ၊ ဒီသဘောပဲ"

"မင်းဘယ်လိုကောင်လဲ၊ ငါတို့လင်မယားကြားမှာ ကယ်တင်ရှင်လဲမလိုဘူး၊ တရားသူကြီးလဲမလိုဘူး၊ ဘယ်ကြားလူမှ မလိုဘူး၊ ကြားဝင်လာရင် ရန်သူလို့ပဲ သတ်မှတ်ရမယ်၊ ဖယ်စမ်း"

လျော်ချန်းသည် တိန်စွန်ချန်၏ဓားကို ပုတ်ထုတ်လိုက်သည်။

"ဒီလိုဆိုရင်လဲ ခင်ဗျားသဘောပေါ့၊ ကျုပ်မသေသရွေ့တော့ ခင်ဗျားအခန်းထဲ ဝင်ခွင့်မရနိုင်ဘူး၊ ကျုပ်ကို သေအောင် တိုက်ပေတော့"

တိန်စွန်ချန်က ဓားကို ထုတ်လိုက်၏။

"မင်း စတိုက်ပေတော့"

လျော်ချန်းက ပြောသည်။

ထို့နောက် ဆက်၍....

"မင်းကို ငါမတိုက်ဘာက မင်းဟာ ငါ့အသက်ကို ကယ်ဖူးတဲ့လူ ဖြစ်နေလို့ပဲ၊ ကဲ....စတိုက်ပေတော့"

လျော်ချန်းက သူ၏ဓားကိုထုတ်လိုက်၏။ထိုအခါ တိန်စွန်ချန်က စတင်တိုက်ခိုက်တော့သည်။

"ဝှစ် ဝှစ်"

"ဒိုး ဒိုး"

ဓားပြိုင်ပွဲက စတင်လေပြီ။

တိန်စွန်ချန်၏ ဓားချက်များက လေထဲ၌ဖြတ်ကာ လျော်ချန်း ဆီသို့ တိုးဝင်သွားသော်လည်း လျော်ချန်းက ဓားကို ရိုက်ထုတ်လိုက်သည်။

လျော်ချန်းက ထပ်မံဆိုးသွင်းလိုက်သောအခါတွင် တိန်စွန်ချန် ရှောင်တိမ်းပေးပြန်သည်။

သူတို့၏ဓားချက်များသည် လေကိုခုတ်ခွဲလိုက်၊ ဓားချင်းရိုက်ခတ်လိုက်ဖြင့် အပြန်အလှန် တိုက်ခိုက်နေသည်။



"ဝှစ် ဝှစ်"

"ဒိုး...."

"ထန်း....ထန်း....ထန်း"

လျော်ချန်းမှာ ဓားရေးကောင်းလှသော်လည်း ဓားကွက်များကို အကုန်မထုတ်ချေ။

တိန်စွန်ချန်မှာလည်း ဓားရေး ထက်မြက်သူပင်။

ထို့ကြောင့် လျော်ချန်း၏ တော်ရုံတန်ရုံ ဓားကွက်များကိုမူ ရှောင်တိမ်းနိုင်သည်။

သူတို့သည် အခုန်အပျံများဖြင့် တိုက်ခိုက်နေကြလေသည်။

လေထဲ၌ ဓားချက်များကို ရှောင်တိမ်းကြသည်။

အသည်းယားစဖွယ်ပင်။

တစ်ချက်တစ်ချက်တွင် လျော်ချန်း၏ ဓားချက်များသည် အလွန်ပြင်းထန်လှ၏။

ထိုအခါတွင် တိန်စွန်ချန် လည်မျိုပြတ်ပြီလား၊ ရင်ဝစူးပြီလား ထင်မှတ်ရသည်။

မည်သို့ပင်ဖြစ်စေ ဓားသိုင်းပညာအရာ၌ လျော်ချန်းက တိန်စွန်ချန်ထက် [illegible]ကိုတော့ သိသာပေသည်။

တိန်စွန်ချန်သည် လျော်ချန်း၏ ဓားချက်များကို ပွတ်ကာသီကာ ရှောင်ထွက်သွားနိုင်သည်။

လျော်ချန်းက ဓားပညာအရ သာသော်လည်း တိန်စွန်ချန်သည် ကပ်၍ကပ်၍ ရှောင်တိမ်းနိုင်သဖြင့် သူ့ဓားပညာလည်း မညံ့လှကြောင်း သိနိုင်ပေသည်။

တစ်ချီတစ်ချီတွင် တိန်စွန်ချန်၏ တန်ပြန်ဓားချက်သည် လျော်ချန်း၏ ရင်ဘတ်ကျယ်ကြီးကို ထိုးသွင်းတော့မည်ဟု ထင်မှတ်သည်။

သို့သော်....

တကယ်တော့ မထိုးသွင်းနိုင်ပေ။ လျော်ချန်းသည် အလွန်လျင်မြန်လှ၏။

သူသည် လှစ်ခနဲလှစ်ခနဲ ရှောင်တိမ်းနိုင်သည်။ တိန်စွန်ချန်၏ ဓားချက်များကိုလည်း လှစ်ခနဲ ရှောင်ထွက်သွားခြင်းဖြစ်သည်။

တိန်စွန်ချန်သည် သူ့ကိုယ်သူ အားမလိုအားမရ ဖြစ်နေသည်။

တကယ်တော့ သူကိုယ်တိုင် သေမင်းနှင့် မျက်နှာချင်းဆိုင်နေရသည့် အဖြစ်ကို မေ့လျော့နေခြင်းဖြစ်သည်။

လျော်ချန်းသည် ကန္တာရထဲနေစဉ်ကပင် သူ့ဘဝသည် ဓားသာဖြစ်သည်။

သူ့နဂိုဗီဇက သူတို့အသက်ရှင်သန်ရန်အတွက် ဓားသည်သာ အားကိုးရာဖြစ်နေခဲ့သည်။

ထို့ကြောင့် ဓားနှင့် ပတ်သက်လာလျှင် လျော်ချန်းကို ဘော်ရုံတန်ရုံ ဓားသမား ယှဉ်၍မရချေ။

ထို့ကြောင့် တစ်ကြိမ်တွင် ကန္တာရမိုးတိမ် ဓားကွက် ထောင်ချောက်အတွင်း တိန်စွန်ချန် ပိတ်မိသွားလေ၏။

ကန္တာရ မိုးတိမ်ဓားကွက်မှာ ဤသို့ဖြစ်သည်။ ရှေ့သို့ နှစ်လှမ်းတိုးပြီး တစ်လှမ်းပြန်ဆုတ်ရသည်။



ထို့နောက် ကိုယ်ကို ယိမ်းနွဲ့၍ ဓားဖြင့် ပက်ထုတ်ခြင်းဖြစ်သည်။

တိန်စွန်ချန်မှာ ဓားကိုင်လက် ပက်ထုတ်ခြင်းခံလိုက်ရလေသည်။

"ဝှစ်"

"အား"

"ဒေါက်"

တိန်စွန်ချန်၏လက်ဖျံတွင် အနီစင်းကြီးတစ်ချောင်း ထင်သွားပြီး ဓားလွတ်ကျသွား၏။

★

## အခန်း (၅၇)

### ဓာတ်ကြောင်းပြန်

တိန်စွန်ချန်သည် သူ့ဓားကို အရပြန်ယူရန် ဓားရှိရာသို့ ခုန်အုပ်လိုက်သော်လည်း သူ့ထက်ပို၍လျင်မြန်သော လျော်ချန်းက ဓားရှိရာသို့ ရောက်သွားသည်။

တိန်စွန်ချန် ဓားကိုကိုင်မိချိန်တွင် လျော်ချန်း၏ ဓားက တိန်စွန်ချန်၏လည်မျိုကို သောက်ပြီးသား ဖြစ်နေလေတော့သည်။

တိန်စွန်ချန် မလှုပ်သာလေတော့။

လျော်ချန်းက....



"ငါ့ညီ.... မင်းဟာ ငယ်ပါသေးတယ်၊ ငါ့အသက်ကို ကယ်ထားတဲ့ ကျေးဇူးကို ထောက်ထားပြီး မင်းကို ငါ မသတ်ပါဘူး"

"ကျုပ်သာနိုင်ရင်တော့ ခင်ဗျားကို မညှာနိုင်ဘူး"

"ဒါကတော့ မဖြစ်သေးတဲ့ကိစ္စပဲ"

ထိုစဉ် အခန်းတံခါးသည် ညင်သာစွာ ပွင့်လာ၏။

စီလူရိန်၏ ဦးခေါင်းသည် ပြူထွက်လာလေ၏၊

သူမသည် မြင်ရသောမြင်ကွင်းကိုကြည့်ပြီး မျက်လုံးပြူးသွားလေ၏။

လျော်ချန်းက တိန်စွန်ချန်၏လည်ပင်းကို ဓားနှင့်ထောက်ထားသည် မဟုတ်ပါလော။

ထိုစဉ် အောက်ထပ်မှ အပေါ်ထပ်သို့ တက်လာသည့် ခြေသံများကို ကြားရသည်။

သူမသည် ချက်ချင်း ဆုံးဖြတ်လိုက်၏။

အခန်းဝ ခုံခုံပေါ်၌တင်ထားသည့် ပန်းအိုးကို ကောက်ကိုင်ပြီး လျော်ချန်း၏ဦးခေါင်းကို ရိုက်ချလိုက်သည်။

"ခွမ်း"

"အား"

"ဝုန်း"

လျော်ချန်း၏မျက်စိထဲ၌ အခိုး မှောင်ကြီး ဖုံးအုပ်သွားလေ၏။

သူ့ခန္ဓာကိုယ်ကြီးသည်လည်း ကြမ်းပြင်ပေါ်သို့ စုန်းခနဲ လဲကျသွားလေ၏။

တိန်စွန်ချန်သည် စီလူရိန်၏ အပြုအမူကို မြင်တွေ့နေရသည်။

စီလူရိန် တံခါးဖွင့်ကြည့်သည်ကိုလည်း မြင်နေရသည်။

ပန်းအိုးနှင့် ရိုက်ချသည်ကိုလည်း မြင်နေရသည်။

သူသည် အလွန်အံ့အားသင့်နေ၏။

သူမသည် ဆက်တိုက်လှုပ်ရှားလာသည်။

တိန်စွန်ချန်၏လက်မှထွက်သော သွေးများကို လျော်ချန်းကိုယ်အား သုတ်လိမ်းစေ၏။

လျော်ချန်း၏လက်မှ ဓားကိုယူ၍ တိန်စွန်ချန်၏ လက်ထဲသို့ ထည့်ပေးသည်။

ထိုစဉ် မြို့စားကြီး စီဘန်ကူးသည် ကသောကမျောနှင့် အပေါ်ထပ်သို့ ရောက်ရှိလာလေ၏။

"သမီး....သမီး"

"ဟင်....ဖေဖေ"

စီလူရိန်သည် စီဘန်ကူးအား ပြေးဖက်လိုက်၏။

ဖခင်ကြီးသည် သမီးကို ဝမ်းနည်းဝမ်းသာ ပြေးပွေ့သည်။

ကျင်ကျွမ်းမြို့စားကြီးသည် စီဘန်ကူးနောက်မှ ပါလာလေရာ တိန်စွန်ချန်အား ဝမ်းသာအားရဖြင့် ပြေးဖက်လေသည်။



"သား....သား....ဘာမှမဖြစ်ဘူးနော်"

"ဟုတ်ကဲ့၊ နည်းနည်းပါးပါးလောက်ပဲ ထိသွားတာပါ ဖေဖေ"

"ဟို....ကန္တာရကောင်ကော သေပြီလား"

ကျင်ကျွမ်းမြို့စားကြီးက လဲကျနေသည့် လျော်ချန်းကို လက်ညှိုးထိုး၍ မေးလေ၏။

ထိုအခါ စီလူရိန်က ကမန်းကတန်း ဖြေလိုက်၏။

"ဟုတ်တယ်ရှင်၊ တိန်စွန်ချန်ရဲ့ လက်ချက်နဲ့ သေသွားပါပြီ"

တိန်စွန်ချန်က သူမအား လှမ်းကြည့်လိုက်၏။

သူမက တိန်စွန်ချန်ကို ပြုံးပြသည်။

"အေး....ကောင်းတယ်....ကောင်းတယ်၊ ဒီအရိုင်းကောင်ဟာ တော်တော်ဓားစွမ်းထက်တယ်လို့သိရတယ်၊ ဒီကောင်ကို တိန်စွန်ချန် နိုင်တယ်ဆိုတော့ တော်တော့ကို တော်တယ်လို့ ဆိုရမယ်"

စီဘန်ကူးက တိန်စွန်ချန်ကို ချီးကျူးလိုက်၏။

ထိုအခါ ကျင်ကျွမ်းမြို့စားကြီးက ဟဟဲဟဲနှင့် ဝင်၍ ပြောလေ၏။

"ဓားစွမ်းထက်ဆို တိန်စွန်ချန်ဟာ ကျုပ်ရဲ့သားပဲဗျာ၊ ဟဲ....ဟဲ"

သူ့ဖခင် တိန်စိန်ဟုတ်၏စကား ကြားသောအခါ တိန်စွန်ချန်က ကျိတ်၍ပြုံးမိလေ၏။

မြို့စားကြီးစီတန်ကုံးက....

"ဟော့....ရဲမက်တွေ၊ ဟောဟို ကျက်သရေ မရှိတဲ့ အလောင်းကြီးကို မြန်မြန်ယူသွားကြစမ်း၊ ငါ့စံတော်အိမ် ကျက်သရေယုတ်တယ်"

"ဟုတ်ကဲ့-မြို့စားကြီး"

ရဲမက်တော်များသည် မြို့စားကြီးကို အရိုအသေပြုပြီး လျော်ချန်းအား မယူသွားကြ၏။

စီလူရိန်မှာ မျက်ရည်စဲစဲဖြင့် လိုက်လံကြည့်ရှုလေ၏။

တိန်စွန်ချန်က စီလူရိန်၏ပခုံးကို လှမ်းဆွဲထားသည်။

သူသတိမပေးလျှင် လျော်ချန်း တကယ်သေပေလိမ့်မည်။

မြို့စားကြီး စီတန်ကုံး သက်ပြင်းချပြီး ပြောလိုက်သည်။

"အင်း....ခုမှပဲ ငါ့သမီးအတွက်စိတ်အေးရတော့တယ်"

စီတန်ကုံးသည်မျက်ရည်စများကိုတွေ့သဖြင့် အံ့သြသွားသည်။

"ဟင်....သမီး မျက်ရည်ကျနေတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ သမီးရယ်"

"ဟုတ်ပါတယ်ဖေဖေ၊ ဖေဖေနဲ့ ပြန်တွေ့ရလို့ ဝမ်းသာလွန်းလို့ပါဖေဖေရယ်၊ ဟင့်-ဟင့်"

တိန်စွန်ချန်သည် စီလူရိန် မျက်ရည်ကျနေသည်ကိုသဘောပေါက်၏။



စီတန်ကုံးနှင့် ကျင်ကျွမ်းမြို့စားကြီး တိန်စိန်ဟုတ်တို့မှာ ဘာမျှမသိဘဲနှင့် ပြုံးနေကြလေ၏။

စီတန်ကုံးက....

"ဖေဖေတို့ မင်းတို့ကို ချုပ်နှောင်ထားတယ်ဆိုတဲ့ ရေတွင်းနေရာကို သွားကြည့်တော့ မင်းတို့နှစ်ယောက်စလုံးကို မတွေ့ရတော့ဘူး....

"ဖေဖေတို့လဲ စိတ်ပူသွားတယ်၊ ဒါနဲ့စိုးရိမ်ပြီး တစ်မြို့လုံးအနှံ့ လိုက်ရှာကြတာပဲ၊ မတွေ့လို့ စိတ်ပျက်ပြီး စံတော်အိမ်ပေါ်-တက်လာကြတာကွ"

တိန်စိန်ဟုတ်ကလည်း....

"ငါကတော့ ငါ့သားအတွက် စိတ်ပူတာပဲဟေ့၊ ငါဒီမြို့ကိုလာတိုက်တာကလဲ ငါ့သားကိုကယ်ဖို့ လာတိုက်တာ၊ အခု ငါ့သား အသက်ရှင်နေတော့ လာတိုက်ရကျိုးနပ်တာပေါ့လေ"

ကျင်ကျွမ်းမြို့စားကြီးက စီတန်ကုံးကို မေးလိုက်၏။

"ဘယ့်နှယ်လဲဗျ၊ ကန္တာရသားတွေအားလုံး ရှင်းလင်းသွားပြီလား"

"ရှင်းသွားပါပြီဗျာ"

မြို့စားကြီးစီတန်ကုံးက ဖြေကြားလေ၏။

ကျင်ကျွမ်းမြို့စားကြီးက....

"မင်း ဘယ်လိုလွတ်မြောက်သွားတာလဲ သားရဲ့၊ ပြောစမ်းပါဦး"

"သားလွှတ်သွားပုံကတော့ ဟော်တော်ထူးဆန်းတယ်၊ သိကြားမင်း ကယ်မတာပါပဲ ဖေဖေရာ"

"ဘာ ပြောတယ်၊ သိကြားမင်းကယ်တယ် ဟုတ်လား"

ကျင်ကျွမ်းမြို့စားကြီးနှင့် ဟန်ဝမ်မြို့စားကြီးတို့မှာ အံ့ဩသွားကြလေ၏။

ထိန်စွန်ချန်က ပြုံးလိုက်သည်။

ကျင်ကျွမ်းမြို့စားကြီးက....

"ကြံကြံဖန်ဖန်ကွာ၊ မင်းလက်ထက်ကျမှ သိကြားမင်း ကယ်တယ်လို့ ကြားဖူးတယ်"

စိတန်ကူးက....

"ဟုတ်ရဲ့လားသမီး"

စိတန်ကူးက သမီးဖြစ်သူအား မေးလိုက်၏။

သူသည် တိန်စွန်ချန်ပြောနေသည့် စကားများကို နောက်ပြောင်ပြောနေသည်ဟု ထင်မှတ်နေသည်။

"ဟုတ်ပါတယ် ဖေဖေ"

"ဟေ"

"တကယ်ပါ ဖေဖေ၊ သူ့ကို ကောင်းကင်နတ်ဘုရား တစ်ပါးပါးက ကယ်လိုက်တာပါ"

"ပြောစမ်းပါဦးကွာ၊ ထူးထူးဆန်းဆန်း"

ကျင်ကျွမ်းမြို့စားကြီးက စိတ်ဝင်စားစွာမေးလိုက်သည်။

"ဒီလိုပါ ဖေဖေ"

တိန်စွန်ချန်က အစချီပြီး....



"မိုးရေတွေ အရှိန်ရှာနေတဲ့အချိန်မှာ သူလဲ ကြိုးချည် အထုပ်နှောင် ခံထားရတယ်၊ ကျွန်တော်လဲ ကြိုးချည်ပြီး အထုပ်နှောင်ခံထားရတယ်၊ အဲဒီလိုရပ်နေတုန်း လျှပ်ပန်း လျှပ်နွယ်တွေလက်ပြီး မိုးကြိုးပစ်တော့တာပဲ"

"ဘယ်သူ့ကို ပစ်တာလဲကွာ"

"မသိဘူး၊ ပစ်တော့ပစ်တာပဲ၊ စီလူရိန်လဲ မေ့သွားတယ်၊ ကျွန်တော်လဲ မြေကြီးပေါ် ပစ်ကျသွားတာပဲ၊ ကြည့်လိုက်တော့ ပေါက်ကသံကြိုးတွေဟာ မိုးကြိုးထိမှန်ပြီး ပြတ်တောက်ကုန်တယ်၊ ဒီလိုနဲ့ ကျွန်တော် အနှောင်အဖွဲ့က လွတ်သွားတာပဲ"

"အိုး....ဟုတ်တာပေါ့၊ မင်းကို သိကြားမင်း ကယ်လိုက်တာပေါ့၊ မှန်တယ် ပေါ့သား"

တိန်စွန်ချန်သည် ဈော်ချန်းကို ကယ်တင်ခဲ့သည့် အကြောင်း ထည့်မပြောပေ။

ထိုအတွက် စီလူရိန်က တိန်စွန်ချန်ကို လွန်စွာကျေးဇူး တင်လေ၏။

## အခန်း (၅၈)

### ကန္တာရသူရဲကောင်း၏နိဂုံး

လျော်ချန်းမှာ သတိမေ့မြောနေရာမှ ပြန်လည်သတိရသောအခါ လူသေများ စုပြုံတင်သွားသည့် မြင်းလှည်းတစ်စီးပေါ်သို့ ရောက်ရှိနေကြောင်း တွေ့ရှိရလေ၏။

သူ့အောက်၌ရော သူ့အပေါ်၌ရော လူသေအလောင်းများရှိနေကြောင်း သိလိုက်ရ၏။

ဓားဒဏ်ရာ လက်နက်အမျိုးမျိုးဖြင့် သေဆုံးကြသူများဖြစ်ရာ သွေးများအိုင်ထွန်းနေ၏။

သူ့တစ်ကိုယ်လုံး သွေးများလည်း စိုရွှဲနေသည်။



သူ့ကိုယ်သူ မည်သည့်ဒဏ်ရာရသနည်းဟု ပြန်လည်ဆန်းစစ်ကြည့်သောအခါ ခန္ဓာကိုယ်အနှံ့၌ မည်သည့်ဒဏ်ရာမျှ မရရှိဘဲ ချိုစောင်း၌ ဖုတစ်ခုအား စမ်းသပ်မိသည်။

တစ်စုံတစ်ယောက်သည် သူ့ကို နောက်မှ ရိုက်ချလိုက်ခြင်းသာ ဖြစ်ရမည်ဟု သူ စဉ်းစားမိသည်။

ရိုက်သူ မည်သူဖြစ်မည်ကိုမူ မသိချေ။

မည်သို့ပင်ဖြစ်စေ....

သူသည် လူသေများထားရာ မြင်းလှည်းပေါ်၌ ရောက်နေခဲ့ရချေပြီ။

သူသည် ဦးခေါင်းကို မော့ကြည့်လိုက်ရာ ဝတ်စုံနီဝတ်ထားသော ရဲမက်တော်တစ်ဦး လှည်းမောင်းနေသည်ကို တွေ့လိုက်ရလေ၏။

ဤမြင်းလှည်းမှာ သင်္ချိုင်းသို့သွားနေသည့် မြင်းလှည်းဖြစ်ရမည်ဟု လျော်ချန်း တွေးမိသည်။

သွားနေစဉ် ခုန်ချထွက်ပြေးပါက လမ်း၌ ရဲမက်အချားအပြားနှင့် တွေ့နိုင်သည်။

သူသည် တွေ့သည့်ရဲမက်တိုင်းကို မသတ်နိုင်။

နောက်ဆုံး ရဲမက်တစ်ဦးဦး၏လက်ချက်ဖြင့် သေဆုံးနိုင်သည်။

သူသည် ခုန်ချထွက်ပြေးရန် အကြံအစည်ကို ပယ်ဖျက်လိုက်လေ၏။

ထို့ကြောင့် သူ့အပေါ်မှ အလောင်းများကို တွန်းချကာ အလောင်းများ၏အပေါ်ဆုံးမှအလောင်းတစ်လောင်းအဖြစ် လိုက်ပါလာခဲ့သည်။

သူသည် အလောင်းများလိုလေ့လာကြည့်သည်။ ကန္တာရသားများ၏ အလောင်းများချည်း မဟုတ်ချေ။

ကျင်ကျွမ်းရဲမက်များနှင့် ဟန်ဝမ်ရဲမက် အလောင်းများလည်း ရောနှောနေသည်။

သူသည် တွေးရင်း တွေးရင်း မေးခနဲအိပ်ပျော်သွားလေသည်။

ငည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။ ကြမ်းတမ်းစွာ ဆွဲချခံရသောအခါ သူ လန့်နိုးလာသည်။

နံနက် ပေလီဝေလင်းပင် ဖြစ်နေချေပြီ။ အရာရာကို ထင်ရှားစွာ မြင်နေရချေပြီ။

မြင်းလှည်းမောင်းသမား ရဲမက်သည် အလောင်းများကို ဆွဲချနေ၏။

[illegible]ဘူးကိုကိုင်ကာ ရဲမက် လုပ်ပုံကိုင်ပုံကို စောင့်ကြည့်နေသည်။

ဆွဲချနေသည့် ရဲမက်သည် သုဘရာဇာကို မျက်စောင်းထိုးပြီး လှမ်းပြောသည်။

"ဟော့...သုဘရာဇာ၊ ငါလုပ်နေတာ ကြည့်ကောင်းနေသလား၊ နည်းနည်းပါးပါး ဝိုင်းကူဦးမှာပေါ့"

သုဘရာဇာက မဲ့ရွဲ့လျက်...



"ဟေ့...ရဲမက်ရဲ့၊ ငါပြောပါရစေဦး၊ ငါ့ဘူးတူးတဲ့အခါ မင်းပါဝိုင်းကူ တူးပေးဦးမှာလား"

"ဟာ...ဒါတော့...."

"အေး...မင်းတောင် ငါ့အလုပ်ကို မကူချင်တာ၊ ငါကလဲ မင်းအလုပ်ကို ဘယ်ကူချင်ပါ့မလဲကွာ၊ မင်းပဲကြည့်စမ်းပါဦး၊ အလောင်းတွေက အများကြီး၊ ဒီအလောင်းတွေကိုငါက ကျင်းတူးပြီး မြှုပ်ရမှာ၊ မင်းအလောင်းတွေကို ဆွဲချရတာထက် ပင်ပန်းပါတယ်ကွာ"

ရဲမက်သည် ဘာမျှမပြောနိုင်တော့ပေ။

သုဘရာဇာ၏ပြောစကားက မှန်နေသည်ကိုး။ သူဆွဲချနေသည်မှာ ကျင်ကျွမ်းနှင့် ဟန်ဝမ်ရဲမက်များ၏အလောင်းများသာ ဖြစ်တော့သည်။

ကန္တာရသား လျော်ချန်းမှာ မှားယွင်းပြီး ဆွဲချခံရခြင်း ဖြစ်သည်။

ကန္တာရသားများ၏ အလောင်းများကို မြို့တွင်း၌မမြှုပ်ချေ။ မြို့ပြင်၌သာ မြှုပ်နှံရမည် ဖြစ်သည်။

ရဲမက်သည် အလောင်းများကိုဆွဲချပြီးနောက် ကန္တာရသား အလောင်းများကို မြို့ပြင်သို့သယ်ဆောင်ရန် မြင်းလှည်းပေါ်တက်သည်။

သုဘရာဇာက...

"ဟော့...ဟော့ မြင်းလှည်းကို မမောင်းနဲ့ဦး၊ ဒီမှာကန္တာရသား အလောင်းတစ်လောင်း ကျန်နေသေးတယ်ဟ"

ရဲမက်သည် ဆင်းကြည့်လေ၏။ အောက်သို့ကျနေသူမှာ လျော်ချန်းဖြစ်သည်။

"ကဲ....လာဟေ့ သုဘရာဇာ၊ ဒါတော့ မင်းပါ ဆွဲတင်ပေး"

သုဘရာဇာသည်ဘာမျှမပြောတော့ချေ။ဆွဲတင်ပေးလိုက်သည်။

ရဲမက်သည် မြင်းလှည်းကို ဆက်လက်မောင်းသွားလေသည်။

ဤသို့ဖြင့် မြို့တံခါးသို့ ရောက်ရှိလာသည်။ လျော်ချန်းမျက်လုံးမှေးကြည့်လိုက်သောအခါ မြို့တံခါးအနီး၌စစ်သည်များ အများအပြား ရှိနေသည်ကို တွေ့လိုက်ရသဖြင့် စိတ်ထဲ၌ ထင့်ခနဲ ဖြစ်သွားသည်။

စစ်သည်များ အများအပြားရှိနေရမည်။

ညကမှဤမြို့ကို သူတို့စီးမိခဲ့ကြသည် မဟုတ်ပါလော။ စစ်သည်ရဲမက်များ မြို့တံခါးဝ၌ စုရုံးနေသည်မှာ မဆန်းလှပါ။

သို့သော်....

လျော်ချန်းကတော့ ဆန်းပါသည်။ သူ့လွတ်မြောက်ရေးအတွက် စစ်သည်ရဲမက်များနှင့် မတွေ့လေ ကောင်းလေဖြစ်နေပါသည်။

"မြို့တံခါးဖွင့်၊ မသာလှည်း လာတယ်"

ရဲမက်က အော်လိုက်၏။

ထိုအခါ မြို့တံခါးပွင့်သွားသည်။



ရဲမက်များက အလောင်းများကို ကြည့်ကြသည်။

"မောင်းတော့"

မြို့တံခါးစောင့်က ခွင့်ပြုလိုက်သဖြင့် မြင်းလှည်းမောင်းသည့် စစ်သည်ရဲမက်သည် ဆက်လက်၍ မောင်းနှင်လာတော့သည်။

မြို့အပြင်သို့ ရောက်သောအခါ အလောင်းများကို ဆွဲချပြန်လေတော့သည်။

လျော်ချန်းလည်း ဆွဲချခံရလေ၏။

အလောင်းများ ကုန်သွားသောအခါ မြင်းလှည်းသမားရဲမက်သည် မြင်းလှည်းကို မြို့တွင်းသို့ ပြန်လည်မောင်းသွားလေတော့၏။

လျော်ချန်းသည် မြို့တံခါးဝမှ ရဲမက်များကို ကြည့်လေသည်။

မြို့တံခါးသည် ပြန်မပိတ်ချေ။

ရဲမက်များ စုရုံးနေသည်ကိုလည်း တွေ့ရသည်။

တချို့က အလောင်းများ စုပြုံထားသည့်ဘက်သို့ ကြည့်နေသည်။

လျော်ချန်းမှာ မလှုပ်ရဲချေ။

ရဲမက်များ စုပြုံလိုက်လျှင် သူ မလွတ်နိုင်တော့ပေ။ ညအချိန် စောင့်ရန်မှာလည်း မဖြစ်နိုင်ပြန်ချေ။

ယခုမှ နံနက်ခင်း ဖြစ်သေးသည်။ အချိန်များစွာ စောင့်ရပေမည်။

နောက်ဆုံး သူသည် မတင်သာတော့သဖြင့် ကုန်းကုန်းကွကွ ထလိုက်၏။

သူထ်ဆိုးပေသည်။ စစ်သည်တစ်ဦးသည် အလောင်းများကို ကြည့်နေသူဖြစ်၏။

"ဟေ့....ဟေ့၊ ဟိုမှာကန္တာရသားတစ်ယောက် မသေသေးဘူးဟေ့၊ ထိုက်ကြ၊ သတ်ကြ"

လျော်ချန်းမှာ လှည့်မကြည့်အားတော့ချေ။ ဓဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးရ လေတော့၏။ လျော်ချန်း ထံဆိုးသည်မှာ အမှန်ပါ။

ထိုစစ်သည်များထဲ၌ လေးသည်တော်ကိုးယောက် ပါရှိနေသည်။

လေးသည်တော် ကိုးယောက်တွင် လေးယောက်က ဒူးထောက်ထိုင်ပြီး ငါးယောက်က မတ်တတ်ရပ်၍ လေးညှို့ကို ဆွဲတင်ကြသည်။ ထို့နောက် မြားများကို ပစ်လွှတ်ကြလေသည်။

"ဝှီး....ဝှီး....ဝှီး"

"ဝှစ်....ဝှစ်....ဝှစ်"

မြားတံများသည် လေထုကိုခွင်း၍ လျော်ချန်း၏ကျောပြင်ကို ဝင်သွား၏။

လျော်ချန်းရှောင်ပါသည်။ သို့သော် လက်နက်မရှိသော လျော်ချန်းသည် မြားများကို မရှောင်နိုင်တော့ချေ။

"အား...."



သူသည် ပြေးရင်း မြေပြင်သို့ စိုက်ကျသွား၏။ သူသည် ယောင်ယမ်း၍ ရေရွတ်လိုက်၏။

"စီလူရီနဲ့....အချစ်"

ထိုစကားတစ်လုံးမျှသာ ပြောနိုင်ပြီး လျော်ချန်း အသက်သေဆုံးသွားတော့၏။

ကန္တာရ သူရဲကောင်း၏ နိဂုံးချုပ်မှာ အကျဉ်းတန်လှချေတကား....။

သူသည် ကန္တာရသား မျိုးဆက်များကို စောင့်ရှောက်ရန် တာဝန်မယူနိုင်တော့ပါ။ သူသေဆုံးသွားသည်ကိုလည်း မည်သူမျှ မသိချေ။

သူ့ကို ကန္တာရသားတစ်ဦးအဖြစ် ထင်မှတ်နေကြသည်။ နောက်ဆုံး၌ ဟန်ဝမ်မြို့နောက် ကန္တာရသား တစ်ဦးတလေမျှ အသက်ရှင်လျက် ဤမြို့မှ မထွက်ခွာနိုင်တော့ချေ။

## အခန်း (၅၉)

### ကန္တာရမျိုးဆက်

မိုးစက်မိုးပေါက်များ တဖြောက်ဖြောက် ရွာသွန်းနေ၏။ လေကလည်း တစ်ချက်တစ်ချက် တိုက်ခတ်နေသည်။

စံအိမ်တော်အတွင်း၌ သမီးငယ်ကလေးတစ်ဦး ဆော့ကစားနေလေသည်။

သမီးကလေးကစားနေသည်ကို ဖခင်ဖြစ်သော တိန်စွန်ချန်နှင့် မိခင် စီလူရိန်တို့သည် ဖေးမနေကြ၏။

မြို့စားကြီး စီတန်ကုံးမှာ ကုလားထိုင်၌ထိုင်လျက် သမီး၊ သမက်နှင့် မြေးမလေးကို ပြုံး၍ကြည့်ရှုနေ၏။



သူသည် လွန်ခဲ့သော မိုးသည်းထန်စွာ ရွာသွန်းနေသည့် ညများကို ပြန်လည်သတိရနေ၏။

ထိုညများ၌ သူသည် ဤသို့ ပြုံးနေနိုင်သည်မဟုတ်ပေ။

ကန္တာရသားများကြောင့် မြို့လည်း လက်လွတ်ဆုံးရှုံး၊ သမီးလည်း ဆုံးရှုံးနေရသည်။

ကန္တာရသားများ ဤသို့ သူတို့အပေါ် မုန်းတီးစေရန် သူက လုပ်လိုက်မိသည်။ သစ္စာမဲ့ခဲ့မိသည်။

ထိုအတွက် သူသည် စိတ်ဆင်းရဲမှုများဖြင့် ပေးဆပ်ခဲ့ရလေသည်။

သူ၏ ဟန်ဝမ်မြို့သူမြို့သားများမှာ အဆိုးဆုံး ဝေဒနာ ခံစားခဲ့ရသူများ ဖြစ်သည်။

ကန္တာရသားများအောက်၌ ကျီးလန့်စာစား နေခဲ့ကြရသည်။

သူသည် ဤအဖြစ်များကို ဖယ်ရှားပြီး ဟန်ဝမ် မြို့သူမြို့သားများကို တရားနှင့်အညီ အုပ်ချုပ်တော့သည်။ ဤကား မြို့စားကြီး၏ ပြောင်းလဲမှုတည်း။

သူ ဤသို့ ဟန်ဝမ်မြို့စားအဖြစ် ပြန်ရောက်ခဲ့သည်မှာ ကျင်ကျွမ်းမြို့စားကြီး၏ကျေးဇူးကြောင့်ဖြစ်သည်။ ကျင်ကျွမ်းမြို့စားကြီးသာ မကူညီလျှင် သူသည် ဟန်ဝမ်မြို့ကို မည်သို့မျှ ပြန်လည်ရရှိတော့မည် မဟုတ်ချေ။

သူသည် ကျောင်းကျွမ်း မြို့စားကြီး ကျူင်လာသောအခါ အကျဉ်းခံနေရသည့် သူ့သားအား ငါးစာအဖြစ် ပြောဆိုခဲ့ရသည်။ ကျောင်းကျွမ်းမြို့စားကြီးသည် သားဖြစ်သူ အကျဉ်းသားဖြစ်နေသဖြင့် သားဖြစ်သူအား ကယ်တင်ရန် သူ့ဘဝကြီးဖြင့် ကူညီချီအက်တိုက်ခိုက်ပေးခဲ့သည်။

အကယ်သော့ သားအတွက် တိုက်ခိုက်ရသောလည်း ကန္တာရသားများ၏ သေနင်္ဂဗျူဟာကြောင့် တပ်သားဝက်ဝက်မျှ ကျဆုံးခဲ့ရသည်။

သောင်ချီသောဘက်ကြီးသည် ငါးရာချုသာ ကျန်ရှိတော့သည်။ ကန္တာရသားများ၏ တိုက်ခိုက်မှုကြောင့် လည်းကောင်း၊ ရောဂါ ဖိစီးနှိပ်စက်၍ တပ်သားများ မိတ်စဉ်မှုကြောင့်လည်းကောင်း ဤသို့ စစ်သည်ရဲမက်များ နည်းပါးခဲ့ရခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကျောင်းကျွမ်းမြို့စားကြီး အောင်ပွဲဆင်ခဲ့ရသဖြင့် ဆုံးရှုံးမှုများကို ထေမိကာမိဖြစ်နိုင်သည်ဟု ဆိုနိုင်ပေသည်။

ဤကိစ္စအတွင် ကျောင်းကျွမ်း မြို့စားကြီး သာမက သားဖြစ်သူ တိန့်စွန်ချန်၏ အကူအညီမပါလျှင် ဤအတိ ဖြစ်လာခဲ့မည် မဟုတ်ပေ။

ထို့ကြောင့် သူသည် သမက်ဖြစ်သူ တိန့်စွန်ချန်ကိုမည်း လွန်စွာကျေးဇူးတင်နေလေ၏။



မြို့စားကြီးစီတန်ကုံးက....

“အင်း...ကန္တာရသားတွေ ဟန့်ဝမ်မြို့ကိုသိမ်းပိုက်သွားတဲ့အချိန်တွေတုန်းက ငါ့အဖို့ အိပ်မက်ဆိုးကြီးတွေ မက်နေရတဲ့အချိန်ပဲပေါ့ကွာ၊ ဒီကန္တာရသား လျော်ချုန်းဆိုတဲ့ကောင်ကို တိန့်စွန်ချန်သာ မသတ်ခဲ့ရင် ကန္တာရသားတွေဟာ ငါတို့ကို ဆက်ပြီးဒုက္ခပေးနေဦးမှာကွ”

တိန့်စွန်ချန်က ခေါင်းငုံ့နားထောင်နေရှာ၏။

“အခုတော့ ကန္တာရမျိုးဆက်ပြတ်သွားအောင် တိန့်စွန်ချန်က သုတ်သင်ခဲ့တယ်၊ သတင်းအရ ကန္တာရသားတစ်ယောက်မှ အသက်ရှင်လျက် လွတ်ထွက်မသွားဘူးလို့ သိရတယ်၊ ကန္တာရမျိုးဆက်ပြတ်သွားတဲ့ သဘောပေါ့ကွာ၊ ဒီကောင်တွေ ငါတို့ဟန်တရုတ်တွေကို စော်ပြီးဒုက္ခမပေးနိုင်တော့ပါဘူး”

ထိုအခါ တိန့်စွန်ချန်နှင့် စီလူရိန်တို့သည် တစ်ဦးနှင့်တစ်ဦး နားလည်သည့်အပြုံးဖြင့် ပြုံးကြည့်မိကြလေ၏။

စီလူရိန်သည် ကလေးငယ်ဂိရှုမေအနီးသို့ တိုးကပ်သွားပြီး တီးတိုးပြောလေ၏။

“ဟုတ်ဘာမှပေါ့ ဘိုးဘိုးရယ်၊ သမီးကလေးက ပြောလိုက်ပါလား၊ ကန္တာရမျိုးဆက်ပြတ်သွားပြီဆိုတာ မဟုတ်ပါဘူးလို့၊ သမီးဟာ ကန္တာရသူရဲကောင်း လျော်ချုန်းရဲ့ သွေးပါလို့၊ သိသွားရင် ဘိုးဘိုး ဆွေ့ဆွေ့ခုန်နေမှာပဲနော်”

ထိုစကားကို မြို့စားကြီး စီတန်ကုံး မကြားပါချေ။ တကယ်တော့ တိန်စွန်ချန်သည် သဘောထားပြည့်ဝစွာဖြင့် ပျော်ချန်း၏ရှင်သွေးယေ်အား မွေးဖွားပြီးမှ စီလူရိန်အား ဇနီးအဖြစ် ပေါင်းသင်းခဲ့ခြင်းဖြစ်သည်။

သူတို့အား ကန္တာရသူရဲကောင်းသည် မည်သို့မျှမနှောင့်ယှက်ဟု သူတို့ ယုံကြည်နေကြပေသည်။

ပြီးပါပြီ။

တက္ကသိုလ်နေဝင်းအောင်